# ရတနာပုံ

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

yadanarbonnews.com

၁၃၈၆ ခုနှစ် ၊ တပေါင်းလပြည့်ကျော်(၆)ရက် ၊ ဗုဒ္ဓဟူးနေ့ ၊ (19-3-2025) ၊ အတွဲ (၃၃) ၊ အမှတ် (၃၂၃)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့်ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## ၅၁ နှစ်မြောက် မွန်ပြည်နယ်နေ့အခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်ထံမှ ပေးပို့သည့် သဝဏ်လွှာ

နေပြည်တော် မတ် ၁၉

၅၁ နှစ်မြောက် မွန်ပြည်နယ်နေ့အခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်ထံမှ ပေးပို့သည့် သဝဏ်လွှာအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

ချစ်ကြည်လေးစားအပ်ပါသော မွန်ပြည်နယ်အတွင်းရှိ တိုင်းရင်းသားမိဘပြည်သူ ညီအစ်ကိုမောင်နှမများခင်ဗျား-

ယနေ့ ၂၀၂၅ ခုနှစ် မတ် ၁၉ ရက်တွင် ကျရောက်သည့် ၅၁ နှစ်မြောက် မွန်ပြည်နယ်နေ့ နေ့ထူးနေ့မြတ်၌ မွန်ပြည်နယ်နှင့် ဒေသအသီးသီးရှိ မွန်တိုင်းရင်းသားသွေးချင်းညီအစ်ကိုမောင်နှမများနှင့် နိုင်ငံတစ်ဝန်းရှိ ပြည်ထောင်စုဖွား တိုင်းရင်းသားပြည်သူများအားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာပါစေကြောင်းနှင့် ကောင်းကျိုးလိုအင်ဆန္ဒများပြည့်ဝကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

မွန်တိုင်းရင်းသားများသည် မြန်မာနိုင်ငံအတွင်းသို့ အစောဆုံးရောက်ရှိနေထိုင်ခဲ့သော လူမျိုးများတွင်ပါဝင်ပြီး ယဉ်ကျေးမှုနှင့်ဗုဒ္ဓဘာသာကို ဦးဦးဖျားဖျားရရှိခဲ့ကြောင်း ရှေးဟောင်းမွန်ကျောက်စာများနှင့် စာပေအထောက်အထားများစွာက

စာမျက်နှာ ၁၈ ကော်လံ ၁

## ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဒုတိယနေ့ အင်္ဂလိပ်စာဘာသာရပ် ဖြေဆို




နေပြည်တော် မတ် ၁၈

၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲကို မတ် ၁၇ ရက်တွင် စတင်ကျင်းပလျက်ရှိရာ ယနေ့တွင် ဒုတိယနေ့အဖြစ် အင်္ဂလိပ်စာဘာသာရပ်ကို တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အခြေခံပညာအထက်တန်းကျောင်းများ၌ ကျောင်းသား၊ ကျောင်းသူများ ဝင်ရောက်ဖြေဆိုလျက်ရှိသည်။

ဦးစွာ စာမေးပွဲဖြေဆိုခြင်းမပြုမီ ဆရာ၊ ဆရာမများက ကျောင်းသား၊ ကျောင်းသူများကို စာမေးပွဲဖြေဆိုခွင့်ကတ်များ မှန်၊ မမှန် စစ်ဆေးခြင်းများနှင့် လိုအပ်သည့်စစ်ဆေးမှုများကို စာမေးပွဲစည်းမျဉ်းစည်းကမ်းများနှင့်အညီ စနစ်တကျဆောင်ရွက်ကြသည်။

စာမျက်နှာ ၁၇ ကော်လံ ၁

ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ အခြေခံပညာအထက်တန်းကျောင်းများ၌ ကျောင်းသား၊ ကျောင်းသူများက ၂၀၂၄ - ၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဒုတိယနေ့တွင် အင်္ဂလိပ်စာဘာသာရပ်ကို စိတ်အေးချမ်းသာစွာ ဖြေဆိုပြီးတွေ့ရစဉ်။




ရတနာပုံ
၂၀၂၅ ခုနှစ် မတ် ၁၉ ရက်

အယ်ဒီတာ့အာဘော်

# စာမေးပွဲအောင်မြင်ထူးချွန်စွာဖြေဆိုနိုင်ရေး အားပေး

ယနေ့လူငယ်များသည် နောင်တစ်ချိန်တွင် နိုင်ငံ့တာဝန်များကို ပခုံးပြောင်းတာဝန်ယူပြီး နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်သွားကြရမည့်သူများဖြစ်သည်။ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတည်ဆောက်ရာတွင် ရုပ်ပိုင်းဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ လူငယ်များအနေဖြင့် အသိပညာ ဗဟုသုတမြင့်မားပြီး၊ စိတ်ပိုင်းဆိုင်ရာဖွံ့ဖြိုးတိုးတက်ရန်လည်းအရေးကြီးသည်။

၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲကို မတ် ၁၇ရက်တွင် မြန်မာစာဘာသာရပ်အား နေပြည်တော်ကောင်စီနယ်မြေအတွင်း မြို့နယ်(၈)မြို့နယ်ရှိ စာစစ်ဌာန ၄၇ ခု၌စာရင်းရှိ ကျောင်းသား ဦးရေ ၅၇၃၀၊ ကျောင်းသူ ၇၁၉၆ ဦး၊ စုစုပေါင်း ၁၂၉၂၆ ဦးတွင် ဖြေဆိုသူ ကျောင်းသား ၅၄၈၄ ဦး၊ ကျောင်းသူ ၇၀၆၈ ဦး၊ စုစုပေါင်း ၁၂၅၅၂ ဦး ဝင်ရောက်ဖြေဆိုလျက်ရှိသည်။ ထို့ပြင် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ခရိုင်၊ မြို့နယ်၊ စာစစ်ဌာန၊ နိုင်ငံခြားစာစစ်ဌာနတို့၌ ဖြေဆိုသူစာရင်းသွင်းအရေအတွက်မှာ ခရိုင်ပေါင်း ၁၀၀၊ မြို့နယ်ပေါင်း ၂၄၃ မြို့နယ်၊ စာစစ်ဌာနပေါင်း ၇၇၀ တို့တွင် စာရင်းရှိ ဦးရေမှာ ၂၀၇၉၁၇ ဦးရှိပြီး လာရောက်ဖြေဆိုသူဦးရေမှာ ၁၉၆၃၃၇ ဦးရှိသည်။ နေပြည်တော်ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ မတ် ၁၇ ရက်တွင် ကျောင်းသား၊ ကျောင်းသူ ဖြေဆိုသူရာခိုင်နှုန်းမှာ ၉၄ ဒသမ ၅၉ ရာခိုင်နှုန်းဖြစ်သည်။

တက္ကသိုလ်ဝင်စာမေးပွဲသည် ကျောင်းသား၊ ကျောင်းသူများအတွက် ဘဝတစ်ဆစ်ချိုးပြောင်းလဲမှုကို အဆုံးအဖြတ်ပေးမည့် မျှတသောပြိုင်ပွဲတစ်ခုဖြစ်သည်။ ပြိုင်ပွဲကာလဖြစ်သည့် စာမေးပွဲဖြေဆိုစဉ်ကာလ အတွင်း ကြိုးစားအားထုတ်မှုဖြင့် ဖြတ်ကျော်ကြရမည်ဖြစ်သည်။ ကြိုးစားအားထုတ်မှုနှင့်ညီမျှသော ချီးမြှင့် မြှောက်စားမှုတို့ကိုလည်း ဆောင်ရွက်ရန် နိုင်ငံတော်၊ တပ်မတော်နှင့် မိဘပြည်သူအပေါင်းက စောင့်ကြို နေသည်ကိုလည်း ဝမ်းမြောက်စွာအသိပေးလိုသည်။

နိုင်ငံတော်ကို ပညာဖြင့်တည်ဆောက်ရန် ပညာတတ်လူ့စွမ်းအားအရင်းအမြစ်များစွာလိုအပ်သည်။ ယနေ့ပညာခေတ်တွင် နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်ရန်အတွက် မျိုးဆက်သစ်ကျောင်းသားလူငယ် များကို ကမ္ဘာ့အဆင့်မီသော၊ ပညာရေးအနှစ်သာရပြည့်မီသော ပညာတတ်လူသားအရင်းအမြစ်များဖြစ် အောင် ပျိုးထောင်ပေးကြရမည်ဖြစ်သည်။ မျိုးဆက်သစ်ကျောင်းသား၊ ကျောင်းသူလူငယ်များ တစ်ဦး တစ်ယောက်ချင်းကစ၍ ထူးချွန်ထက်မြက်ကြမည်ဆိုပါက ကျောင်းသား၊ ကျောင်းသူတို့၏ အနာဂတ်ဘဝ ရည်မှန်းချက်များ ပြည့်ဝစေရုံမျှမက နိုင်ငံတော်အတွက်လည်း အင်အားတစ်ရပ်အဖြစ် ပေါ်ထွက်လာမည် ဖြစ်ပါသည်။

နိုင်ငံတစ်နိုင်ငံ၏ အင်အားသည် ပညာအပေါ်တွင် အခြေခံသည်ဖြစ်ရာ ဗလငါးတန်ပြည့်ဝပြီး အသိ ဉာဏ်ပညာပြည့်စုံထူးချွန်သည့် ကျောင်းသား၊ ကျောင်းသူလူငယ်များသည် နိုင်ငံ၏အင်အား၊ နိုင်ငံ၏ အနာဂတ်များဖြစ်ကြသည်။ ကျောင်းသား၊ ကျောင်းသူလူငယ်တို့၏ ဘဝအောင်မြင်မှုအတွက်လည်း အရာရာတိုင်းတွင် ပညာသည်သာ အခရာဖြစ်သည့်အတွက် ယခုအခြေခံပညာတွင် အဆင့်အမြင့်ဆုံး စာမေးပွဲကြီးကို ထူးထူးချွန်ချွန်အောင်မြင်အောင် ကြိုးပမ်းဖြေဆိုကြပြီး အဆင့်မြင့်ပညာ ဆက်လက် သင်ယူနိုင်ရေးအတွက်လည်း အားပေးတိုက်တွန်းကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ လူငယ်များအနေဖြင့် ပင်ကိုဗီဇကပင် ဉာဏ်ရည်ဉာဏ်သွေးနှင့်ပြည့်စုံပြီး လုံ့လဝီရိယ ရှိသူများဖြစ်ကြ၍ ယခုကဲ့သို့ထူးချွန်စွာအောင်မြင်ကြခြင်းဖြစ်ရာ နောင်တစ်ချိန်တွင် နိုင်ငံတော်အတွက် အားထားရသည့်လူငယ်များဖြစ်အောင် ကြိုးစားသွားကြရမည်ဖြစ်သည်။ မိဘများအနေဖြင့် ထူးချွန် အောင်မြင်သည့် ကျောင်းသား၊ကျောင်းသူများဖြစ်စေရန် ပံ့ပိုးကူညီပေးကြရမည်ဖြစ်ရာ ယခုဖြေဆိုနေ သော၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲကို ကျောင်းသား၊ ကျောင်းသူတိုင်း အောင်မြင် ထူးချွန်စွာဖြေဆိုနိုင်ကြပါစေကြောင်း အားပေးရေးသားလိုက်ရပါသည်။

## ၂၀၂၅ ခုနှစ်၊ နှစ် ၈၀ ပြည့် တပ်မတော်နေ့ ဦးတည်ချက်များ

(က) ဒို့တာဝန်အရေး(၃)ပါးကို အစဉ်အမြဲဦးထိပ်ပန်ဆင်ပြီး တပ်မတော်၏အဓိကလုပ်ငန်းကြီး (၃)ခုဖြစ်သည့် နိုင်ငံတော်ကာကွယ်ရေးတာဝန်၊ လေ့ကျင့်ရေးတာဝန်နှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းတာဝန်များအား ကျရာအခန်းကဏ္ဍမှ အားသွန်ခွန်စိုက် ပါဝင်ဆောင်ရွက်ရေး။

(ခ) နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းပြီး စစ်မှန်သည့်ထာဝရငြိမ်းချမ်းရေး ရရှိရန် ဆောင်ရွက်ရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဦးတည်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံတော်နှင့်နိုင်ငံသားများအပေါ်ကျရောက်လာနိုင်သည့် ဘေးအန္တရာယ်များမှ ကာကွယ်စောင့်ရှောက်ရေး၊ ပြည်သူလူထု၏ လူမှုဘဝလုံခြုံရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဘက်ပေါင်းစုံကကူညီ ဆောင်ရွက်ပေးရေး။

(ဃ) ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီးပေါ်ထွန်းလာစေရေး အရေးပေါ်ကာလ ဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေး တပ်မတော်က လိုအပ်သည်များ ကူညီဆောင်ရွက်ပေးရေး။

# သာစည်မြို့နယ်တွင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နေမှုကို မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင် ကွင်းဆင်းကြည့်ရှု



မန္တလေး မတ် ၁၈

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများလိုက်ပါပြီး မတ် ၁၇ ရက် မွန်းလွဲပိုင်းက မိတ္ထီလာ ခရိုင် သာစည်မြို့နယ်တွင် သာစည် စည်ပင်သာယာပန်းခြံ ပြုပြင်တည် ဆောက်နေမှု၊ ကျွဲတပ်ဆုံကျေး ရွာအုပ်စုအနီး ယာဉ်ရပ်နားစခန်း ဆောက်လုပ်မည့်နေရာနှင့် X-Ray စက်တပ် Mobile ယာဉ်ဖြင့် လုပ်ငန်း ဆောင်ရွက်နေမှုများ ကို ကွင်းဆင်းကြည့်ရှုခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မန္တလေးတိုင်းဒေသ ကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့သည် သာစည်မြို့ရှိ သာစည် စည်ပင် သာယာပန်းခြံသို့ ရောက်ရှိပြီး တာဝန်ရှိသူများက ပန်းခြံတိုးချဲ့ ဆောက်လုပ်မည့် မြေနေရာနှင့် ပြုပြင်မွမ်းမံနေမှုတို့ကို ရှင်းလင်း တင်ပြရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်က အများပြည်သူ စိတ်ကြည်အေးချမ်း စွာ အနားယူအပန်းဖြေနိုင်ရေး၊ မြို့အင်္ဂါရပ်နှင့်အညီ ပန်းခြံဥပမိရုပ် ကောင်းမွန်ရေးတို့ကို အလေး ထား ဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်းပြောကြားပြီး ရှင်း လင်းတင်ပြချက်များအပေါ် ဖြည့် ဆည်းဆောင်ရွက်ပေးခဲ့သည်။

ထို့နောက် မန္တလေးတိုင်းဒေသ ကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့သည် သာစည်မြို့နယ်ရှိ ကျွဲတပ်ဆုံ ကျေးရွာအုပ်စု ကျွဲတပ်ဆုံကျေးရွာ သို့ ရောက်ရှိပြီး ကုန်စည်စီးဆင်းမှု မြန်ဆန်ချောမွေ့စေရေး၊ ခရီးသွား ပြည်သူများ လွယ်ကူသက်သာစွာ သွားလာနိုင်ရေးနှင့် ယာဉ်ပိတ်ဆို့ မှုများ မဖြစ်ပေါ်စေရေးအတွက် X-Ray စက် တိုးချဲ့တပ်ဆင်ရေး ဆောင်ရွက်နေမှု၊ ယာဉ်ရပ်နား စခန်းဆောက်လုပ်မည့် မြေနေရာ နှင့် X-Ray စက်တပ် Mobile ယာဉ် ဖြင့် လုပ်ငန်းဆောင်ရွက်နေမှုများ ကို လိုက်လံကြည့်ရှုပြီး တာဝန်ရှိ သူများ၏ ရှင်းလင်းတင်ပြမှုများ အပေါ် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်က လုပ်ငန်းများ ချောမွေ့စွာဖြင့် အမြန်ဆုံးပြီးစီးစေရေး အလေး ထားကာ ဆက်နွယ်ဌာနများအနေ ဖြင့် လုပ်ငန်းများကြန့်ကြာမှုမရှိ စေရေး ပေါင်းစပ်ညှိနှိုင်းဆောင် ရွက်သွားကြရမည်ဖြစ်ကြောင်း ပြောကြားပြီး လိုအပ်သည်များကို ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက် ပေးခဲ့ကြောင်း သတင်းရရှိသည်။

မျိုးကျော်

# အိမ်မဲမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဖေဖော်ဝါရီလအတွင်း မနောသုခစပါး တင်းရေ ၆၆၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

အိမ်မဲ မတ် ၁၈

ဧရာဝတီတိုင်းဒေသကြီး အိမ်မဲ မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဖေဖော်ဝါရီလအတွင်း မနောသုခ စပါး တင်းရေ ၆၆၀၀၀ ထိ တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း အိမ်မဲ မြို့နယ်မှ ဆန်၊ စပါးရောင်းဝယ် ရေးပွဲရုံပိုင်ရှင် ဒေါ်ကြည်ဆန်းက ပြောပြ၍ သိရသည်။

အိမ်မဲမြို့နယ်မှ ရန်ကုန် ဈေးကွက်သို့ ဇန်နဝါရီလက မနောသုခစပါး တင်းရေ ၄၅၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဖေဖော်ဝါရီ ၁ ရက်မှ ၂၈ ရက်ထိ မနောသုခစပါး တင်းရေ ၆၆၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ပြီးခဲ့တဲ့ ဖေဖော်ဝါရီလ အတွင်း မနောသုခစပါး သီးသန့် တင်းရေ ၆၆၀၀၀ ထိ တင်ပို့ ရောင်းချခဲ့ရပါတယ်။ ပြည်တွင်း ရန်ကုန်ဈေးကွက်ကို စပါးအပါ အဝင် ဒေသထွက်ကုန်သီးနှံ အများစု တင်ပို့ရောင်းချနေတာ ပါ။ မနောသုခစပါးက ဆန်ကြမ်း အုပ်စုထဲမှာပါတဲ့ စပါးအမျိုးအစား ဖြစ်ပါတယ်။ အဲဒီစပါးတွေကို ရန်ကုန်ဈေးကွက်က ဝယ်ယူမှု အားကောင်းနေလို့ တင်ပို့မှု အားကောင်းခဲ့တာ ဖြစ်ပါတယ်။ လက်ရှိလဲ မနောသုခစပါးကို ရန်ကုန်ဈေးကွက်က ဝယ်ယူမှု အားကောင်းနေပါတယ်။ မနော သုခစပါးကို ဆက်လက်ပြီး အများ အပြားဝယ်ယူဖို့ ချိတ်ဆက်မှု တွေ ရှိနေပါတယ်။ ဒီဘက်ကနေ တင်ပို့ ရောင်းချတဲ့အခါမှာလဲ အခက်အခဲမရှိပါဘူး"ဟု အိမ်မဲ မြို့နယ်မှ ဆန်၊ စပါးရောင်းဝယ် ရေးပွဲရုံပိုင်ရှင် ဒေါ်ကြည်ဆန်းက ပြောပြသည်။

အိမ်မဲမြို့နယ်မှ ရန်ကုန် ဈေးကွက်သို့ ဖေဖော်ဝါရီလ အတွင်း တင်ပို့ရောင်းချခဲ့သည့် မနောသုခစပါးတင်းရေ ၁၀၀ လျှင် ငွေကျပ် ၁၆၇၀၀၀၀ ထိ ပေါက်ဈေး ရှိကြောင်း သိရသည်။

ကျော်ကျော်လင်း

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဧဝရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# ဇီးကုန်းမြို့နယ် စမ်းအိုင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ဇီးကုန်း မတ် ၁၈**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် ဇီးကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက စမ်းအိုင်ကျေးရွာ၌ ၁၂ ကြိမ်မြောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးခြင်းကို မတ် ၁၇ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဇီးကုန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးပြည့်ဖြိုးအောင်က စမ်းအိုင်ကျေးရွာရှိ ကျေးရွာတာဝန်ရှိသူများ၊ မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များ၊ အသင်းသား၊ အသင်းသူများနှင့် တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာ စီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ စီမံကိန်းလက်စွဲစာစောင်ပါ အကြောင်းအရာများ၊ ကျေးလက်နေပြည်သူများ ထားရှိရမည့် ကျေးရွာစိတ်ဓာတ်များ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းက စီမံကိန်းစက်ဝန်းကာလနှင့် အတိုးနှုန်းသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက စီမံကိန်းရန်ပုံငွေကျပ် ၅၂ ဒသမ ၀၅ သန်းကို မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် စီမံကိန်းတာဝန်ခံဝန်ထမ်း၏ ကြီးကြပ်ဆောင်ရွက်မှုဖြင့် မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များက စမ်းအိုင်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၃၂ ဦးကို ငွေကျပ် ၂၇ ဒသမ ၆ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၅၃ ဦးကို ငွေကျပ် ၂၄ ဒသမ ၄၅ သန်း၊ စုစုပေါင်း အသင်းသား၊ အသင်းသူ ၈၅ ဦးကို မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၅၂ ဒသမ ၀၅ သန်းကို ထုတ်ချေးပေးခဲ့ကြောင်း ဇီးကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးပြည့်ဖြိုးအောင်ထံမှ သိရသည်။

ကိုညို



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် မန္တလေးမြို့ YGW အဝါရောင်မျိုးဆက်သစ် လူငယ်ပရဟိတအသင်း ၁၃ နှစ်ပြည့်အထိမ်းအမှတ်အဖြစ် ဆေးပဒေသာပင်အတွက် အလှူငွေကျပ် ၅၀၀၀၀၀ လှူဒါန်းရာ ဆေးရုံအုပ် ဒေါက်တာဦးတင်ဝင်းက လက်ခံရယူစဉ်။

# ကန်ကြီးထောင့်မြို့နယ်တွင် ပဲတီစိမ်း ဧက ၁၀၄၀ ရိတ်သိမ်းပြီးစီး ဧကအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းနိုင်ရန် ဆောင်ရွက်လျက်ရှိ



**ပုသိမ် မတ် ၁၈**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကန်ကြီးထောင့်မြို့နယ်တွင် ပဲတီစိမ်း ဧက ၁၀၄၀ ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး ဧကအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းနိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်အေးအေးမူက ပြောပြ၍ သိရသည်။

ကန်ကြီးထောင့်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၂၀၅၆ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးခဲ့သော ပဲတီစိမ်းများကို ယခုနှစ် ဖေဖော်ဝါရီလ ပထမပတ်က စတင်ရိတ်သိမ်းခဲ့ရာ ယနေ့ထိ ဧက ၁၀၄၀ ရိတ်သိမ်းပြီးစီးပြီ ဖြစ်ကြောင်း၊ ထိုသို့ ရိတ်သိမ်းခဲ့သော ပဲတီစိမ်း တစ်ဧကလျှင် ၁၈ ဒသမ ၇၁ တင်း ထိထွက်ရှိခဲ့ကြောင်း သိရသည်။

"ကန်ကြီးထောင့်မြို့နယ်မှာ ဆောင်းသီးနှံစိုက်ပျိုးရာသီ ပဲတီစိမ်း ၂၀၅၆ ဧကထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ စိုက်ပျိုးထားတဲ့ ပဲတီစိမ်းတွေကို ရိတ်သိမ်းနေပြီး ဒီနေ့မှာတော့ ပဲတီစိမ်းဧက ၁၀၄၀ ရိတ်သိမ်းပြီးစီးပြီ ဖြစ်ပါတယ်။ ရိတ်သိမ်းဖို့ကျန်ရှိတဲ့ ပဲတီစိမ်းတွေကို ဆက်လက် ရိတ်သိမ်းနေပါတယ်။ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေနဲ့က မျိုးကောင်းမျိုးသန့်တွေ စိုက်ပျိုးနိုင်ဖို့၊ ပိုးမွှားရောဂါကျရောက်မှုမရှိစေဖို့၊ ရိတ်သိမ်းပြီး ပဲတီစိမ်းတွေ အမိုးအကာအောက် အချိန်မီရောက်ရှိစေဖို့ လိုအပ်တဲ့ နည်းပညာတွေ၊ သွင်းအားစုတွေစတဲ့ အသိပညာပေး လုပ်ငန်းတွေ ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်အေးအေးမူက ပြောပြသည်။

ပဲတီစိမ်းသီးနှံကို အထွက်နှုန်း တိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက နိုင်ငံတွင်း စားသုံးမှုဖူလုံစေရုံမျှမက ပြည်ပသို့ပို့ကုန်အဖြစ်ပါ တိုးတက်ထုတ်လုပ်နိုင်မည် ဖြစ်ကြောင်း၊ ထုတ်လုပ်မှုနှင့် ဈေးကွက်လိုအပ်ချက်ဖြစ်သော ဝယ်လိုအားမျှတလာပါက ကုန်ဈေးနှုန်းတည်ငြိမ်၍ လူမှုစီးပွားဘဝများလည်း မြင့်မား တိုးတက်လာမည်ဖြစ်သဖြင့် စိုက်ပျိုးသီးနှံများ အထွက်နှုန်း တိုးတက်စေရေး ဒေသမရွေး ကြိုးပမ်းကြရမည် ဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်အေးအေးမူက ပြောပြ၍ သိရသည်။

ကျော်ကျော်လင်း

# စလင်းမြို့နယ် တောင်ကန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း စစ်ဆေး

**စလင်း မတ် ၁၈**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ကျေးလက်နေ ပြည်သူများ မိသားစုဝင်ငွေ တိုးပွားလာစေရန်၊ အလုပ်အကိုင်အခွင့်အလမ်းများ ပေါများလာစေရန်၊ မြို့ပြနှင့် ကျေးလက် ကွာဟမှုကို လျှော့ချနိုင်စေရန်ရည်ရွယ်၍ တောင်ကန်ကျေးရွာအုပ်စု တောင်ကန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေဖြင့် လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို မတ် ၁၇ ရက် နံနက်ပိုင်း၌ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် စလင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင် နှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များနှင့်အတူ တောင်ကန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားလုပ်ငန်း ဆောင်ရွက်မှု အခြေအနေများ၊ လစဉ် ဖြည့်သွင်းရမည့် စာရင်းဇယားများ စနစ်တကျဖြည့်သွင်းထားမှုနှင့် စီမံကိန်းဆိုင်ရာညွှန်ကြားချက်များ၊ စည်းမျဉ်း စည်းကမ်းများအပေါ် လိုက်နာဆောင်ရွက်မှု ရှိ၊ မရှိ အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များ ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

အဆိုပါ တောင်ကန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ငွေကျပ် သိန်း ၃၀၀ ဖြင့် စတင်မတည် ဆောင်ရွက်ခဲ့ပြီး ယခုကောဒသမနှစ်စက်ဝန်းတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်ကြသော စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၃၈ ဦးကို ငွေကျပ် ၅၇ သန်းထုတ်ချေးပေးထားကြောင်း သိရသည်။

သန်းသန်းစိုး

# ဟုမ္မလင်းမြို့နယ်တွင် စပါး ၁၁၂၉ ဧက စိုက်ပျိုးပြီးစီး လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့

**ဟုမ္မလင်း မတ် ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းခရိုင် ဟုမ္မလင်းမြို့နယ်တွင် စပါး ၁၁၂၉ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ပြီးလျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း ဟုမ္မလင်းမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဟုမ္မလင်းမြို့နယ်တွင် နွေသီးနှံစိုက်ပျိုးရာသီ၌ စပါးဧက ၁၁၀၀ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် ဇန်နဝါရီလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၁၂၉ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဟုမ္မလင်းမြို့နယ် နွေသီးနှံစိုက်ပျိုးရာသီမှာ စပါးဧက ၁၁၀၀ စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ၁၁၂၉ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ စပါးစိုက်တောင်သူတွေကို စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးတာ၊ ပိုးမွှားကျရောက်မှုကာကွယ်ရေးအသိပညာပေးတာ၊ သီးနှံတွေပျက်စီးဆုံးရှုံးမှုမရှိစေဖို့ ရိတ်သိမ်းပြီး စပါးတွေ အမိုးအကာအောက် အချိန်မီရောက်ရှိဖို့ အသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု ဟုမ္မလင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုထွေးက ပြောပြသည်။

ဟုမ္မလင်းမြို့နယ်တွင် နွေစပါးစိုက်တောင်သူများအနေဖြင့် တစ်ဧကအထွက်နှုန်းတိုးတက်ရေးနှင့် ပန်းတိုင်အထွက်နှုန်းထွက်ရှိရေးအတွက် မျိုးကောင်းမျိုးသန့်များ ဖြန့်ဖြူးခြင်း၊ နည်းပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ တောင်သူပညာပေး သင်တန်းနှင့်ပညာပေးဆွေးနွေးပွဲများ ဆောင်ရွက်ခြင်း လိုအပ်သည့်သွင်းအားစုများ အချိန်မီရရှိရေးတို့ကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

စပါးကို အထွက်နှုန်းကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေသည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးလာမည်ဖြစ်သောကြောင့် စပါးကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရန် ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း ဟုမ္မလင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုထွေးထံမှ သိရသည်။

(၂၀၆)



# ဖိုးကလုန်ဂူဘုရားကျောက်စာနှင့် ပုဂံခေတ်နှောင်းပိုင်းအရေးအသား

**မောင်သာ(ရှေးဟောင်းသုတေသန)**

ပုဂံမြို့ဟောင်း မင်းနန်သူရွာမြောက်ပိုင်းတွင် စေတီပုထိုးများနှင့် ဂူဘုရားများစုစည်းနေသည့် သမ္ဗူလဘုရားစုရှိသည်။ ထိုဘုရားစုအတွင်းရှိ သမ္ဗူလဘုရား၏ အရှေ့မြောက်ဘက်တွင်ရှိသည့် ဂူဘုရားသည် ဖိုးကလုန်ဂူဘုရားဟုထင်ရှား၍ လက်ရှိ ပုဂံစေတီပုထိုးမှတ်ပုံတင်စာရင်းအမှတ် (၄၈၃) ဖြစ်သည်။ ယခင်စာရင်းဟောင်းတွင်မူ ဘုရားအမှတ် (၂၈၂) ဖြစ်သည်။

ဖိုးကလုန်ဂူဘုရားသည် ကြီးမားသော တစ်ထပ်လိုဏ်ဘုရားဖြစ်၍ လိုဏ်အတွင်း၌ အရှေ့ဘက်သို့ မျက်နှာမူထားသည့် ထိုင်တော်မူဆင်းတုတစ်ဆူရှိကာ ဆင်းတုတော်က ပျက်စီးနေပြီဖြစ်သည်။ ဂူဘုရား၏ အရှေ့ဘက် စမုတ်ဆောင်တွင် ၃ ဒသမ ၆ ပေမြင့်သည့် ကျောက်စာတစ်ချပ်ကိုစိုက်ထူထားသည်။ ထိုကျောက်စာသည် ဖိုးကလုန်ဂူဘုရားကျောက်စာဖြစ်၍ အရှေ့ဘက်မျက်နှာတွင် စာကြောင်း ၂၃ ကြောင်းနှင့် ကျောဘက်မျက်နှာတွင် စာကြောင်း ၁၈ ကြောင်း ရေးထိုးထားသည်။ ထိုကျောက်စာသည် ပုဂံခေတ်တွင်ဖြစ်ပွားခဲ့သည့် ကျွန်ပိုင်ဆိုင်မှုအငြင်းပွားချက်တစ်ခုကို ဘုရင်က ဖြေရှင်းဆုံးဖြတ်ပေးသည့် မှတ်တမ်းတစ်ခုဖြစ်သည်။

ပုဂံခေတ်နှောင်းပိုင်း ၁၃ ရာစုတွင် နန်းတက်ခဲ့သည့် ဘုရင်တစ်ပါးဖြစ်သော ကျစွာမင်းကြီး (၁၂၃၅–၁၂၄၉)တွင် မရှက်သည်ဟုအမည်ရှိသည့် အမိသင်တော်တစ်ဦးရှိခဲ့သည်။ မရှက်သည် ကွယ်လွန်ပြီးမှ သူ့အနိစ္စမရောက်မီက လှူဒါန်းခဲ့သည့် ကျွန်များအနက် ကျွန်နှစ်ယောက်ကို ပိုင်ဆိုင်မှု စွပ်စွဲချက်တစ်ရပ်ပေါ်ပေါက်သဖြင့် အခြားအမိသင်တော်တစ်ဦးဖြစ်သူ ပင်ဝှက်သည်က ဘုရင်ကို တိုင်ကြားခဲ့သည်။

ပင်ဝှက်သည်ကို အမိသင်တော်တစ်ဦးဟု ဆိုကြသော်လည်း ကျောက်စာရှေ့ဘက်မျက်နှာ စာကြောင်းရေ ၎င်းတွင် သခင်မင်းမယား ပင်ဝှက်သည်ဟုရေးထိုးထားသည်။ ကျစွာမင်း၏ မိဖုရားနှစ်ပါးသည် စောပုလဲမယ်နှင့် စောမင်းလှတို့ဖြစ်သဖြင့် ကျောက်စာရေးထိုးသူ ပင်ဝှက်သည်က ကျစွာမင်း၏ မိဖုရားမဟုတ်သော်လည်း မိမိကိုယ်မိမိ မင်းမယားဟု တင်စားရေးထိုးခဲ့ဟန်ရှိသည်။

ပုဂံခေတ်သုံးဝေါဟာရ အမိသင်တော်ကို မောင်းမမိသံ၊ နန်းတွင်းအမှုအလုပ်၊ ကိုယ်လုပ်တော်ဟု အဓိပ္ပာယ်ဖွင့်ဆိုသည်။ ပုဂံခေတ် မြန်မာနိုင်ငံသမိုင်းစာအုပ်တွင် ပင်ဝှက်သည်ကို ဆံထုံးသူ၊ သတင်းပေးသည့် အလုပ်ကိုလုပ်ကိုင်သူဖြစ်သည်ဟု ဖော်ပြထားသည်။

ဘုရင်က ထိုပြဿနာကို ဆုံးဖြတ်ချက်ပေးကာ ဖြေရှင်းပေးပြီးနောက် ပင်ဝှက်သည်က ဖြစ်ပျက်ခဲ့သည့်အကြောင်းခြင်းရာကို မှတ်တမ်းတင်၍ ကျောက်စာ ရေးထိုးစိုက်ထူခဲ့သည်။ ကျောက်စာကို ပင်ဝှက်သည်က ရေးထိုးခဲ့သော်လည်း ကျောက်စာပါ စာသားများသည် မရှက်သည်နှင့်ဆက်နွှယ်သည့် အကြောင်းခြင်းရာများသာဖြစ်သောကြောင့် မြန်မာကျောက်စာ စာစုစာရင်းတွင် မရှက်သည်ဂူဘုရားကျောက်စာဟု ဖော်ပြထားသည်။ သို့သော် ကျောက်စာစိုက်ထူထားသည့် ဖိုးကလုန်ဘုရားကို အစွဲပြုလျက် ဖိုးကလုန်ဂူဘုရားကျောက်စာဟူသည့် အမည်က ပိုမိုထင်ရှားခဲ့သည်။

ဖိုးကလုန်ဂူဘုရားကျောက်စာကို မြန်မာနိုင်ငံ တက္ကသိုလ်များတွင် မြန်မာဘာသာအထူးပြု သင်တန်းများ၌ သင်ရိုးကျောက်စာတစ်ချပ်အဖြစ် ပြဋ္ဌာန်းထားသောကြောင့် မြန်မာစာပေနယ်တွင်ပိုမို လူသိများထင်ရှားခဲ့သည်။

**ကျစွာမင်းနှင့် မရှက်သည်**

နားတောင်းများမင်းနှင့် အိမ်တော်သည် မိဖုရားတို့၏ သားတော်ကျစွာမင်း (၁၂၃၅–၁၂၄၉)တွင် ထင်ရှားသော မိဖုရားကြီးသည် ရာဇဒေဝီတစ်ပါးသာရှိကြောင်း ဆွေတော်စဉ်မှတ်တမ်းတွင် ဖော်ပြထားသည်။ သို့သော် ကျောက်စာပါအထောက်အထားများအရ ကျစွာမင်း၏မိဖုရားနှစ်ပါးသည် စောပုလဲမယ်နှင့်စောမင်းလှဖြစ်ကြောင်း ပုဂံမင်းဆက်ရာဇဝင်သစ်တွင်တွေ့ရှိရသည်။ ပုဂံဘုရင်များတွင် မိဖုရားများအပြင် မောင်းမမိသံများလည်းရှိခဲ့ရာ မရှက်သည်သည် ကျစွာမင်း၏ မောင်းမမိသံတစ်ဦးဖြစ်ကြောင်း ယူဆရပေသည်။

**❖ဖိုးကလုန်ဂူဘုရားကျောက်စာတွင် ရေးထိုးထားသည့်အကြောင်းအရာသည် သာမန်ဖြစ်စဉ်တစ်ခုဟုသာဆိုနိုင်သော်လည်း ကျောက်စာရှေ့ဘက်မျက်နှာတွင် ရေးထိုးထားသည့် စာကြောင်း ၁၇ ကြောင်းကြောင့် ဖြစ်ရပ်ဇာတ်ကြောင်းက ထင်ရှားပေါ်လွင်နေခဲ့သည်။ ထို့ကြောင့် မြန်မာစာပါမောက္ခဆရာစောလူက ဖိုးကလုန်ဂူဘုရားကျောက်စာသည် ကျောက်စာပါပုဂ္ဂိုလ်များ သက်ဝင်လှုပ်ရှားနေအောင် ရေးနိုင်စွမ်းသော ကျောက်စာတစ်ချပ်ဟုသုံးသပ်ကာ ကျောက်စာရှေ့ဘက်မျက်နှာတွင် စာကြောင်းရေ ၁၇ ထိ ကျွန်အငြင်းပွားပုံအကြောင်းရေးသားထားပုံမှာ စိတ်ဝင်စားဖွယ်ရာဖြစ်သည်ဟု ဖော်ပြခဲ့သည်။ ❖**

မရှက်သည်သည် ပုဂံရာဇဝင်တွင် ထင်ရှားခြင်းမရှိသော်လည်း နန်းတွင်းအမိသင်တော် ပြဿနာတစ်ရပ်ကို မှတ်တမ်းတင်ရေးထိုးခဲ့သည့် ကျောက်စာအရ မရှက်သည်ကို သိရှိခဲ့ကြသည်။ ထို့အတူ မရှက်သည်နှင့်ဆက်နွှယ်ကာ ရေးထိုးခဲ့သည့်ကျောက်စာသည် ပုဂံခေတ်လူမှုရေးနယ်ပယ်တွင် ဖြစ်ပွားခဲ့သည့် ကျွန်ပိုင်ဆိုင်မှုပြဿနာတစ်စိတ်တစ်ဒေသကို သိရှိခွင့်ရသည့် ထူးခြားသော ကျောက်စာတစ်ချပ်ဖြစ်လာခဲ့ပေသည်။

ကျစွာမင်းကြီး၏ အမိသင်တော်တစ်ဦးဖြစ်သည့် မရှက်သည်က မိဘများထံမှရရှိခဲ့သည့် ကျွန်နှင့်မြေများ၊ ကျေးဇူးတော်ရသော (ဘုရင်က ပေးသနားသည့်) သူမကွယ်လွန်မီ ဂူဘုရားတစ်ဆူတည်၍ ကျွန်နှင့်မြေများကို လှူဒါန်းခဲ့သည်။ မရှက်သည် ကွယ်လွန်ပြီးနောက် ပစ္စပတေ့(ယရည်းယမမ်)၏ မယားဖြစ်သူ အိုကေက မရှက်သည် လှူခဲ့သည့် ကျွန်များအနက် ငဝနှင့် ငလျောင်သည် သူ၏အဖဘက်မှ ကျွန်များဖြစ်သည်ဟုစွပ်စွဲခဲ့ သည်။ (ယရည်းသည် ဆင်ထိန်းဖြစ်သည်။)

ထိုစွပ်စွဲချက်ကို ကြားခဲ့သည့် ပင်ဝှက်သည်က မင်းကြီးကို နားတော်လျှောက်ခဲ့သည်။ မင်းကြီးက မရှက်သည် မသေမီက အရင်မမိန့်ဘဲ မရှက်သည် မရှိတော့မှ အသို့မိန့်သနည်းဟုဆိုကာ ဘုရားသို့ မရှက်သည်လှူခဲ့သော ကျွန်နှင့်မြေကို အနိုင်အထက် ပြုပါက တန်ဖိုးသုံးဆတောင်းစေသတည်းဟု မိန့်တော်မူခဲ့သည်။ ၎င်းမှတ်တမ်းကို ပင်ဝှက်သည်က ကျောက်စာရေးထိုး၍ မရှက်သည် လှူခဲ့သည့် ဘုရားတွင်စိုက်ထူခဲ့သည်။ ပင်ဝှက်သည်က မရှက်သည် လှူခဲ့သည့် ကျွန်နှင့်မြေများ နောက်တစ်ကြိမ် အနှောင့်အယှက်မဖြစ်စေရန် မရှက်သည်၏ မြေနှင့် သခင်သံဃာတို့ရှေ့မှောက်၌ အလှူပြု၍ ကျောက်စာရေးထိုးခဲ့ခြင်းဖြစ်သည်။

**ဖိုးကလုန်ဂူဘုရားကျောက်စာ**

ကျောက်စာရေးထိုး စိုက်ထူသောရက်သည် သက္ကရာဇ် ၆၀၅ ခု၊ စိသနှစ်၊ ဝါဆိုလဆုတ် ၆ ရက်၊ တနင်္လာနေ့ဟု ကျောက်စာရှေ့ဘက်မျက်နှာ ပထမဆုံးစာကြောင်းတွင် ရေးထိုးထားသည်။ ကွယ်လွန်ခဲ့သူ မရှက်သည်၏ ကျွန်နှင့်မြေအလှူကို အခိုင်အမာဖြစ်စေရန် သူကွယ်လွန်ပြီးချိန်တွင် ပိုင်ဆိုင်မှု အငြင်းပွားပြီးမှ ကျောက်စာရေးထိုးခဲ့ခြင်းဖြစ်သည်။

မရှက်သည် မကွယ်လွန်မီက ကျွန်နှင့်မြေများကို လှူခဲ့စဉ် ကျောက်စာအခိုင်အခံ့ရေးထိုးခဲ့ဟန်မရှိသဖြင့် ကွယ်လွန်ပြီးမှ ပိုင်ဆိုင်မှုစွပ်စွဲခြင်းနှင့် ကြုံခဲ့ရသည်။ ထို့ကြောင့် နောင်အခါတွင် အငြင်းပွားမှု ထပ်မံမဖြစ်ပေါ်စေရန် ပိုင်ဆိုင်မှုစွပ်စွဲချက်ကို မင်းကြီးထံ နားတော်လျှောက်ခဲ့သည့် ပင်ဝှက်သည်က အမြော်အမြင်ရှိစွာ အခိုင်အမာသက်သေပြုခဲ့ခြင်းဖြစ်သည်။

ကျစွာမင်းကြီး၏ ဆုံးဖြတ်ချက်ကို စာတော်ချီ အိုခိရှာသင်၊ သခင်စာချီဗိုလ်နှင့် အမိသင်တော်အားလုံးကြားသိကုန်၏ဟု ရေးထိုးထားသည်။ မရှက်သည် မကွယ်လွန်မီက သူ၏အလှူကို စောင့်ရှောက်ရန် မြေးဖြစ်သူ ပုညရစ်ကိုမှာကြားခဲ့သဖြင့် ဘုရင့်အမိန့်ရပြီးနောက်ပြုလုပ်သည့် အလှူသို့ သူကြွယ်ပုညရစ်မိသားစုနှင့် မြေးသူကြွယ်ငါရောက်ခပ်သင်တို့သည် ကျောင်းသို့အညီအညွတ်ရောက်လာခဲ့ကြသည်။ ထိုနေ့တွင် မင်းမယား ပင်ဝှက်သည်နှင့် သခင်စာစီဗိုလ်တို့လည်း အလှူသို့ လာရောက်ကြသည်။

အလှူပွဲသို့ ကြွလာသည့် ရဟန်းတော်နှစ်ပါးထံမှောက်တွင် မရှက်သည်လှူခဲ့သည့် ကျွန်နှင့် မြေများကို ဆောင်နှင်းလှူဒါန်းခဲ့ရာ ရဟန်းတော်တို့က ဝမ်းသာ ချီးမွမ်းခဲ့ကြသည်။ အထက်ပါအကြောင်းအရာများကို စာကြောင်းရေ ၁ မှ ၁၇ ထိ ရေးထိုးထားပြီး လှူဒါန်းသည့်ကျွန်အမည်များကို စာကြောင်းရေ ၁၈ မှ ၂၃ ထိ ရေးထိုးခဲ့သည်။

လှူဒါန်းသည့် ကျွန်စာရင်းကို ကျောက်စာကျောဘက်မျက်နှာတွင် ဆက်လက်ရေးထိုးကာ ကျွန်အားလုံးပေါင်း ၉၄ ယောက်ဟု စာရင်းချုပ်ထားသည်။ မရှက်သည် လှူသည့်မြေသည် ၂၉၄ (ပယ်) ရှိကြောင်းကိုလည်း ရေးထိုးခဲ့သည်။

ကျောက်စာနောက်ဆုံး၌ မရှက်သည်သည် ကျွန်နှစ်ယောက်ဖြစ်သည့် ငါတောင်နှင့် ငါသင် အစားပေးသဖြင့် ကျွန်အဖြစ်မှ လွတ်စေခဲ့ပြီး နှမအိုထက်ပြည့်ကိုလည်း ငွေသား ၁၀၀ ပေး၍ ကျွန်အဖြစ်မှ လွတ်စေကြောင်း ရေးထိုးခဲ့သည်။

**ကျောက်စာရေးဖွဲ့မှု**

ဖိုးကလုန်ဂူဘုရားကျောက်စာတွင် ရေးထိုးထားသည့်အကြောင်းအရာသည် သာမန်ဖြစ်စဉ်တစ်ခုဟုသာဆိုနိုင်သော်လည်း ကျောက်စာရှေ့ဘက်မျက်နှာတွင် ရေးထိုးထားသည့် စာကြောင်း ၁၇ ကြောင်းကြောင့် ဖြစ်ရပ်ဇာတ်ကြောင်းက ထင်ရှားပေါ်လွင်နေခဲ့သည်။ ထို့ကြောင့် မြန်မာစာပါမောက္ခဆရာစောလူက ဖိုးကလုန်ဂူဘုရားကျောက်စာသည် ကျောက်စာပါပုဂ္ဂိုလ်များ သက်ဝင်လှုပ်ရှားနေအောင် ရေးနိုင်စွမ်းသော ကျောက်စာတစ်ချပ်ဟုသုံးသပ်ကာ ကျောက်စာရှေ့ဘက်မျက်နှာတွင် စာကြောင်းရေ ၁၇ ထိ ကျွန်အငြင်းပွားပုံအကြောင်း ရေးသားထားပုံမှာ စိတ်ဝင်စားဖွယ်ရာဖြစ်သည်ဟု ဖော်ပြခဲ့သည်။

ကွယ်လွန်ပြီးသူ မရှက်သည်အပေါ် အိုကေ၏ စွပ်စွဲမှုရေးထိုးမှုသည် သာမန်သာဖြစ်သော်လည်း ကျစွာမင်း၏ အဆုံးအဖြတ်အမိန့်သည် မင်းကြီးကိုယ်တိုင်စွပ်စွဲမှုကို မကျေမချမ်းဖြစ်ကြောင်းပေါ်လွင်နေခဲ့သည်။ မင်းကြီး၏ဒေါသသံက ကျောက်စာတွင် ပေါ်လွင်နေခဲ့သည်။

"မရှက်သည် မသေမီက အရင်မမိန့်၊ မရှိပြီးမှ အသို့ဟုမိန့်သနည်း။ ယနေ့မှစကာ မရှက်သည် ဘုရားလှူခဲ့သော ကျွန်နှင့်မြေကို သူအနိုင်အထက်မူ ဟူမူကား တစ်ဆသော သုံးဆ သုံးဆ တောင်းစေသတည်းဟူ၍"ဟု ရေးထိုးထားသည့် စာသားများသည် မင်းကြီး၏ စိတ်ခံစားချက်ကို ဖော်ပြနေသည်။

ဘုရင့်အမိန့်ဖြင့် အမှုအခင်းဖြေရှင်းပြီးနောက် အလှူပြုချိန်တွင် ကြွရောက်လာသည့် ရဟန်းသံဃာတို့ဝမ်းမြောက်ရွှင်လန်းမှုကို စိတ်ကြည်နူးဖွယ် ရေးထိုးခဲ့ရာ "သခင် သုဘူတိစန်၊ သခင် မင်ကလတ်ထေရ်တို့ထံမှောက်တွင် သခင်မရှက်သည် လှူသောကျွန်၊ မြေခပင်းကို ဆောင်နှင်းလာ၏။ သခင်တို့လည်း ဘုရားသခင်မြတ်စွာသော ချမ်းသာအံ့သောအားဟူ၍ ဝမ်းသာချီးမွမ်းကုန်၏"ဟု ရေးသားထားခြင်းသည် သံဃာတော်တို့၏ ကျေနပ်ပီတိဖြစ်ဟန်ကို ထင်ရှားစေခဲ့သည်။

ဖိုးကလုန်ဂူဘုရားကျောက်စာကို သက္ကရာဇ် ၄၇၄ ခုတွင် ရေးထိုးခဲ့သည့် ရာဇကုမာရ်ကျောက်စာနောက် ၁၃၁ နှစ်အကြာတွင် ရေးထိုးခဲ့သဖြင့် မြန်မာစာအရေးအသား ပိုမိုသွက်လက် ကောင်းမွန်လာခဲ့သည်။ ရာဇကုမာရ်ကျောက်စာရေးထိုးချိန်တွင် ရေးထိုးနိုင်ဖွယ်ရှိသည့် "မင်းပေးသောကျွန်မြေအားလုံး"ဟူသည့် အသုံးအနှုန်းအစား ပိုမိုကဗျာဆန်စွာ "ကျေးဇူးတော်ရသော ကျွန်မြေခပင်း"ဟု လှလှပပ သုံးစွဲထားပုံကို မြင်တွေ့ရပေသည်။

မိန့်သည်ဟူသည့်အသုံးကို ဘုရင်နှင့် အခြားပုဂ္ဂိုလ်များကို ခွဲခြားအသုံးပြုနိုင်ပြီဖြစ်ကြောင်း ကျောက်စာအရေးအသားများတွင် ဖတ်ရှုနိုင်သည်။ မရှက်သည် ပြောသည့်စကားကိုမိန့်ခဲ့၏။ မှာခဲ့ရကား စသည်ဖြင့် သုံးသော်လည်း ဘုရင်ပြောသည့် စကားများကိုမူ မိန့်တော်မူ၏၊ ထွေတော်တင်၏ (အမိန့်တော်ထုတ်ပြန်သည်) ဟုလည်းကောင်း၊

စာမျက်နှာ ၅ သို့ ➤

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**"လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်နေသည့်မြို့ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေ ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အဓမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့ရွာများရှိပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။"**

( ၃-၉-၂၀၂၄ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက် )

## ကလေးမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော နေကြာ ၄၄၂၈ ဧကထိ ရိတ်သိမ်းပြီးစီး



**ကလေး မတ် ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် ကလေးမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သောနေကြာ ၄၄၂၈ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ကလေးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကလေးမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၄၈၄၆၇ ဧကထိ စိုက်ပျိုးနိုင်ခဲ့ပြီး အဆိုပါစိုက်ပျိုးထားသော နေကြာစိုက်ခင်းများကို ယခုနှစ် ဇန်နဝါရီလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ၄၄၂၈ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၂၈ ဒသမ၅၄ တင်းထွက်ရှိကြောင်း သိရသည်။

"ဆောင်းသီးနှံစိုက်ပျိုးရာသီ ကလေးမြို့နယ်မှာ နေကြာ ၄၈၄၆၇ ဧကထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ နေကြာခင်းတွေ လက်ရှိမှာရိတ်သိမ်းနေပါတယ်။ ဒီနေ့ထိ ဧက ၄၀၀၀ ကျော် ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ပြည်ပက စားအုန်းဆီတင်သွင်းမှုကို လျှော့ချနိုင်ဖို့အတွက် ဆီထွက်သီးနှံဖြစ်တဲ့ နေကြာကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဆောင်ရွက်ပေးနေပါတယ်။ ဆီထွက်သီးနှံဖြစ်တဲ့နေကြာရဲ့ တစ်ဧက ဆီထွက်ရှိမှုက ကျန်တဲ့မြေပဲ၊ နှမ်းတွေထက် ပိုများပါတယ်။ နေကြာကို ဆောင်းမှာစိုက်ကြတာပါ"ဟု ကလေးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနိုင်ထွန်းဝင်းက ပြောပြသည်။

ကလေးမြို့နယ်တွင် နေကြာ တိုးချဲ့ စိုက်ပျိုးနိုင်ရေးအတွက် မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းနှင့် နေကြာစိုက်ပျိုးတောင်သူများ စွမ်းဆောင်ရည်မြင့်မားရေးအတွက် ပညာပေးသင်တန်းများကို အရှိန်မြှင့်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ကလေးမြို့နယ်တွင်နေကြာစိုက်ပျိုးတောင်သူများကို မျိုးစေ့များ ပံ့ပိုးပေးနိုင်ရေး၊ ယူရီးယားဓာတ်မြေသြဇာများကို ချိုသာသောဈေးနှုန်းဖြင့် ရောင်းချပေးနိုင်ရေး စီမံထားခြင်း၊ ထွက်ရှိလာသောနေကြာမျိုးများကို တောင်သူမှတောင်သူ ဖလှယ်သည့် နည်းစနစ်များဖြင့် ဖြန့်ဖြူးပေးခဲ့ကြောင်း သိရသည်။

နေကြာသီးနှံများကို အထွက်နှုန်း တိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းဆီစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ရာ ဆီထွက်သီးနှံနေကြာကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးနိုင်ထွန်းဝင်းက ပြောပြ၍ သိရသည်။ (၂၀၆)

➤ စာမျက်နှာ ၄ မှအဆက်

ဘုရင့်ကို ပြောသောစကားများကို နားတော် ကြား၏ဟုလည်းကောင်း ခံ့ညားသည့်စကားလုံး "တော်"ကို ပိုင်းခြားအသုံးပြုနိုင်ပြီဖြစ်ကြောင်း မြင်တွေ့နိုင်ပေသည်။

ကျောက်စာပါ ထူးခြားသောစကားလုံးတစ်ခုမှာ ရှေ့ဘက်မျက်မှာစာကြောင်းရေ ၄ တွင် ရေးထိုးထားသည့် "ခတ်ဌျပ်"ဟူသည့် ဝေါဟာရဖြစ်သည်။ ထိုစကားလုံးသည် အခြားပုဂံကျောက်စာတွင် မတွေ့ရသကဲ့သို့ မျက်မှောက်ခေတ်သုံးမြန်မာစာတွင်လည်းမရှိချေ။ ၎င်းစကားလုံးကို သုံးစွဲထားသည့်စကားဆက်များအရ အနိုင်အထက်ပြုသည်ဟု အဓိပ္ပာယ်ကောက်ယူနိုင်မည်ဖြစ်သည်။ ခတ်ကို မြန်မာအဘိဓာန်တွင် ထုနှက်သည်၊ တီးသည်၊ ရိုက်ပုတ်သည်ဟုဖွင့်ဆိုထားရာ ဆင့်ပွားအဓိပ္ပာယ်သည် ထိပါးနာကျင်စေခြင်းဖြစ်သည်။ ထို့အတူ မြန်မာအဘိဓာန်တွင် ညှပ်(ဍျပ်)၏ ဖွင့်ဆိုချက်တစ်ခုသည် အကြားတွင် ထည့်သွင်းသည်ဖြစ်၍ ကျဉ်းကျပ်အောင်ပြုသည်ဟူသည့် အဓိပ္ပာယ်ကိုဆောင်သည်။

ထို့ကြောင့် ခတ်ညှပ်(ခတ်ဌျပ်)သည် တစ်ဖက်သူ စိတ်မချမ်းမသာဖြစ်စေရန် လုပ်ဆောင်သည်၊ အနိုင်အထက်ပြုသည်ဟူသည့်အဓိပ္ပာယ်ဖြင့် ထူးခြားကျစ်လျစ်စွာ အသုံးပြုထားသည့် ဝေါဟာရဖြစ်ကြောင်း သုံးသပ်နိုင်မည်ဖြစ်သည်။

ဖိုးကလုန်ဂူဘုရားကျောက်စာသည် အခြားပုဂံ ကျောက်စာများကဲ့သို့ အလှူမှတ်တမ်းသီးသန့်မဟုတ်ဘဲ ဘုရင်ကိုယ်တိုင် အဆုံးအဖြတ်ပေးခဲ့ရသည့် ကျွန်ပိုင်ဆိုင်မှုပြဿနာကို ရေးထိုးထားသည့်မှတ်တမ်းဖြစ်သည့်အပြင် ပုဂံခေတ်နှောင်းပိုင်း ကျစွာမင်းလက်ထက်က ရေးသားခဲ့သည့် မြန်မာစာအရေးအသားဟန်ကိုပါ လေ့လာနိုင်သည့် ကျောက်စာတစ်ချပ်အဖြစ် ထင်ရှားခဲ့ပေသည်။

**ကိုးကား**


- ဖိုးကလုန်ဂူဘုရားကျောက်စာ
- မြန်မာရှေးဟောင်းကျောက်စာများ၊ ဒုတိယ တွဲ(ဦးငြိမ်းမောင်)
- ပုဂံခေတ် မြန်မာစာ(စောလူ)
- ပုဂံမင်းဆက်ရာဇဝင်သစ်(တင်နိုင်တိုး)


## စောင့်ရှောက်ကာကွယ် ပြည့်ဂုဏ်တင့်တယ်

- ထက်သန်ကာ အားမာန်ဖွဲ့တွေနဲ့
ဖျက်ရန်လာပြုတ်ကြေပြုန်းရအောင်
ဟုတ်မှန်စွာ တိုက်ချေမှုန်းလို့
ရွှင်ပြုံးစွာအောင်လံလွှင့်ခဲ့တဲ့
ပြည့်ဂုဏ်တင့်တဲ့ တပ်မတော်။

- နိုင်ငံတော် ပြည်တစ်ဝန်းမှာလ
အေးချမ်းစွာ လူနေမှုဘဝသို့
အခြေပြုတည်တံ့အောင်
ကြံဆောင်ကာ ကြိုးပမ်းရင်း
ရွှင်လန်းလို့ပျော်။

- အခက်အခဲတွေ ဘယ်လိုတွေ့ပေမယ့်
ပျော်မွေ့ဖွယ် တကယ်မညည်းပါဘု
သည်ခရီးမှာ လျှောက်ကာလှမ်းလို့
ရဲစွမ်းမှာ အားမာန်အပြည့်နဲ့
အမြဲတမ်းသာတိုင်းပြည်အတွက်ရယ်မို့
အသက်ကိုပင် ဘယ်မငဲ့ပါကွဲ့
အားနွဲ့တဲ့စိတ်မဝင်
တက်ကြွလျှင်လို့ ဝင့်ကြွားမော်
ပြည့်ဂုဏ်ဖော် ကြိုးစားပေး။

- နှစ်ပေါင်းရယ် ရှည်ကြာလို့
ပြည်မြန်မာအလှမညှိုးရအောင်
ကြိုးစားကာပြည့်ဝန်ထမ်းသူတို့
ငြိမ်းချမ်းသာပြည်ရွာအေးစေဖို့
စိမ်းလန်းဖြာ ညီညာတေးဝေလို့
မြန်မာပြည်ဖျက်ရန်အပေါင်းကို
ထောင်းထောင်းကြေတိုက်ချေမှုန်းတယ်
အပြုံးပန်းဝေဆာ ပြည့်ဂုဏ်မြှင့်ပါလို့
ဂုဏ်တင့်တယ်လေး။ ။

နှစ် ၈၀ ပြည့် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုရေးဖွဲ့ပါသည်။

**အာကာမောင်မောင်**

## နိုင်ငံတကာ သတင်းများ

# ဂါဇာကမ်းမြောင်ကို အစ္စရေးစစ်ဘက်ကလေကြောင်းမှတိုက်ခိုက်ခဲ့ရာ လူဦးရေ ၄၀၀ ကျော် သေဆုံး



**ဂါဇာစီးတီး မတ် ၁၈**

အစ္စရေးစစ်ဘက်သည် ယနေ့တွင် ဂါဇာကမ်းမြောင်ဒေသကို လေကြောင်းမှတိုက်ခိုက်မှုများပြုလုပ်ခဲ့ရာ လူဦးရေ ၄၀၀ ကျော်သေဆုံးခဲ့ရကြောင်း ပါလက်စတိုင်းကျန်းမာရေး တာဝန်ရှိသူများက ပြောကြားထားသည်။

အစ္စရေး၏ လေကြောင်းတိုက်ခိုက်မှုကြောင့် အစ္စရေးနှင့် ဟားမတ်စ်တို့ကြား ရယူထားသည့် နှစ်လကြာ အပစ်အခတ်ရပ်စဲရေးသဘောတူညီချက် ပျက်ပြားသွားနိုင်ကြောင်း သိရသည်။

ဟားမတ်စ်အုပ်စု အနေဖြင့် ၎င်းတို့ဖမ်းဆီးထားသည့် ဓားစာခံများကို ပြန်လွှတ်ပေးရေးအတွက် အင်အားကိုပိုမိုသုံးစွဲသွားမည်ဖြစ်ကြောင်း အစ္စရေးနိုင်ငံက ပြောကြားထားသည်။

ဟားမတ်စ်အုပ်စုသည် ၂၀၂၃ ခုနှစ် အောက်တိုဘာ ၇ ရက်တွင် ဝင်ရောက်တိုက်ခိုက်ခဲ့စဉ်က ဖမ်းဆီးထားသော ဓားစာခံဦးရေ ၂၅၀ အနက် ၅၉ ဦးကို ဖမ်းဆီးထားဆဲဖြစ်သည်။

ယနေ့ အစ္စရေးစစ်လေယာဉ်များက ဂါဇာကမ်းမြောင်ကို ပြင်းထန်စွာ တိုက်ခိုက်နေချိန်တွင် အစ္စရေးတင့်ကားများကလည်း နယ်စပ်တစ်ဖက်မှတစ်ဆင့် ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း သိရသည်။

အစ္စရေးနိုင်ငံအနေဖြင့် အဆိုပါလေကြောင်းတိုက်ခိုက်မှုဖြင့် အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်ကို ချိုးဖောက်နေပြီး အမြဲတမ်းအပစ်ရပ်သဘောတူညီချက် ရယူရေးလုပ်ငန်းစဉ်များကို ဖျက်ဆီးနေသည်ဟု ဟားမတ်စ်အုပ်စုက ယနေ့တွင် ဝေဖန်ထားကြောင်း သိရသည်။

Ref : RT

Trs : KKO

# ကရိုင်းမီးယားကျွန်းဆွယ်ကို ရုရှားအပိုင်အဖြစ် အသိအမှတ်ပြုရေး သမ္မတဒေါ်နယ်ထရန့်စဉ်းစားနေ

**နယူးယောက် မတ် ၁၈**

ကရိုင်းမီးယား ကျွန်းဆွယ်ဒေသကို ရုရှားအချုပ်အခြာပိုင်နယ်မြေအဖြစ် အသိအမှတ်ပြုရေးအတွက်အမေရိကန်သမ္မတဒေါ်နယ်ထရန့်က စဉ်းစားနေကြောင်း အမေရိကန်မီဒီယာများက သတင်းထုတ်ပြန်ထားသည်။

ထို့ပြင် ကရိုင်းမီးယားကျွန်းဆွယ်ကို ရုရှားအချုပ်အခြာပိုင်နယ်မြေအဖြစ် အသိအမှတ်ပြုရေးအတွက် ကုလသမဂ္ဂကို တွန်းအားပေးရန် သင့် မသင့်ကိုလည်း အမေရိကန်တာဝန်ရှိသူများက ဆွေးနွေးနေကြောင်း သိရသည်။

ယူကရိန်း ကရိုင်းမီးယားကျွန်းဆွယ်ဒေသကို ရုရှားနိုင်ငံက ၂၀၁၄ ခုနှစ်တွင် ရုရှားအချုပ်အခြာအောက်ထည့်သွင်းခဲ့ရာ အမေရိကန်နိုင်ငံအပါအဝင် အနောက်အုပ်စုနိုင်ငံများက ပြင်းထန်စွာကန့်ကွက်ထားသည်။

သို့သော် လက်ရှိအချိန်တွင် သမ္မတ ဒေါ်နယ်ထရန့်အနေဖြင့် ကရိုင်းမီးယားကျွန်းဆွယ်ကို ရုရှားပိုင်မြေအဖြစ် အသိအမှတ်ပြုရေးအတွက် စဉ်းစားနေကြောင်း အမေရိကန်အစိုးရ သတင်းအရင်းအမြစ်များကို ကိုးကား၍ သတင်းထုတ်ပြန်ထားသည်။

လက်ရှိတွင် ကရိုင်းမီးယားကျွန်းဆွယ်ဒေသကို ယူကရိန်းပိုင်နယ်မြေအဖြစ်သာ ကမ္ဘာ့နိုင်ငံအများစုက အသိအမှတ်ပြုထားသည်။

သို့ရာတွင် ရုရှားစကားပြောပြည်သူအများစုနေထိုင်သည့် ကရိုင်းမီးယားကျွန်းဆွယ်မှာ ရုရှား၏တရားဝင်အစိတ်အပိုင်းတစ်ခုဖြစ်နေပြီဟု ရုရှားအစိုးရက ပြောကြားထားကြောင်း သိရသည်။

Ref : RT

Trs : KKO

# တရုတ်အစိုးရ၏ရန်ပုံငွေဖြင့် တိုးချဲ့တည်ဆောက်ထားသော ရီအမ်ရေတပ်ဆိပ်ကမ်းကို ဧပြီ ၂ ရက်တွင် ဖွင့်လှစ်ရန် ကမ္ဘောဒီးယားစစ်ဘက် စီစဉ်

**ဖနောင်ပင် မတ် ၁၈**

တရုတ်အစိုးရ၏ ရန်ပုံငွေဖြင့် တိုးချဲ့ တည်ဆောက်ထားသော ရီအမ် ရေတပ်ဆိပ်ကမ်းကို ဧပြီ ၂ ရက်တွင် ဖွင့်လှစ်ရန် ကမ္ဘောဒီးယားစစ်ဘက်က စီစဉ်ထားကြောင်း သိရသည်။

ရီအမ် ရေတပ်ဆိပ်ကမ်းကို ဝန်ကြီးချုပ် ဟွန်မာနက်ကိုယ်တိုင် ဧပြီ ၂ ရက်တွင် လာရောက်ဖွင့်လှစ်ပေးမည်ဖြစ်ကြောင်း ကမ္ဘောဒီးယားစစ်ဘက်က သတင်းထုတ်ပြန်ထားသည်။



ရီအမ်ရေတပ်ဆိပ်ကမ်းဖွင့်လှစ်သည့်နေ့တွင် ၎င်းဆိပ်ကမ်း၌ ဂျပန်ရေတပ် စစ်သင်္ဘောတစ်စီးက ပထမဆုံးပြည်ပစစ်သင်္ဘောအဖြစ် ဝင်ရောက်၍ ဆိုက်ကပ်မည်ဖြစ်ကြောင်း သိရသည်။

တရုတ်နှင့်ကမ္ဘောဒီးယားနိုင်ငံတို့သည် ၂၀၂၂ ခုနှစ်တွင် ရီအမ်ရေတပ်ဆိပ်ကမ်းကို စတင်တိုးချဲ့တည်ဆောက်ခဲ့ရာ ၎င်းဆိပ်ကမ်း၌ တရုတ်ရေတပ် စစ်သင်္ဘောများ အခြေချထားမည့်အရေးကို အမေရိကန်နိုင်ငံက စိုးရိမ်ခဲ့ရသည်။

ရီအမ်ရေတပ်ဆိပ်ကမ်းသည် ထိုင်းပင်လယ်ကွေ့ဒေသရှိ တရုတ်ရေတပ်၏ မဟာဗျူဟာမြောက် ရှေ့တန်းစခန်းဖြစ်လာနိုင်ကြောင်း အမေရိကန် တာဝန်ရှိသူများက ပြောကြားထားရာ ဟုတ်မှန်မှုမရှိကြောင်း ကမ္ဘောဒီးယားအစိုးရက ငြင်းပယ်ထားသည်။

ထိုင်းပင်လယ်ကွေ့ဒေသသည် တရုတ်နိုင်ငံက ဒေသတစ်ခုလုံးနီးပါး ပိုင်ဆိုင်ခွင့်တောင်းဆိုထားသော တောင်တရုတ်ပင်လယ်ရေပြင်နှင့် ထိစပ်နေသည့်ဒေသဖြစ်ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# ဟွန်ဒူးရပ်စ်ကမ်းလွန်၌ လေယာဉ်ပျက်ကျ ခုနစ်ဦးသေဆုံးခဲ့ပြီး ၁၀ ဦးကို ကယ်တင်နိုင်ခဲ့

**တီဂူစီဂယ်လ်ပါ မတ် ၁၈**

ဟွန်ဒူးရပ်စ်နိုင်ငံ ကာရစ်ဘီယံကမ်းရိုးတန်း ကမ်းလွန်ရေပြင်အတွင်း မတ် ၁၇ ရက် ညပိုင်းက လေယာဉ်ပျက်ကျခဲ့ရာ လူ ခုနစ်ဦးသေဆုံးခဲ့ကြောင်း သိရသည်။

အဆိုပါလေယာဉ်သည် ရိုအာတန်အမည်ရှိ ကျွန်းပေါ်မှ ပျံတက်ခဲ့ပြီး မိနစ်အနည်းငယ်အကြာတွင် ကာရစ်ဘီယံ ပင်လယ်ရေပြင်အတွင်း ပျက်ကျခဲ့ခြင်းဖြစ်သည်။

လေယာဉ်ပျက်ကျမှုကြောင့် လိုက်ပါလာသူများအနက် ခုနစ်ဦးသေဆုံးခဲ့ရပြီး ၁၀ ဦးကို အပျက်အစီးများကြားမှ ကယ်တင်နိုင်ခဲ့ကြောင်း ဟွန်ဒူးရပ်စ်တာဝန်ရှိသူများက ပြောကြားထားသည်။

ဟွန်ဒူးရပ်စ်အခြေစိုက် လန်အာလေကြောင်းလိုင်းက ပိုင်ဆိုင်သော ဂျက်စထရမ်းအမျိုးအစား အဆိုပါခရီးသည်တင် လေယာဉ်ပေါ်တွင် ခရီးသည် ၁၄ ဦးနှင့် လေယာဉ်မှူး သုံးဦးတို့ လိုက်ပါလာကြောင်း သိရသည်။

အဆိုပါလေယာဉ်သည် ရိုအာတန်ကျွန်းမှ လာဆိုင်ဘာလေဆိပ်သို့ ဦးတည်ပျံသန်းနေစဉ် ကာရစ်ဘီယံပင်လယ်ရေပြင်အတွင်း ပျက်ကျခဲ့ခြင်းဖြစ်သည်။

ပျက်ကျခဲ့သည့် လေယာဉ်၏ အပျက်အစီးများကို ရိုအာတန်ကျွန်း ကမ်းရိုးတန်းနှင့် တစ်ကီလိုမီတာအကွာတွင် ရှာဖွေတွေ့ရှိခဲ့ကြောင်း ဟွန်ဒူးရပ်စ် တာဝန်ရှိသူများက ပြောကြားထားကြောင်း သိရသည်။

Ref : RT

Trs : KKO



# တရုတ်၊ တောင်ကိုရီးယားနှင့် ဂျပန်နိုင်ငံခြားရေးဝန်ကြီးတို့ တိုကျိုမြို့၌ တွေ့ဆုံမည်

**ဆိုးလ် မတ် ၁၈**

တရုတ်၊ တောင်ကိုရီးယားနှင့် ဂျပန်နိုင်ငံခြားရေးဝန်ကြီးတို့သည် မတ် ၂၂ ရက်တွင် ဂျပန်နိုင်ငံ တိုကျိုမြို့၌တွေ့ဆုံဆွေးနွေးရန်စီစဉ်ထားကြောင်း တောင်ကိုရီးယားနိုင်ငံခြားရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။

တောင်ကိုရီးယားနိုင်ငံခြားရေးဝန်ကြီး ချိုတေးယူလ်၊ ဂျပန်နိုင်ငံခြားရေးဝန်ကြီး တာကီရီအီဝါယာနှင့် တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယိတို့အနေဖြင့် တိုကျိုဆွေးနွေးပွဲတွင် ဒေသတွင်းပြဿနာ၊ နိုင်ငံတကာပြဿနာများနှင့်ပတ်သက်၍ အမြင်ချင်းဖလှယ် ဆွေးနွေးမည်ဖြစ်ကြောင်း တောင်ကိုရီးယားနိုင်ငံခြားရေးဝန်ကြီးဌာန သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားကြောင်း သိရသည်။

သို့ရာတွင် တိုကျိုမြို့၌ သုံးနိုင်ငံဆွေးနွေးပွဲတွင် တရုတ်၊ ဂျပန်နှင့် တောင်ကိုရီးယား နိုင်ငံခြားရေးဝန်ကြီးများအနေဖြင့် အစည်းအဝေး ပူးတွဲကြေညာချက် ထုတ်ပြန်ရန် အစီအစဉ်မရှိကြောင်း သိရသည်။

တရုတ်၊ ဂျပန်နှင့် တောင်ကိုရီးယားနိုင်ငံခြားရေး ဝန်ကြီးများ၏ သုံးပွင့်ဆိုင်ဆွေးနွေးပွဲကို ၂၀၂၃ ခုနှစ် နိုဝင်ဘာလတွင် တောင်ကိုရီးယားနိုင်ငံ ဘူဆန်မြို့၌ နောက်ဆုံးတစ်ကြိမ်ကျင်းပခဲ့ဖူးသည်။

တရုတ်၊ ဂျပန်နှင့် တောင်ကိုရီးယားနိုင်ငံ ခေါင်းဆောင်များ၏ သုံးပွင့်ဆိုင်ထိပ်သီးဆွေးနွေးပွဲကိုမူ ပြီးခဲ့သည့်နှစ် မေလတွင်ကျင်းပခဲ့သည်။


တိုကျို ဆွေးနွေးပွဲကာလအတွင်းတောင်ကိုရီးယားနိုင်ငံခြားရေးဝန်ကြီးချုပ် ချိုတေးယူလ်သည် တရုတ်နိုင်ငံခြားရေးဝန်ကြီးဝမ်ယိ၊ ဂျပန်နိုင်ငံခြားရေးဝန်ကြီး အီဝါယာတို့နှင့် သီးခြားစီတွေ့ဆုံဆွေးနွေးရန် စီစဉ်ထားကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# SCIENCE AND TECHNOLOGY

## Blue Ghost လဆင်းယာဉ် မစ်ရှင်သက်တမ်းကုန်ဆုံးခဲ့ပြီဖြစ်



**ဝါရှင်တန် မတ် ၁၈**

Firefly Aerospace ကုမ္ပဏီက လွှတ်တင်ထားသော Blue Ghost လဆင်းယာဉ် မစ်ရှင်သက်တမ်းမှာ မတ် ၁၆ ရက်တွင် ကုန်ဆုံးခဲ့ပြီဖြစ်ကြောင်း မတ် ၁၇ ရက် သတင်းများအရ သိရသည်။

နေစွမ်းအင်သုံး လဆင်းယာဉ်ဖြစ်သည့် Blue Ghost လဆင်းယာဉ်သည် လမျက်နှာပြင်ပေါ်၌ ကမ္ဘာ့မြေ အချိန်ကာလအားဖြင့် သီတင်းနှစ်ပတ်ကြာ စူးစမ်းလေ့လာရေးလုပ်ငန်းများ အောင်မြင်စွာ ပြုလုပ်ခဲ့ပြီးနောက် မတ် ၁၆ ရက် ညနေပိုင်းတွင် မစ်ရှင်သက်တမ်း ကုန်ဆုံးခဲ့ပြီဖြစ်ကြောင်း Firefly Aerospace ကုမ္ပဏီက ကြေညာချက်ထုတ်ပြန်ထားသည်။

Blue Ghost လဆင်းယာဉ်သည် အမေရိကန်နိုင်ငံအခြေစိုက် Firefly Aerospace ကုမ္ပဏီ၏ ပထမဆုံးလဆင်းယာဉ်ဖြစ်သည်။

၎င်းလဆင်းယာဉ်ကို ယခုနှစ် ဇန်နဝါရီ ၁၆ ရက်တွင် Space-X ကုမ္ပဏီ၏ ဖယ်လ်ကွန်-၉ ဒုံးပျံဖြင့် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)၏ စူးစမ်းလေ့လာရေးစနစ် ၁၀ ခု သယ်ဆောင်ထားသော Blue Ghost လဆင်းယာဉ်သည် မတ် ၂ ရက်တွင် လမျက်နှာပြင်ပေါ်သို့ အောင်မြင်စွာ ဆင်းသက်နိုင်ခဲ့သည်။

Blue Ghost လဆင်းယာဉ်သည် Intuitive Machines ကုမ္ပဏီ၏ Odysseus လဆင်းယာဉ်ပြီးလျှင် လမျက်နှာပြင်ပေါ်အောင်မြင်စွာ ဆင်းသက်နိုင်ခဲ့သည့် ဒုတိယမြောက် ပုဂ္ဂလိကလဆင်းယာဉ်ဖြစ်ကြောင်း သိရသည်။

Ref : Russia Today

Trs : KKO

## မတ် ၂၉ ရက်တွင် တစ်စိတ်တစ်ပိုင်းနေကြတ်မှုဖြစ်စဉ် ပေါ်ပေါက်မည်ဖြစ်ပြီး မြောက်ယဉ်စွန်းတန်းဒေသမှ ကမ္ဘာ့ပြည်သူများ တွေ့မြင်နိုင်မည်

**ဝါရှင်တန် မတ် ၁၈**

ယခုနှစ် မတ် ၂၉ ရက်တွင် တစ်စိတ်တစ်ပိုင်း နေကြတ်မှုဖြစ်စဉ်ပေါ်ပေါက်မည်ဖြစ်ရာ ၎င်းဖြစ်စဉ်ကို မြောက်ယဉ်စွန်းတန်းဒေသမှ ကမ္ဘာ့ပြည်သူများ တွေ့မြင်နိုင်မည်ဖြစ်ကြောင်း မတ် ၁၇ ရက် သတင်းများအရ သိရသည်။

မတ် ၂၉ ရက်တစ်စိတ်တစ်ပိုင်း နေကြတ်မှုဖြစ်စဉ်တွင် နေမျက်နှာပြင် ၉၃ ရာခိုင်နှုန်းကို လရိပ်က ဖုံးလွှမ်းထားမည်ဖြစ်ကြောင်း အမေရိကန် သိပ္ပံပညာရှင်များက ပြောကြားသည်။

မတ် ၂၉ ရက် တစ်စိတ်တစ်ပိုင်း နေကြတ်မှုဖြစ်စဉ်သည် မြောက်အမေရိက အရှေ့ပိုင်းတွင်စတင်၍ ရုရှားနိုင်ငံ ဆိုက်ဘေးရီးယားဒေသ၌ ပြီးဆုံးမည်ဖြစ်ရာ နေကြတ်ရာလမ်းကြောင်းမှာ ရှည်လျားကျယ်ပြန့်ကြောင်း သိရသည်။

အဆိုပါ နေကြတ်မှုဖြစ်စဉ်ကို ဂရင်းလန်း၊ ဥရောပအနောက်ပိုင်း၊ ရုရှား အနောက်မြောက်ပိုင်း၊ အာဖရိက အနောက်မြောက်ပိုင်း၊ အာရှနှင့် ပစိဖိတ်သမုဒ္ဒရာဒေသတို့မှပြည်သူများ တွေ့မြင်နိုင်မည်ဖြစ်ကြောင်း သိရသည်။



သို့ရာတွင် မတ် ၂၉ ရက် တစ်စိတ်တစ်ပိုင်း နေကြတ်မှုဖြစ်စဉ်ကို မြောက်အမေရိကပြည်သူများ တွေ့မြင်နိုင်မည်မဟုတ်ကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

မတ် ၂၉ ရက် တစ်စိတ်တစ်ပိုင်း နေကြတ်မှုဖြစ်စဉ်သည် မြောက်အမေရိက အရှေ့ပိုင်းတွင်တစ်စိတ်တစ်ပိုင်း နေကြတ်မှုအဖြစ် စတင်မည်ဖြစ်ပြီး ရုရှားနိုင်ငံ ဆိုက်ဘေးရီးယားဒေသ၌ တစ်စိတ်တစ်ပိုင်း နေကြတ်မှုအဖြစ် နေဝင်မည်ဖြစ်ကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO

## နေအဖွဲ့အစည်းပြင်ပ ဂြိုဟ်တစ်စင်းပေါ်ရှိ ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့များကို ပထမဆုံးအကြိမ်အဖြစ် ဓာတ်ပုံရိုက်ကူးနိုင်ခဲ့

**ဝါရှင်တန် မတ် ၁၈**

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)၏ ဂျိမ်းစ်ဝက်ဘ် အာကာသရေဒီယိုတယ်လီစကုပ်သည် နေအဖွဲ့အစည်းပြင်ပ ဂြိုဟ်တစ်စင်းပေါ်ရှိ ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့များကို ပထမဆုံးအကြိမ်အဖြစ် အောင်မြင်စွာ ဓာတ်ပုံရိုက်ကူးနိုင်ခဲ့ကြောင်း မတ် ၁၇ ရက် သတင်းများအရ သိရသည်။

ဂျိမ်းစ်ဝက်ဘ် အာကာသရေဒီယိုတယ်လီစကုပ်သည် HR 8799 အမည်ရှိ ဂြိုဟ်စနစ်တစ်ခုကို လေ့လာစဉ် နေအဖွဲ့အစည်းပြင်ပ ဂြိုဟ်တစ်စင်းပေါ်ရှိ ကာဗွန်ဒိုင်အောက်ဆိုက် ဓာတ်ငွေ့များကို တိုက်ရိုက် ဓာတ်ပုံရိုက်ကူးနိုင်ခဲ့ခြင်းဖြစ်သည်။

HR 8799 ဂြိုဟ်စနစ်သည် ကြယ်တစ်စင်းကို ဗဟိုပြုလှည့်ပတ်နေသော ဂြိုဟ်လေးစင်းဖြင့် ဖွဲ့စည်းထားပြီး ကမ္ဘာဂြိုဟ်နှင့် အလင်းနှစ် ၁၃၀ အကွာတွင်တည်ရှိကြောင်း သိရသည်။

ဂျိမ်းစ်ဝက်ဘ် အာကာသရေဒီယိုတယ်လီစကုပ်၏ လေ့လာတွေ့ရှိချက်အရ အဆိုပါဂြိုဟ်စနစ်အတွင်းရှိ HR 8799 e အမည်ရှိ ဂြိုဟ်ပေါ်တွင် ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့များ ရှိနေသည်ကို တွေ့ရသည်ဟု နာဆာသိပ္ပံပညာရှင်များက ပြောကြားကြောင်း သိရသည်။

HR 8799 ဂြိုဟ်စနစ်အတွင်းရှိ ဂြိုဟ်လေးစင်းတို့မှာ သက်တမ်းအားဖြင့် နှစ်ပေါင်းသန်း ၃၀ မျှသာ ရှိသေးရာ စတင်ပေါ်ထွက်ခါစကာလမှ ဖြာထွက်ရောင်ခြည်အပူငွေ့များပင် ကျန်ရှိနေဆဲဖြစ်ကြောင်း နာဆာသိပ္ပံပညာရှင်များ၏ အဆိုအရ သိရသည်။

ဂျိမ်းစ်ဝက်ဘ် အာကာသရေဒီယိုတယ်လီစကုပ်သည် 51 Eridani အမည်ရှိ အလင်းနှစ် ၉၇ နှစ်အကွာမှ ဂြိုဟ်စနစ်တစ်ခုအတွင်းရှိ 51 Eridani b အမည်ရှိ ဂြိုဟ်ကိုလည်း ဓာတ်ပုံများတိုက်ရိုက်ရိုက်ကူးခဲ့ကြောင်း သိရသည်။

Ref : Xinhua News

Trs : KKO

# HEALTH

## အဝလွန်မှုနှင့်စိတ်ဖိအားဝင်ရောက်မှုတို့ကြောင့် ပန်ကရိယကင်ဆာဖြစ်နိုင်ခြေ မြင့်တက်လာနိုင်

**နယူးယောက် မတ် ၁၈**

အဝလွန်မှုနှင့်စိတ်ဖိအားဝင်မှုတို့ကြောင့် ကြောက်မက်ဖွယ်ကင်ဆာရောဂါ တစ်မျိုးဖြစ်သော ပန်ကရိယကင်ဆာ ဖြစ်နိုင်ခြေ မြင့်တက်လာနိုင်ကြောင်း မတ် ၁၇ ရက်သတင်းများအရ သိရသည်။

အမေရိကန် သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ စိတ်ဖိအားနှင့် ဆက်စပ်နေသော ဓာတုပစ္စည်းများနှင့် အဝလွန်မှုနှင့် ဆက်စပ်နေသော ဟော်မုန်းများသည် CREB ခေါ် ပရိုတင်းတစ်မျိုး အသက်ဝင်လာတတ်သည်။

CREB ပရိုတင်းများသည် ပန်ကရိယကင်ဆာဆဲလ်များကြီးထွားမှုကို အားပေးလှုံ့ဆော်တတ်သော ပရိုတင်းတစ်မျိုး ဖြစ်ကြောင်း သုတေသန ပညာရှင်များက ပြောကြားသည်။

အမေရိကန် သုတေသနပညာရှင်များသည် ဓာတ်ခွဲခန်းသုံးကြွက်များဖြင့် လက်တွေ့စမ်းသပ်ပြီးနောက် ၎င်းတို့၏တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်သည်။

ပန်ကရိယကင်ဆာ ရောဂါသည် ကြောက်မက်ဖွယ်အကောင်းဆုံး ကင်ဆာရောဂါများထဲတွင် ပါဝင်ပြီး ၎င်းရောဂါဖြစ်ပွားပါက လူနာ ၁၃ ရာခိုင်နှုန်းမျှသာ ငါးနှစ်ထိ အသက်ဆက်ရှင်နိုင်သည်။

အဆိုပါ ကင်ဆာရောဂါသည် တစ်ခါတစ်ရံရောဂါကျွမ်းချိန်မှသာ စစ်ဆေး တွေ့ရှိရတတ်မှုကြောင့် ၎င်းကင်ဆာရောဂါကို ကုသရာတွင်လည်း ကုထုံးနှင့်ဆေးဝါးများ အကန့်အသတ်ရှိနေတတ်ကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO

## ကော်ဖီကိုနေ့စဉ်သောက်သုံးပါက ဦးခေါင်းနှင့် လည်ပင်းကင်ဆာများဖြစ်နိုင်ခြေ လျှော့ချနိုင်

**နယူးယောက် မတ် ၁၈**

ကော်ဖီကို နေ့စဉ်သောက်သုံးပါက ကင်ဆာရောဂါတချို့ဖြစ်နိုင်ခြေကို လျှော့ချနိုင်ကြောင်း သုတေသန ပညာရှင်များ၏ အဆိုကို ကိုးကား၍ မတ် ၁၇ ရက်သတင်းများအရ သိရသည်။

အမေရိကန်နိုင်ငံ ယူတားတက္ကသိုလ်မှ သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ ကော်ဖီနှင့်လက်ဖက်ရည် ပုံမှန်သောက်သုံးမှုသည် ဦးခေါင်းနှင့် လည်ပင်း ကင်ဆာများဖြစ်နိုင်ခြေ ကျဆင်းမှုနှင့် ဆက်စပ်နေကြောင်း သိရသည်။

အမေရိကန် သုတေသနပညာရှင်များသည် ကော်ဖီနှင့်အထက်ပါ ကင်ဆာရောဂါများဖြစ်နိုင်ခြေတို့ကြား ဆက်စပ်မှုကိုလေ့လာထားသည့် လေ့လာချက်ပေါင်း ၁၂ ခု တို့မှ ရရှိသောအချက်အလက်များကို အသေးစိတ်ဆန်းစစ်ခဲ့ကြသည်။

လေ့လာချက်မှပေါ်ထွက်လာသည့်ရလဒ်များအရ နေ့စဉ်ကော်ဖီ လေးခွက်ထိ သောက်သုံးသူများသည် မသောက်သုံးသူများထက် ဦးခေါင်းနှင့်လည်ပင်းကင်ဆာများ ဖြစ်နိုင်ခြေ ၁၇ ရာခိုင်နှုန်း ပို၍ နည်းပါးသည်ကို တွေ့ရကြောင်း သုတေသန ပညာရှင်များက ပြောကြားသည်။

ထို့ပြင် တစ်ရက်လျှင် ကော်ဖီ သုံးခွက်မှ လေးခွက်ထိသောက်သုံးသူများသည် လည်ပင်းအောက်ပိုင်း ကင်ဆာရောဂါ တစ်မျိုးဖြစ်သည့် Hypopharyngeal Cancer ခေါ် ကင်ဆာရောဂါ ဖြစ်နိုင်ခြေမှာလည်း ၄၁ ရာခိုင်နှုန်း နည်းပါးကြောင်း သိရသည်။

ဦးခေါင်းနှင့်လည်ပင်းကင်ဆာရောဂါများသည် ကမ္ဘာပေါ်၌ သတ္တမမြောက် အဖြစ်အများဆုံး ကင်ဆာရောဂါများ ဖြစ်ကြောင်း သိရသည်။

Ref : Russia Today

Trs : KKO



## နိုင်ငံတကာ အားကစားသတင်းများ

# ခံစစ်ကစားသမား ဖရင်ပေါင်ကို စာချုပ်ဖျက်သိမ်းကြေးဖြင့် ခေါ်ယူမည်ဟု နည်းပြစလော့ပြောကြား

လန်ဒန် မတ် ၁၈

လီဗာပူးအသင်းသည် ခံစစ်ပိုင်းမှ အာနီးကို လာမည့် ဇွန် ၃၀ ရက်တွင် အလွတ်ပြောင်းရွှေ့ကြေးဖြင့် လက်လွတ်ရမည်ဖြစ်သောကြောင့် ၎င်းနေရာတွင် အစားထိုးရန် အတွက် လေဗာကူဆင်အသင်း ခံစစ်ကစားသမား ဖရင်ပေါင်ကို စာချုပ်ဖျက်သိမ်းကြေးဖြင့် ခေါ်ယူသွားမည်ဖြစ်ကြောင်း နည်းပြစလော့က ပြောကြားခဲ့သည်။

ခံစစ်ကစားသမား ဖရင်ပေါင်သည် လေဗာကူဆင်အသင်းနှင့် လာမည့် ၂၀၂၈ ခုနှစ်ထိ စာချုပ်သက်တမ်းကျန်ရှိနေသော်လည်း စာချုပ်ဖျက်သိမ်းကြေးမှာ ယူရို သန်း ၄၀ သာ ရှိသည့်အတွက် လီဗာပူးအသင်းနည်းပြစလော့က ဖရင်ပေါင်ကို လာမည့်နွေရာသီတွင် ခေါ်ယူ၍ ပုံမှန်စာချုပ်ချုပ်ဆိုနိုင်မည်ဟု ပြောကြားခဲ့ကြောင်း သိရသည်။

အသက် ၂၄ နှစ်ရှိ ဖရင်ပေါင်ကို ဘာစီလိုနာအသင်းနှင့် ရီးရဲလ်မက်ဒရစ် အသင်းတို့ကလည်း ကမ်းလှမ်းမှု ပြုလုပ်နေသောကြောင့် နည်းပြစလော့က လက်ဦးမှု ရယူနိုင်ရန် ဆွေးနွေးမှုများ တိုးမြှင့်လုပ်ဆောင်နေသကဲ့သို့ ကစားသမားအနေဖြင့်လည်း လီဗာပူးအသင်းသို့ပြောင်းရွှေ့ရန် ဆန္ဒရှိနေကြောင်း သိရသည်။

ဖရင်ပေါင်သည် ပြီးခဲ့သည့် ဘောလုံးရာသီက လေဗာကူဆင်အသင်းကို ဆုဖလားနှစ်လုံးရရှိအောင် အဓိကနေရာမှ ပါဝင်စွမ်းဆောင်နိုင်ခဲ့ပြီးနောက် ယခုနှစ်တွင်လည်း ပြိုင်ပွဲစုံ ပွဲ ၄၀ တွင် သွင်းဂိုး လေးဂိုးနှင့် ဂိုးဖန်တီးမှု ကိုးကြိမ်ထိ ပြုလုပ်နိုင်ခဲ့သဖြင့် ဥရောပထိပ်သီး ကလပ်များက စိတ်ဝင်စားလျက်ရှိကြောင်း သိရသည်။

Ref : Daily mail
Trs : ML



## အားကစားသတင်းအတိုအထွာများ

- ❑ မန်ယူအသင်းအနေဖြင့် ယူရို နှစ်ဘီလီယံကုန်ကျမည့် ကွင်းသစ်စီမံကိန်းကို ထုတ်ပြန်ကြေညာခဲ့ပြီးနောက် ရက်သတ္တပတ်အကြာတွင် လာမည့် ၂၀၂၅-၂၀၂၆ ဘောလုံးရာသီတွင် လက်မှတ်ခနှုန်းထားများကို ငါးရာခိုင်နှုန်းထိ တိုးမြှင့်သွားမည်ဖြစ်ကြောင်း အတည်ပြုခဲ့ပြီး လက်မှတ်တစ်စောင်လျှင် ၂ ဒသမ ၅၀ စတာလင်ပေါင်ရှိကြောင်း သိရသည်။
- ❑ ကြွက်သားဒဏ်ရာကြောင့် အနားယူနေရသည့် ဂိုးသမား နူအာသည် နိုင်ငံတကာပြိုင်ပွဲကာလပြီးဆုံးချိန် စိန့်ပေါ်လီအသင်းနှင့် ကစားမည့်ပွဲစဉ်တွင် ပြန်လည်ပါဝင်မည်ဖြစ်ကြောင်း သိရသည်။
- ❑ ဘာစီလိုနာအသင်းက အေတီကိုအသင်းကို အနိုင်ရခဲ့သည့်ပွဲစဉ်တွင် ဒူးဒဏ်ရာရခဲ့သည့် ကာဆာဒိုသည် နှစ်လခန့် အနားယူရမည်ဖြစ်ကြောင်း ဘာစီလိုနာအသင်းက ထုတ်ပြန်ခဲ့သည်။

ML

# ONE 173 ပြိုင်ပွဲတွင် မြန်မာဖိုက်တာ စိုးလင်းဦး အင်္ဂလန်ဖိုက်တာ ဟာရီဆင်နှင့် ထိုးသတ်မည်




လန်ဒန် မတ် ၁၈

မြန်မာဖိုက်တာ စိုးလင်းဦးသည် ONE 173 ပြိုင်ပွဲတွင် အင်္ဂလန်ဖိုက်တာတစ်ဦးဖြစ်သည့် ဟာရီဆင်နှင့် ဘင်တန်ဝိတ်တန်း ပွဲစဉ်အဖြစ် ဩဂုတ် ၁ ရက်တွင် အမေရိကန်နိုင်ငံ၌ ထိုးသတ်သွားမည်ဖြစ်ကြောင်း သိရသည်။

စိုးလင်းဦးသည် ONE Championship က ကြီးမှူးပြီး ထိုင်းနိုင်ငံတွင် အပတ်စဉ်ကျင်းပနေသည့် ONE Fight Night ပြိုင်ပွဲများတွင် ဝင်ရောက် ထိုးသတ်ခဲ့ပြီး သုံးပွဲဆက် အလဲထိုးဖြင့် နိုင်ပွဲများရရှိခဲ့ပြီးနောက် ONE Championship နှင့် စာချုပ်ချုပ်ဆိုကာ ONE ပြိုင်ပွဲများတွင် ဝင်ရောက်ထိုးသတ်နေခြင်းဖြစ်သည်။

စိုးလင်းဦးသည် ONE Championship နှင့် စာချုပ်မချုပ်ဆိုမီက ONE Fight Night ပြိုင်ပွဲများတွင် ဝင်ရောက်ထိုးသတ်ခဲ့ရာ သုံးပွဲဆက် အလဲထိုးဖြင့် အနိုင်ရရှိခဲ့သော်လည်း ONE Championship နှင့် စာချုပ် ချုပ်ဆိုပြီးနောက် သုံးပွဲထိုးသတ်ခဲ့ရာတွင် ထိုင်းဖိုက်တာများဖြစ်သည့် နာဘီ၊ ဆက်ဆန်တို့ကို ဒိုင်မှတ်ဖြင့် ရှုံးနိမ့်ခဲ့သကဲ့သို့ နောက်ဆုံးထိုးသတ်ခဲ့သည့် ရုရှားဖိုက်တာ ဒီမီထရီကက်ချွန်းနှင့် ပွဲစဉ်တွင်လည်း ဒိုင်မှတ်ဖြင့် ရှုံးနိမ့်ခဲ့ပြီး သုံးပွဲဆက် ရှုံးနိမ့်ခဲ့ကာ ဟာရီဆင်နှင့်ပွဲစဉ်ကို လေးပွဲမြောက်အဖြစ် ထိုးသတ်သွားမည်ဖြစ်သည်။

အင်္ဂလန်ဖိုက်တာ ဟာရီဆင်သည်လည်း ONE ပြိုင်ပွဲများတွင် ခြောက်ပွဲ ထိုးသတ်ထားကာ နှစ်ပွဲအနိုင်ရရှိခဲ့ပြီး လေးပွဲရှုံးနိမ့်ခဲ့သည့် မှတ်တမ်းပိုင်ဆိုင်ထားသူဖြစ်ကြောင်း သိရသည်။

STA

# The Players Championship ဂေါက်သီးရိုက်ပြိုင်ပွဲ ချန်ပီယံဆုကို မက်အီလ်ရွိုင်း ဆွတ်ခူးရရှိ



ဖလော်ရီဒါ မတ် ၁၈

အမေရိကန်နိုင်ငံ ဖလော်ရီဒါပြည်နယ်တွင် ကျင်းပခဲ့သည့် The Players Championship ဂေါက်သီးရိုက်ပြိုင်ပွဲတွင် မြောက်အိုင်ယာလန် ဂေါက်သီးရိုက်ကစားသမား မက်အီလ်ရွိုင်းက ချန်ပီယံဆု ဆွတ်ခူးရရှိခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

The Players Championship ဂေါက်သီးရိုက်ပြိုင်ပွဲ နောက်ဆုံးနေ့အပြီးတွင် မက်အီလ်ရွိုင်းနှင့် ဂျေဂျေစပေါင်းတို့ စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် ၁၂ ချက်စီလျော့ရိုက်ပြီး အမှတ်ပေးဇယားကို ပူးတွဲဦးဆောင်နိုင်ခဲ့သဖြင့် ချန်ပီယံအဆုံးအဖြတ်အတွက် အခြားသော ဂေါက်သီးရိုက်ပြိုင်ပွဲများနှင့်မတူပဲ Play-off အဆင့်အား နောက်ဆုံးနေ့အပြီး နောက်တစ်ရက်တွင် ဆက်လက်ကျင်းပခဲ့ရာ Play-off တွင် မက်အီလ်ရွိုင်းက အနိုင်ရရှိပြီး ချန်ပီယံဆု ဆွတ်ခူးရရှိခဲ့သည်။

ဂျေဂျေစပေါင်းက "ဒီပြိုင်ပွဲဟာ စိတ်လှုပ်ရှားစရာကောင်းတဲ့ ပြိုင်ပွဲဖြစ်ခဲ့သလို ဂေါက်ကွင်းကလည်း အကောင်းဆုံးဂေါက်ကွင်းပါ။ အကောင်းဆုံးဂေါက်ကွင်းမှာ အကောင်းဆုံး ကစားနိုင်ခဲ့လို ဝမ်းသာဂုဏ်ယူပါတယ်။ လေတိုက်နှုန်းတွေ မြင့်မားခဲ့ပေမဲ့ အကောင်းဆုံး ကစားနိုင်ခဲ့ပြီး ချန်ပီယံ အဆုံးအဖြတ်အတွက် Play-off ကစားခဲ့ရတယ်။ Play-off မှာ အကောင်းဆုံးကစားနိုင်ခဲ့ပေမဲ့ ကျွန်တော့်ထက် ပိုကောင်းအောင် ကစားနိုင်ခဲ့တဲ့ မက်အီလ်ရွိုင်းက ချန်ပီယံဆုကို ဆွတ်ခူးရရှိခဲ့ပါတယ်။ မက်အီလ်ရွိုင်းဟာ အကောင်းဆုံးကစားသမားတွေထဲက တစ်ယောက်ပါ။ ချန်ပီယံဆုကို ထိုက်ထိုက်တန်တန်နဲ့ ဆွတ်ခူးရရှိသွားခဲ့ခြင်းဖြစ်ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : RT
Trs : AZL

# ဘာစီလိုနာအသင်းနှင့် အိုဆာဆူနာအသင်းတို့ ပြန်ကန်ပွဲစဉ်ကို မတ် ၂၇ ရက်တွင်ကစားရန် RFEF ဆုံးဖြတ်

မက်ဒရစ် မတ် ၁၈

စပိန်ဘောလုံးအဖွဲ့ချုပ် (RFEF) သည် မတ် ၈ ရက်က ဘာစီလိုနာအသင်း ဆရာဝန်ဆုံးပါးမှုကြောင့် ရွှေ့ဆိုင်းခဲ့ရသည့် ဘာစီလိုနာအသင်းနှင့် အိုဆာဆူနာအသင်းတို့ ပွဲစဉ်ကို လာမည့် မတ် ၂၇ ရက်တွင် ပြန်လည်ကျင်းပရန် ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။



ဘာစီလိုနာအသင်းနှင့် အိုဆာဆူနာအသင်းတို့ ပွဲစဉ်ကို မတ် ၈ ရက်က ကျင်းပရန် ဆုံးဖြတ်ထားသော်လည်း ပြိုင်ပွဲမတိုင်မီ ဘာစီလိုနာအသင်းမှ ကလပ်အသင်းဆရာဝန် မာရီနာ ရုတ်တရက် ကွယ်လွန်ခဲ့မှုကြောင့် ပြိုင်ပွဲကို ရွှေ့ဆိုင်းခဲ့ရပြီး ယခုအခါ အဆိုပါပွဲစဉ်ကို လာမည့် မတ် ၂၇ ရက်တွင် ပြန်လည်ကျင်းပသွားရန် စပိန်ဘောလုံးအဖွဲ့ချုပ်က ထုတ်ပြန်ထားသည်။

ဘာစီလိုနာအသင်းသည် မတ် ၂၇ ရက် အိုဆာဆူနာအသင်းနှင့် ပွဲစဉ်အပြီး နှစ်ရက်အကြာတွင် ဂျီရိုနာအသင်းနှင့် ကစားရမည်ဖြစ်ပြီး အိုဆာဆူနာအသင်းက ဘီလ်ဘာအိုအသင်းနှင့် ပွဲစဉ်အပြီးတွင် ဘာစီလိုနာအသင်းနှင့် ဆက်တိုက်ကစားရမည်ဖြစ်သောကြောင့် မတ် ၂၇ ရက်တွင် ကစားမည့် ပွဲစဉ်ကို ကလပ်အသင်းနှစ်သင်းလုံးက ငြင်းဆန်ခဲ့ခြင်းဖြစ်သည်။

လက်ရှိတွင် ကလပ်အသင်းနှစ်သင်းမှ တာဝန်ရှိသူများက မတ် ၂၇ ရက်တွင် ကျင်းပမည့်ပွဲစဉ်ကို ထပ်မံရွှေ့ပြောင်းပေးရန် တောင်းဆိုထားပြီး အယူခံတင်သွင်းသွားမည်ဖြစ်ကြောင်း ပြောကြားထားသဖြင့် ၄၈ နာရီအတွင်း အယူခံတင်သွင်းရမည်ဖြစ်သည်။

ဘာစီလိုနာ အသင်းသည် အမှတ်ပေးပွဲ ၂၇ ပွဲ အပြီးတွင် ရမှတ် ၆၀ နှင့် အမှတ်ပေးဇယားကို ဦးဆောင်နေပြီး အိုဆာဆူနာအသင်း က ၂၇ ပွဲကစားအပြီးတွင် ရမှတ် ၃၃ မှတ်ဖြင့် အမှတ်ပေး ဇယား အဆင့် (၁၄) နေရာတွင် ရပ်တည်လျက်ရှိကြောင်း သိရသည်။ Ref : Barcablaugranes

Trs : ML

# ယခုနှစ် လာလီဂါချန်ပီယံဆုကို ဘာစီလိုနာအသင်း ဆွတ်ခူးနိုင်ဟု စူပါကွန်ပျူတာ ခန့်မှန်း

**မက်ဒရစ် မတ် ၁၈**

ယခုနှစ် လာလီဂါအမှတ်ပေး ချန်ပီယံဆုဖလားကို ဘာစီလိုနာအသင်း ဆွတ်ခူးရရှိနိုင်သည်ဟု Opta ၏ စူပါကွန်ပျူတာက ခန့်မှန်းထားကြောင်း သိရသည်။

ဘာစီလိုနာ အသင်းသည် အမှတ်ပေးပြိုင်ပွဲ ၂၇ ပွဲကစားအပြီးတွင် ၁၉ ပွဲနိုင်၊ သုံးပွဲသရေ၊ ငါးပွဲရှုံး ရမှတ် ၆၀ ရရှိခဲ့ပြီး အဆင့်(၁) တွင် ရပ်တည်နေသော်လည်း ရီးရဲလ်မက်ဒရစ်အသင်းက ၂၈ ပွဲကစားအပြီးတွင်၁၈ ပွဲနိုင်၊ ခြောက်ပွဲသရေ၊ လေးပွဲရှုံး ရမှတ် ၆၀ ရယူနိုင်ခဲ့ကာ အဆင့်(၂) သို့ ရောက်ရှိနေချိန်တွင် စူပါကွန်ပျူတာက ဘာစီလိုနာအသင်းအနေဖြင့် ယခုနှစ် အမှတ်ပေးဆုဖလားကို ရရှိနိုင်သည်ဟု ခန့်မှန်းခဲ့ခြင်းဖြစ်သည်။

စူပါကွန်ပျူတာ ခန့်မှန်းဖော်ပြချက်တွင် ဘာစီလိုနာအသင်း ချန်ပီယံဖြစ်နိုင်သည့် အခြေအနေမှာ ၆၈ ဒသမ ၅ ရာခိုင်နှုန်းရှိနေပြီး ရီးရဲလ်မက်ဒရစ်အသင်းအနေဖြင့် ချန်ပီယံဖြစ်နိုင်ခြေမှာ ၂၈ ဒသမ ၅ ရာခိုင်နှုန်းသာ ရှိနေသောကြောင့် ဘာစီလိုနာအသင်းသာ ချန်ပီယံဆုကို ဆွတ်ခူးနိုင်မည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် အမှတ်ပေးဇယား တတိယနေရာမှ အေတီကိုအသင်းသည် ၂၈ ပွဲကစားအပြီးတွင် ၁၆ ပွဲနိုင်၊ ရှစ်ပွဲသရေ၊ လေးပွဲရှုံးရလဒ်ဖြင့် ရမှတ် ၅၆ မှတ်ရရှိထားသော်လည်း ချန်ပီယံဖြစ်နိုင်သည့် အခြေအနေမှာ ၂ ဒသမ ၉ ရာခိုင်နှုန်းသာ ရှိကြောင်း စူပါကွန်ပျူတာက ခန့်မှန်းဖော်ပြထားကြောင်း သိရသည်။



Ref : Opta analyst
Trs : ML

# MNL 2 Promotion Amateur Club Tournament အုပ်စုပွဲစဉ်များ ဆက်လက်ကျင်းပ



**ရန်ကုန် မတ် ၁၈**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၊ မြန်မာနေရှင်နယ်လိဂ် ကော်မတီမှ ကြီးမှူးကျင်းပသည့် MNL 2 Promotion Amateur Club Tour–nament 2025 ပြိုင်ပွဲ အုပ်စုပွဲစဉ်များကို ယနေ့နံနက်ပိုင်းမှစတင်ပြီး ရန်ကုန်မြို့၌ ဆက်လက်ကျင်းပခဲ့ရာ ZAN United အသင်း၊ Enjoy Brother အသင်းနှင့် Young Boy အသင်းတို့ နိုင်ပွဲရရှိခဲ့ကြကြောင်း သိရသည်။

MNL 2 Promotion Amateur Club Tournament ပြိုင်ပွဲ အုပ်စုပွဲစဉ်များ ယနေ့နံနက် ၈ နာရီခွဲက ရန်ကုန်မြို့ ဗဟန်းလေ့ကျင့်ရေးကွင်းတွင် ZAN United အသင်းနှင့် W United အသင်းတို့ ကစားခဲ့ရာ ZAN United အသင်းက ခြောက်ဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ZAN United အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၁၀ မိနစ်နှင့် မိနစ် ၉၀ တွင် အောင်ကျော်နိုင်၊ ပွဲချိန် ၁၄ မိနစ်နှင့် မိနစ် ၃၀ တွင် ပြည့်စုံဦး၊ ပွဲချိန် ၃၂ မိနစ်တွင် သန်းမြတ်စိုးနှင့် ပွဲချိန် ၃၄ မိနစ်တွင် စိုင်းညီညီထွန်း၊ W United အသင်းအတွက် တစ်လုံးတည်းသောသွင်းဂိုးကို ပွဲချိန် မိနစ် ၂၀ တွင် ပြည့်ဟိန်းကျော်က သွင်းယူပေးနိုင်ခဲ့သည်။

ဆက်လက်ပြီး ညနေ ၄ နာရီတွင် ဗဟန်းလေ့ကျင့်ရေးကွင်း၌ Enjoy Brother အသင်းနှင့် Happy Friendship အသင်းတို့ ကစားခဲ့ရာ Enjoy Brother အသင်းက သုံးဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး Enjoy Brother အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် လေးမိနစ်တွင် ရှိုင်းထက်အောင်၊ ပွဲချိန် ၈၅ မိနစ်တွင် နေလင်းထွန်းနှင့် ပွဲချိန် ၉၃ မိနစ်တွင် အာကာငြိမ်းတို့က သွင်းယူပေးနိုင်ခဲ့ပြီး Happy Friendship အသင်းအတွက် သွင်းဂိုးကို ပွဲချိန် ၂၄မိနစ်တွင် ဂရေဟမ်က သွင်းယူပေးနိုင်ခဲ့ပြီး MFF Training Field–2 တွင် Young Boy အသင်းနှင့် Asia Lions အသင်းတို့ကစားခဲ့ရာ Young Boy အသင်းက သုံးဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီး Young Boy အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၁၂ မိနစ်တွင် ကျော်ပြည့်စုံ၊ ပွဲချိန် ၄၄ မိနစ်တွင် တင်ကိုကိုထွန်းနှင့် ပွဲချိန် ၈၅ မိနစ်တွင် နိုင်လင်းတို့က သွင်းယူပေးနိုင်ခဲ့ကြောင်း သိရသည်။

STA

# အာဆင်နယ်အသင်းနှင့် ချဲလ်ဆီးအသင်းတို့က အင်တာမီလန်မှ သူရမ်ကို စာချုပ်ဖျက်သိမ်းကြေးပေး၍ အပြိုင်ကမ်းလှမ်းရန်ပြင်ဆင်

**လန်ဒန် မတ် ၁၈**

အာဆင်နယ် အသင်းနှင့် ချဲလ်ဆီးအသင်းတို့က လာမည့် နွေရာသီ ကစားသမားအပြောင်းအရွှေ့ကာလတွင် အင်တာမီလန်အသင်းနှင့် အကောင်းဆုံးခြေစွမ်းပြသလျက်ရှိနေသည့် တိုက်စစ်ကစားသမား သူရမ်ကို စာချုပ်ဖျက်သိမ်းကြေးပေးချေကာ အပြိုင်ကမ်းလှမ်းရန် ပြင်ဆင်လျက်ရှိကြောင်း သိရသည်။

အသက် ၂၃ နှစ်ရှိ သူရမ်သည် ၂၀၂၃ ခုနှစ်က မိုချန်ဂလာဘတ်အသင်းမှ အင်တာမီလန်အသင်းသို့ ပြောင်းရွှေ့ကစားခဲ့ပြီး အသင်းနှင့် ပထမဆုံးဘောလုံးရာသီတွင် အကောင်းဆုံးခြေစွမ်း ပြသနိုင်ခဲ့သကဲ့သို့ ယခုနှစ် ဘောလုံးရာသီတွင်လည်း အကောင်းဆုံးခြေစွမ်း ပြသလျက်ရှိသဖြင့် လန်ဒန်ဒါဘီနှစ်သင်းက အပြိုင်ကမ်းလှမ်းရန် ပြင်ဆင်နေခြင်းဖြစ်သည်။



လက်ရှိ အင်တာမီလန်အသင်းနှင့် သူရမ်တို့၏ စာချုပ်သက်တမ်းမှာ လာမည့် ၂၀၂၈ ခုနှစ်ထိ ကျန်ရှိနေပြီး ၎င်း၏ စာချုပ်လျော်ကြေးမှာလည်း စတာလင်ပေါင်သန်း ၇၀ သတ်မှတ်ထားသည့်အတွက် ၎င်းကို ခေါ်ယူလိုသည့် အသင်းအနေဖြင့် လာမည့် နွေရာသီ ကစားသမားအပြောင်းအရွှေ့ကာလတွင် စာချုပ်ဖျက်သိမ်းကြေးပေးချေပြီးမှသာခေါ်ယူနိုင်မည်ဖြစ်သည်။

အာဆင်နယ် အသင်းသည် ယခုနှစ် ဘောလုံးရာသီတွင် အသင်း အထောင်တိုက်စစ်ပိုင်းတွင် လိုအပ်ချက်များရှိနေခြင်းကြောင့် ချန်ပီယံဆုမျှော်လင့်ချက်ကိုပါ ထိခိုက်ခဲ့ရသည့်အတွက် လာမည့်နွေရာသီ ကစားသမားအပြောင်းအရွှေ့ ကာလတွင် အထောင်တိုက်စစ် ကစားသမားတစ်ဦးအလိုရှိနေပြီး ချဲလ်ဆီးအသင်းကလည်း အသင်းတွင် တိုက်စစ်ကစားသမား အများအပြားရှိနေသော်လည်း အသင်းအထောင် တိုက်စစ်နေရာတွင် ဂျက်ဆင်နှင့် အန်ကူကူတို့ နှစ်ဦးသာရှိပြီး အန်ကူကူအနေဖြင့် အသင်းမှထွက်ခွာမည့် အခြေအနေများကြောင့် အထောင်တိုက်စစ်ပိုင်းအတွက် သူရမ်ကို ပစ်မှတ်ထားနေခြင်း ဖြစ်ကြောင်း သိရသည်။

Ref : Fabrizio Romano
Trs : STA

# အာရှဖူဆယ်လိဂ်ပြိုင်ပွဲနှင့် ဆီးဂိမ်းပြိုင်ပွဲအတွက် မြန်မာအသင်း ကစားသမားစာရင်းထုတ်ပြန်

**ရန်ကုန် မတ် ၁၈**

မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်းနည်းပြ Mr.Pattaya Piemkum က ယခုနှစ်အတွင်း ကစားမည့် အာရှဖူဆယ်လိဂ်ပြိုင်ပွဲ ခြေစစ်ပွဲနှင့် ဆီးဂိမ်းပြိုင်ပွဲတို့အတွက် မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်း၏ ပဏာမကစားသမားစာရင်း ထုတ်ပြန်ကြေညာခဲ့ကြောင်း သိရသည်။

မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်းနည်းပြသစ် Mr. Pattaya Piemkum သည် မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်းကို တာဝန်ယူကိုင်တွယ်ခဲ့ပြီးနောက် နိုင်ငံတကာပြိုင်ပွဲဝင်ရောက်ခြင်း မရှိသေးဘဲ ယခုနှစ်အတွင်း အာရှဖူဆယ်လိဂ်ပြိုင်ပွဲ ခြေစစ်ပွဲနှင့် ဆီးဂိမ်းပြိုင်ပွဲတို့ကို တာဝန်ယူကိုင်တွယ်သွားမည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်းနည်းပြ Mr. Pattaya Pie–mkum က ပဏာမကစားသမားစာရင်းကို ပြီးခဲ့သည့် မြန်မာဖူဆယ်လိဂ်ပြိုင်ပွဲတွင် အကောင်းဆုံးခြေစွမ်းပြ ကစားနိုင်ခဲ့သည့် ကစားသမားများကို ရွေးချယ်ထားပြီး ပဏာမကစားသမား ၂၅ ဦးမှာ မြန်မာဖူဆယ်လိဂ် ပြိုင်ပွဲတွင် ချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့သည့် MIU FC အသင်းမှ ကစားသမား ရှစ်ဦးထိ ပါဝင်ခဲ့သည်။

မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်းသည် အာရှဖူဆယ်လိဂ်ပြိုင်ပွဲ ခြေစစ်ပွဲနှင့် ဆီးဂိမ်းပြိုင်ပွဲတို့အတွက် စခန်းသွင်းလေ့ကျင့်မှုများကို နှစ်ကြိမ်ခွဲ၍ ပြုလုပ်သွားမည်ဖြစ်ပြီး ပထမအကြိမ်အဖြစ် မတ် ၂၄ ရက်မှ ဧပြီ ၁၂ ရက်ထိလည်းကောင်း၊ ဒုတိယအကြိမ် စခန်းသွင်းလေ့ကျင့်မှုကို ဧပြီ ၁၈ ရက်မှ ၂၇ ရက်ထိလည်းကောင်း ပြုလုပ်သွားမည်ဖြစ်ပြီး စခန်းသွင်းလေ့ကျင့်မှုများ အပြီးတွင် ထိုင်းနိုင်ငံသို့သွားရောက်ကာ လေ့ကျင့်ရေး ခြေစမ်းပွဲစဉ်များကိုလည်း ဆက်လက်ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သိရသည်။

STA

# ကမ္ဘာ့အဆင့်(၁) တင်းနစ်ကစားသမားဂျန်နစ်ခ်ဆင်နာ အေဂျင့်နှင့်လမ်းခွဲကြောင်း ထုတ်ဖော်ပြောကြား

**ပဲရစ် မတ် ၁၈**

ကမ္ဘာ့အဆင့်(၁) နေရာတွင် ရပ်တည်နေသည့် အီတလီတင်းနစ်ကစားသမား ဂျန်နစ်ခ်ဆင်နာသည် ကာလရှည် လက်တွဲလာသည့် အေဂျင့်ဖြစ်သူနှင့် လမ်းခွဲလိုက်ပြီဟု ပြောကြားခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ဂျန်နစ်ခ်ဆင်နာသည် နည်းပြဖြစ်သူကြောင့် တားမြစ်ဆေးဝါးသုံးစွဲခဲ့သည့် ပြဿနာဖြင့် ရင်ဆိုင်ခဲ့ရပြီး နည်းပြဖြစ်သူနှင့် လမ်းခွဲထားသူဖြစ်ပြီး လက်ရှိတွင်လည်း ပွဲပယ်ပြစ်ဒဏ်ဖြင့် ရင်ဆိုင်နေရကာ ပြင်ဆင်လေ့ကျင့်မှုများ ပြုလုပ်နေသူဖြစ်သည်။

တားမြစ်ဆေးဝါးသုံးစွဲသည့် ပြဿနာကြောင့် သုံးလပွဲပယ်ပြစ်ဒဏ်ဖြင့် ရင်ဆိုင်နေရပြီး ပွဲပယ်ပြစ်ဒဏ် ပြည့်မြောက်ပါက ပြိုင်ပွဲပြန်ဝင်နိုင်ရေးအတွက် ပြင်ဆင်နေချိန်တွင် ၎င်းနှင့် အဆင်မပြေဖြစ်နေသည့် အေဂျင့်ဖြစ်သူ ဖရန့်ကိုပန်နှင့် လမ်းခွဲကြောင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

ဂျန်နစ်ခ်ဆင်နာက "ဖရန့်ကိုပန်နဲ့ သူ့အဖွဲ့ဟာ ကျွန်တော့်ကို အများကြီး အထောက်အပံ့ဖြစ်စေခဲ့ပါတယ်။ ကျွန်တော့်ဘဝမှာ သူတို့နဲ့အတူ လက်တွဲအလုပ်လုပ်ခွင့်ရတဲ့အခိုက်အတန့်ကို အမြဲသတိရနေမှာပါ။ ကျွန်တော်အခုလို အခြေအနေထိ ရောက်လာအောင် အများကြီးကူညီပေးခဲ့တဲ့ ဖရန့်နဲ့ သူ့အဖွဲ့ကိုလည်း ကျေးဇူးတင်ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Xinhua
Trs : AZL



# မျိုး၊ မြေ၊ ရေ၊ နည်း လေးချက်ညီစိုက်ပျိုးခြင်းဖြင့် စိုက်ပျိုးရေးစွမ်းအားများကို မြှင့်တင်ကြပါစို့

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရသည် နိုင်ငံတော်တာဝန်များကို စတင်တာဝန်ယူသည့် အချိန်မှစ၍ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရှေ့လုပ်ငန်းစဉ်(၅)ရပ်နှင့် ဦးတည်ချက်(၉)ရပ် ချမှတ်ကာနေ့မအားညမအားအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ စင်စစ်အားဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏အမျိုးသားရေးရည်မှန်းချက်သည် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာပေါများရေးဖြစ်သည်။ နိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားပြည်သူများ၏ လိုလားချက်သည် အေးချမ်းသာယာဝပြောသည့် တိုင်းပြည်အတွင်း စားရေရိက္ခာများအတွက်မပူပင်ရဘဲ ဖူဖူလုံလုံ လောက်လောက်ငငဖြင့် စားသောက်နေထိုင်နိုင်ရေးပင်ဖြစ်သည်။

**ပြည့်စုံကြွယ်ဝ**

မြန်မာနိုင်ငံသည် ဒေသအလိုက် သီးနှံမျိုးစုံဖြစ်ထွန်းရှင်သန်စေနိုင်မည့် မတူညီသည့်ရာသီဥတု၊ မြေအမျိုးအစား၊ သဘာဝဂေဟစနစ်၊ စိုက်ပျိုးရေးအရင်းအမြစ်စသည့် စိုက်ပျိုးရေးကိုအထောက်အကူပြုသည့်အခြေခံကောင်းများ ပြည့်စုံကြွယ်ဝသည့်နိုင်ငံဖြစ်သည်။ ထို့ပြင် တိုင်းရင်းသားလူမျိုးပေါင်းစုံသည် ဒေသအနှံ့တွင်ပျံ့နှံ့နေထိုင်လျက်ရှိသဖြင့် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းတွင် အဓိကလိုအပ်သည့် လူသားစွမ်းအင်အရင်းအမြစ်များ ခိုင်မာတောင့်တင်းနေပြီး စိုက်ပျိုးရေးအတွက် အားသာချက်ကိုဖြစ်ပေါ်စေလျက်ရှိသည်။

ရှေးမြန်မာဘုရင်များ လက်ထက်ကတည်းက ပြည်သူလူထု၏ လူမှုဘဝအခြေအနေတိုးတက်ကောင်းမွန်ရေးနှင့် စားရေရိက္ခာဖူလုံရုံမက ပို့လျှံရေးအတွက် စိုက်ပျိုးရေးကို အလေးထားလုပ်ဆောင်ပေးခဲ့သည့် ကောင်းမွန်သောအစဉ်အလာများရှိခဲ့သည်။ ခေတ်အဆက်ဆက်တွင် အစိုးရအဆက်ဆက်သည်လည်း မြန်မာနိုင်ငံ၏စိုက်ပျိုးရေးတိုးတက်ဖွံ့ဖြိုးရန် မူဝါဒများချမှတ်ပြီး ကြိုးပမ်းလုပ်ဆောင်ခဲ့ကြသည်။ ရေသွင်းစိုက်ပျိုးရေးအတွက် နိုင်ငံတစ်ဝန်း၌ ဆည်မြောင်း၊ တာတမံများ ဖြန့်ကြက်တည်ဆောက်ပေးခဲ့သည်။

**လူသားအရင်းအမြစ်များ မွေးထုတ်ရန်လို**

နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးရေးကဏ္ဍကိုမြှင့်တင်ရာတွင် အရေးပါသည့်အချက်တစ်ရပ်မှာ လူသားအရင်းအမြစ်ပင်ဖြစ်သည်။ နိုင်ငံ့လူဦးရေ၏ထက်ဝက်ကျော်တို့ တိုက်ရိုက်သော်လည်းကောင်း၊ ဆက်စပ်၍သော်လည်းကောင်း အသက်မွေးဝမ်းကျောင်းပြုနေကြသည့် စိုက်ပျိုးရေးကဏ္ဍတိုးတက်ဖွံ့ဖြိုးလာပါက နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ နိုင်ငံ့လူဦးရေ၏ ထက်ဝက်ကျော်တို့လည်း လူမှုစီးပွားဘဝ တိုးတက်ကောင်းမွန်လာမည်ဖြစ်ရာ စိုက်ပျိုးရေးကဏ္ဍအတွက် လိုအပ်သည့်လူသားအရင်းအမြစ်ကိုလည်း မဖြစ်မနေပြုစုပျိုးထောင်မွေးထုတ်ပေးနေရခြင်းဖြစ်သည်။

ထို့ပြင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က စိုက်ပျိုးမွေးမြူရေးနှင့်စပ်လျဉ်း၍ ကျွမ်းကျင်သူများ မွေးထုတ်နိုင်ရေးအတွက် ၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၁၇ ရက်တွင် ပြုလုပ်ခဲ့သည့် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေး၌ **"မိမိတို့အနေဖြင့် ခေတ်မီစိုက်ပျိုးမွေးမြူရေးစနစ်သို့ သွားနိုင်ရန် ပထမဦးစွာ သမားရိုးကျစိုက်ပျိုးမွေးမြူရေးစနစ်များအစား စနစ်ကျနသည့် စိုက်ပျိုးမွေးမြူရေးသို့ သွားရန်လိုကြောင်း၊ ၎င်းအတွက် လူသားအရင်းအမြစ်များလိုအပ်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် စိုက်ပျိုးမွေးမြူရေးကို ကျွမ်းကျင်မှုရှိသည့် လူသားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေးကြရန်လိုကြောင်း"** ပြောကြားခဲ့ရာ တာဝန်ရှိသူများအနေဖြင့် ပူးပေါင်းဆောင်ရွက်သွားရန် လိုအပ်သည်။

**မျိုး၊ မြေ၊ ရေ၊ နည်း**

စာရေးသူသည် အညာကျေးလက်ဒေသရှိတောင်သူများမှ မွေးဖွားခဲ့သဖြင့် ငယ်စဉ်က မိဘများ၏ စိုက်ပျိုးရေးလုပ်ငန်းများကို ကူညီလုပ်ကိုင်ခဲ့ရသည်။ ထိုစဉ်က သီးနှံအထွက်နှုန်းကောင်းမွန်ရေးအတွက် မျိုးကောင်းမျိုးသန့်များ စုဆောင်းသိုလှောင်စိုက်ပျိုးခဲ့ရသည်။ ကောက်ပဲသီးနှံများရိတ်သိမ်းကတည်းက အကောင်းဆုံးအစေ့အဆန်များကို လာမည့်စိုက်ပျိုးရာသီအတွက် စနစ်တကျသိုလှောင်ထားရသည်။ မြေပဲဆိုလျှင် အတောင့်ကောင်းကောင်းကို နွားချေးသုတ်ထားသော ပုတ်ကြီးများထဲတွင် သိုလှောင်ထားရသည်။ မိုးဦးကျလျှင် အတောင့်နွှင်ရသည်။ အလားတူ ကြက်သွန်ဆိုလျှင်လည်း မျိုးစေ့ကို ယောဒေသသို့သွားဝယ်ပြီး စနစ်တကျပျိုးထောင်ရသည်။ မျိုးကောင်းလျှင် အထွက်နှုန်းလည်းကောင်းသည်။ မျက်မှောက်ကာလတွင် နိုင်ငံတော်အစိုးရက တောင်သူများကို မျိုးကောင်းမျိုးသန့်များ၊ အထွက်နှုန်းကောင်းမျိုးစေ့များ ဖြန့်ဝေပေးလျက်ရှိသဖြင့် ကောက်ပဲသီးနှံအထွန်းနှုန်းကောင်းမွန်ပြီး ပြည်တွင်းစားသုံးမှုဖူလုံသည့်အပြင် ပြည်ပသို့ပင် တင်ပို့နိုင်ပြီဖြစ်သည်။ ဝမ်းမြောက်ဖွယ်ရာပင်ဖြစ်သည်။

စာရေးသူတို့မိဘများ၏ ယာမြေများသည် မြေဆီလွှာကောင်းမွန်သဖြင့် သီးနှံအထွက်နှုန်းကောင်းလေ့ရှိသည်။ သီးနှံပိုမိုထွက်ရှိရန်အတွက် နှစ်စဉ်ကောက်ပဲသီးနှံရိတ်သိမ်းပြီးချိန်တွင် ယာခင်းများကို ပေါင်းရှင်းခြင်း၊ နွားချေးထည့်ခြင်း၊ ထွန်ရေးညက်အောင်ထွန်ခြင်း စသည့်မြေယာပြုပြင်မှုလုပ်ငန်းများလုပ်ဆောင်ရသည်။ သဘာဝမြေဩဇာဖြစ်သည့် နွားချေးထည့်ပြီး ထွန်ရေးညက်အောင်ထွန်ထားမည်ဆိုလျှင် မိုးခေါင်သည့်တိုင်အောင် သီးနှံအထွက်နှုန်းကောင်းမွန်နိုင်သည်။ တတ်နိုင်ပါက ပုလဲခတ်မြေဩဇာ အတန်အသင့်အသုံးပြုနိုင်သည်။ စာရေးသူတို့ငယ်စဉ်က သီးနှံအထွက်နှုန်းကောင်းမွန်ရန် နွားချေးကိုသာ အများဆုံးအသုံးပြုခဲ့သည်။ လက်ရှိအချိန်တွင် နိုင်ငံတော်အစိုးရက တောင်သူများကို ယူရီးယားနှင့် ပုလဲခတ်မြေဩဇာများကို ဈေးနှုန်းချိုသာစွာဖြင့် ဖြန့်ဖြူးရောင်းချပေးလျက်ရှိသည်။ ထို့ပြင် ပိုးသတ်ဆေးများ၊ အပင်အားတိုးဆေးများကိုလည်း အလွယ်တကူဝယ်ယူရရှိနေပြီဖြစ်သည်။ ကောက်ပဲသီးနှံစိုက်ပျိုးရာတွင် သွင်းအားစုများ မှန်မှန်ထည့်နိုင်လျှင် ထည့်နိုင်သလောက် အထွက်နှုန်းလည်း ကောင်းမွန်လေ့ရှိသဖြင့် စနစ်တကျတွက်ချက်ထည့်သွင်းစိုက်ပျိုးသွားသင့်ပေသည်။

လယ်ယာစိုက်ပျိုးရာ၌ အရေးကြီးဆုံးအရာမှာ ရေပင်ဖြစ်သည်။ မိုးလေဝသမှန်ကန်မည်ဆိုလျှင် သီးနှံအထွက်နှုန်းကောင်းမွန်ပြီး လျှုနိုင်တန်းနိုင်သဖြင့် တောင်သူများ ပျော်ရွှင်စိတ်ချမ်းမြေ့ကြသည်။ မိုးခေါင်သည့်နှစ်များတွင် အထွက်နှုန်းနည်းသဖြင့် စားဝတ်နေရေးအတွက် ကသီလင်တနိုင်လှသည်။ လက်ရှိအချိန်တွင် နိုင်ငံတော်အစိုးရက ဆည်မြောင်း၊ တာတမံများနှင့် မြစ်ရေတင်စီမံကိန်းများအကောင်အထည်ဖော်လျက်ရှိသဖြင့် တောင်သူများ စိုက်ပျိုးရေအတွက် စိတ်မပူရတော့ပေ။

> **❖မျိုး၊ မြေ၊ ရေ ကောင်းမွန်နေသည့်တိုင်အောင် စိုက်ပျိုးနည်းစနစ်မှန်ကန်မှုမရှိလျှင် အထွက်နှုန်းနည်းနေမည်ဖြစ်သည့်အတွက် လုပ်သလောက် အကျိုးခံစားရမည်မဟုတ်ချေ။ လယ်ယာမြေများကို သမားရိုးကျနည်းလမ်းအပြင် ခေတ်မီစက်ကိရိယာများဖြင့် ထွန်ယက်ကာ သီးထပ်၊ သီးညှပ်များကို တွက်ချက်စိုက်ပျိုးသွားမည်ဆိုလျှင် အထွက်နှုန်းကောင်းမွန်မည်ဖြစ်သည်။ ထို့ပြင် ကောက်ပဲသီးနှံများ ရိတ်သိမ်းရာတွင်လည်း ခေတ်မီစက်ကိရိယာများနှင့် ရိတ်သိမ်းခြွေလှေ့သွားမည်ဆိုလျှင် မိုးလေကင်းလွတ်ပြီး အထွက်နှုန်းများ ကောင်းမွန်နိုင်မည်ဖြစ်သည်။ ❖**

စိုက်ပျိုးရေးနှင့်ပတ်သက်၍ လိုအပ်သည့်ရေရရှိရေးတွင် မိုးကောင်းသောက်ရေ၊ ဆည်ရေ၊ မြေအောက်ရေ၊ မြစ်ရေဟူ၍ နည်းလမ်းများရှိသည်။ မြစ်ကြီးများအနီးတွင်ရှိသည့်ဒေသများအနေဖြင့် မြစ်ရေတင်စီမံကိန်းများဆောင်ရွက်၍ စိုက်ပျိုးရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်သည်။ နိုင်ငံတကာတွင် အောင်မြင်လျက်ရှိသည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို လေ့လာကြည့်မည်ဆိုပါက ရေသည် အဓိကအရင်းအမြစ်ဖြစ်သည်ကို တွေ့မြင်ရမည်ဖြစ်သည်။ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများအောင်မြင်ခြင်းဖြင့် လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပြီး နိုင်ငံ့စီးပွားတိုးတက်ရေးအတွက်လည်း များစွာအထောက်အကူဖြစ်စေနိုင်မည်ဖြစ်သည်။

မျိုး၊ မြေ၊ ရေ ကောင်းမွန်နေသည့်တိုင်အောင် စိုက်ပျိုးနည်းစနစ်မှန်ကန်မှုမရှိလျှင် အထွက်နှုန်းနည်းနေမည်ဖြစ်သည့်အတွက် လုပ်သလောက် အကျိုးခံစားရမည်မဟုတ်ချေ။ လယ်ယာမြေများကို သမားရိုးကျနည်းလမ်းအပြင် ခေတ်မီစက်ကိရိယာများဖြင့် ထွန်ယက်ကာ သီးထပ်၊ သီးညှပ်များကို တွက်ချက်စိုက်ပျိုးသွားမည်ဆိုလျှင် အထွက်နှုန်းကောင်းမွန်မည်ဖြစ်သည်။ ထို့ပြင် ကောက်ပဲသီးနှံများရိတ်သိမ်းရာတွင်လည်း ခေတ်မီစက်ကိရိယာများနှင့် ရိတ်သိမ်းခြွေလှေ့သွားမည်ဆိုလျှင် မိုးလေကင်းလွတ်ပြီး အထွက်နှုန်းများ ကောင်းမွန်နိုင်မည်ဖြစ်သည်။ အထူးသဖြင့် တောင်သူဦးကြီးများသည် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများ လုပ်ကိုင်ရာတွင် မိုးလေဝသသတင်းကိုအဆက်မပြတ်နားထောင်သွားသင့်ပေသည်။ သို့မှသာလျှင် လေလွင့်ဆုံးရှုံးမှုများ လျှော့ချနိုင်မည်ဖြစ်သည်။

**နည်းလမ်းလေးသွယ်**

အမှန်တော့ စိုက်ပျိုးသီးနှံများ ပန်းတိုင်ရည်မှန်းချက်ပြည့်မီအောင် စိုက်ပျိုးထုတ်လုပ်နိုင်ရန်အတွက် မျိုးကောင်းမျိုးသန့်များလိုအပ်သကဲ့သို့ ခေတ်မီစိုက်နည်းစနစ်များလည်း လိုအပ်သည်။ ထို့ကြောင့် သုတေသနလုပ်ငန်းများ ဆောင်ရွက်ရန်လိုအပ်ပြီး အထွက်ကောင်းမျိုးစေ့များဖြန့်ဝေမှု၊ ခေတ်မီစိုက်နည်းစနစ်များဖြန့်ဝေမှုတို့ကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်သွားရန်လည်း လိုအပ်သည်။

ထို့ကြောင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၁၀ ရက်တွင် မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင်အတွင်းရှိ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME)လုပ်ငန်းရှင်များကိုတွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများနှင့် စီးပွားရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ဆွေးနွေးပြောကြားစဉ် **"စိုက်ပျိုးရေးနှင့်ပတ်သက်၍ နည်းလမ်းလေးသွယ်ရှိပြီး မျိုးများကောင်းမွန်ရန်၊ မြေပြုပြင်ခြင်းနှင့် သွင်းအားစုများ မှန်မှန်ကန်ကန်ထည့်သွင်းရန်၊ စိုက်ပျိုးရေလုံလောက်စွာရရှိရန်နှင့် စိုက်နည်းစနစ်များ မှန်ကန်မှုရှိရန်တို့ပင်ဖြစ်ကြောင်း၊ မိတ္ထီလာခရိုင်အတွင်း စိုက်ပျိုးမြေများ ကောင်းမွန်မှုမရှိသဖြင့် အထွက်နှုန်းနည်းရခြင်းဖြစ်သည်ဟုသိရှိရပြီး လိုအပ်သည့်သွင်းအားစုများကို ပြည့်မီအောင်ထည့်သွင်းခြင်း၊ ပိုက်ဆန်လျှော်စိုက်ပျိုးခြင်း၊ သဘာဝမြေဩဇာများထည့်သွင်းခြင်းတို့အပါအဝင် နည်းလမ်းများရှာဖွေ၍ မြေဆီမြေလွှာကောင်းမွန်လာအောင် ဆောင်ရွက်ခြင်းတို့ဖြင့် မြေပြုပြင်ခြင်းများဆောင်ရွက်သွားရန်လိုကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများ ဖွံ့ဖြိုးလာမှုနှင့်အတူ မွေးမြူရေးလုပ်ငန်းများသည်လည်း တိုးတက်လာမည်ဖြစ်ကာ ဒေသ၏ လူမှုစီးပွားဘဝများသည်လည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း"**ပြောကြားခဲ့ရာ ဒေသရှိအုပ်ချုပ်ရေးဆိုင်ရာတာဝန်ရှိသူများက ဒေသတွင်း၌ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့်လုပ်ငန်းများ အောင်မြင်စွာအကောင်အထည်ဖော်ဆောင်နိုင်ရေး အခွင့်အလမ်းများကို ဖော်ဆောင်ပေးနိုင်ရန် လိုအပ်သည်။

နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် စီးပွားရေးတိုးတက်ရေးတို့အတွက် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများတိုးတက်ရေး ဆောင်ရွက်သွားရန်လိုအပ်သည်။ ထိုမှတစ်ဆင့် စိုက်ပျိုးရေးကိုအခြေခံပြီး ကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာအောင် ကြိုးပမ်းဆောင်ရွက်ခြင်းအားဖြင့် ဒေသအလိုက် လိုအပ်နေသောအလုပ်အကိုင်အခွင့်အလမ်းများကိုဖော်ဆောင်နိုင်ခြင်း၊ စီးပွားရေးလုပ်ငန်းများ တိုးတက်ကောင်းမွန်လာအောင်ဆောင်ရွက်နိုင်ခြင်းတို့ဖြင့် ဒေသ၏ လူသားအရင်းအမြစ်များကို ထိန်းသိမ်းထားနိုင်ပြီး ဒေသဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်မည်ဖြစ်သည်။ ထို့ကြောင့် ဒေသအလိုက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများနှင့် အသေးစား၊ အငယ်စားနှင့် အလတ်စား MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာအောင် ဆောင်ရွက်သွားရန်လိုအပ်သည်။

ထို့ကြောင့် မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကို အခြေခံသည့်နိုင်ငံဖြစ်၍ စိုက်ပျိုးရေရရှိရေးကို ကြိုးပမ်းဆောင်ရွက်ပြီး ပန်းတိုင်အထွက်နှုန်းပြည့်မီရေး၊ သီးထပ်စွမ်းအားမြှင့်တင်ရေး၊ စိုက်ဧကတိုးချဲ့ရေးကို အလေးထားဆောင်ရွက်သွားရန် လိုအပ်ပေသည်။ အထူးသဖြင့် နိုင်ငံတော်၏စီးပွားရေးနှင့် ပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး၊ စားရေရိက္ခာဖူလုံပိုလျှံရေးတို့အတွက် မျိုး၊ မြေ၊ ရေ၊ နည်း မှန်ကန်စွာစိုက်ပျိုးခြင်းဖြင့် စိုက်ပျိုးရေးကဏ္ဍမြှင့်တင်သွားကြပါစို့ဟု တိုက်တွန်းရေးသားလိုက်ရပါသည်။

**ကိုးကား**

**- နေ့စဉ်ထုတ်သတင်းစာများ။**

**မောင်သောင်းဝင်း(တမန်ဟောင်း)**

# မုန်တိုင်းအသချေ ရုပ်သံဇာတ်လမ်းတွဲကို Channel K Myanmar YouTube Channel မှ ထုတ်လွှင့်ပြသမည်




ရန်ကုန် မတ် ၁၈

Lucky Smile ရုပ်ရှင်ထုတ်လုပ်ရေးမှ ရိုက်ကူးထုတ်လုပ်သည့် မုန်တိုင်းအသချေ ရုပ်သံဇာတ်လမ်းတွဲကို Channel K Myanmar YouTube Channel မှ မတ်လ တတိယပတ်အတွင်း ထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း အဆိုပါ ရုပ်သံဇာတ်လမ်းတွဲကို ပုံဖော်ရိုက်ကူးခဲ့သူ ဒါရိုက်တာ နေပိုင်ထံမှ သိရသည်။

အဆိုပါ ရုပ်သံဇာတ်လမ်းတွဲကို Channel K ရုပ်သံလိုင်းမှ ပြီးခဲ့သည့် ၂၀၂၂ ခုနှစ် အောက်တိုဘာလအတွင်းက ထုတ်လွှင့်ပေးခဲ့ပြီးဖြစ်ကာ ယခု ၂၀၂၅ ခုနှစ်တွင် ပရိသတ်များ အွန်လိုင်းမှလွယ်လင့်တကူ ထပ်မံကြည့်ရှုနိုင်ရန်အတွက် Channel K Myanmar YouTube Channel မှ မတ်လ တတိယပတ်အတွင်း ထုတ်လွှင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီ ရုပ်သံဇာတ်လမ်းတွဲက သမားရိုးကျကနေ ခွဲထွက်လာတဲ့ ဒရာမာ ဇာတ်လမ်းတွဲလေးပါ။ အရာရာပြည့်စုံပြီး ချစ်ခြင်းမေတ္တာတွေနဲ့တည်ဆောက်ထားတဲ့ အိမ်ထောင်ရေးတစ်ခုမှာ မပိုင်ဆိုင်သင့်တဲ့အရာကိုမှ ရယူပိုင်ဆိုင်ချင်တဲ့ မိန်းကလေး တစ်ယောက်ရဲ့လုပ်ရပ်တွေက မုန်တိုင်းတစ်ခုလို ရိုက်ခတ်လာတဲ့အခါ ဘယ်လိုတွေ ဖြစ်လာမလဲဆိုတာမြင်ရမဲ့ ဇာတ်လမ်းတွဲလေးပါ။ အခုတစ်ခါကတော့ အွန်လိုင်းကနေ အလွယ်တကူ ကြည့်ရှုနိုင်ဖို့ Channel K Myanmar YouTube Channel ကနေ လွှင့်ပေးမှာ ဖြစ်ပါတယ်"ဟု ဒါရိုက်တာ နေပိုင်က ပြောပြသည်။

အဆိုပါ ရုပ်သံဇာတ်လမ်းတွဲသည် Daniel Naing ၏ဇာတ်လမ်းကို နေခြည်အောင်သစ်က ဇာတ်ညွှန်း ရေးသားထားခြင်းဖြစ်ပြီး Lucky Smile ရုပ်ရှင်ထုတ်လုပ်ရေးအတွက် ဒါရိုက်တာ နေပိုင်က ပုံဖော် ရိုက်ကူးထားခြင်းဖြစ်သည်။

အဆိုပါ ဇာတ်လမ်းတွဲတွင် ကျော်ထက်အောင်၊ ကောင်းဆက်ထူး၊ ထက်မြက်ခိုင်၊ ချောရတနာ၊ စင်ဒီမြတ်၊ အင်ကြင်း၊ ဒေါ်ခင်ခင်ကြီးနှင့် သရုပ်ဆောင်များစွာ ပါဝင် သရုပ်ဆောင်ထားကြောင်း သိရသည်။ ASH

# ကိုလံဘီယာ၏ Starship Troopers ကို ဒါရိုက်တာ နီးဘလွမ်းကမ့် ရိုက်ကူးမည်

နယူးယောက် မတ် ၁၈

Starship Troopers ဇာတ်ကားသစ်ကို ရိုက်ကူးထုတ်လုပ်ရေးအတွက် ကိုလံဘီယာ ရုပ်ရှင်ကုမ္ပဏီက စီစဉ်ထားကြောင်း မတ် ၁၇ ရက်သတင်းများတွင် ရေးသားတင်ပြထားသည်။

Starship Troopers ဇာတ်ကားသစ်ကို အမေရိကန် စာရေးဆရာ ရောဘတ်အေဟိန်းလိန်း၏ အမည်တူ သိပ္ပံဝတ္ထုကိုမှီငြမ်း၍ ဒါရိုက်တာ နီးဘလွမ်းကမ့်က တာဝန်ယူရိုက်ကူးမည်ဖြစ်သည်။

ဒါရိုက်တာ နီးအလွမ်းကမ့်သည် ကမ္ဘာကျော် District 9 သိပ္ပံအက်ရှင်ဇာတ်ကားကို ရိုက်ကူးပေးခဲ့သူဖြစ်သည်။


Star Troopers ဇာတ်ကားသစ်အတွက် ဇာတ်ညွှန်းကို ဒါရိုက်တာ နီးဘလွမ်းကမ့် ကိုယ်တိုင်ရေးသားမည်ဖြစ်သည်။

Stars Troopers ဇာတ်ကားတွင် ကမ္ဘာဂြိုဟ်နှင့် ပိုးမွှားဂြိုဟ်သားများကြားစစ်ပွဲကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးမည့်ဇာတ်ကားများဖြစ်ကြောင်း သိရသည်။

လက်ရှိအချိန်တွင် Star Troopers ဇာတ်ကား၌ ပါဝင်သရုပ်ဆောင်မည့် သရုပ်ဆောင်များကို ကိုလံဘီယာ ရုပ်ရှင်ကုမ္ပဏီက ကြေညာခြင်း မရှိသေးကြောင်း သိရသည်။

Ref : Russia Today

Trs : KKO




# တေးသံရှင် စည်သူလွင်၏ Birthday Show Concert တေးဂီတဖျော်ဖြေပွဲကို THE RADIO Bar တွင် ကျင်းပမည်




ရန်ကုန် မတ် ၁၈

တေးသံရှင် စည်သူလွင်၏ Birthday Show Concert တေးဂီတဖျော်ဖြေပွဲကို ရန်ကုန် ရန်ကင်းမြို့နယ်ရှိ THE RADIO Bar ၌ မတ် ၂၅ ရက်တွင် ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း တေးသံရှင် စည်သူလွင်ထံမှ သိရသည်။

အဆိုပါတေးသံရှင်စည်သူလွင်၏ Birthday Show Concert တေးဂီတဖျော်ဖြေပွဲတွင် တေးသံရှင် စည်သူလွင်နှင့်အတူ တေးသံရှင် ရဲလေးနှင့်တေးသံရှင် ရေဗက္ကာဝင်းတို့လည်း ပါဝင်သီဆိုဖျော်ဖြေပေးကြမည်ဖြစ်ပြီး တေးသံရှင်များ၏ သီဆိုဖျော်ဖြေမှုများကို Plud Three Music Band တေးဂီတအဖွဲ့က အကောင်းဆုံး ပံ့ပိုးတီးခတ် ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"မွေးနေ့ ဖျော်ဖြေပွဲလေး စီစဉ်ပေးတဲ့ THE RADIO Bar ကိုလဲ ကျေးဇူးတင်ရသလို ပံ့ပိုးဖျော်ဖြေပေးကြမဲ့ ရဲလေးနဲ့ ရေဗက္ကာဝင်းကိုလဲ ကျေးဇူးတင်ပါတယ်။ အကောင်းဆုံး သီချင်းတွေနဲ့ ဖျော်ဖြေပေးမဲ့ ညနေတစ်ညကို တေးသံသာတွေနဲ့ ဖြတ်သန်းကြဖို့ ဖိတ်ခေါ်လိုက်ရပါတယ်"ဟု တေးသံရှင် စည်သူလွင်က ပြောပြသည်။

အဆိုပါတေးသံရှင်စည်သူလွင်၏ Birthday Show Concert တေးဂီတဖျော်ဖြေပွဲကို THE RADIO Bar တွင် မတ် ၂၅ ရက် ည ၇ နာရီတွင် ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။ ASH

# Paramount ၏ Regretting You ၌ မင်းသမီး ဝီလာဖစ်ဂျရယ်လည်း ပါဝင်နေ

နယူးယောက် မတ် ၁၈

Paramount ရုပ်ရှင်ကုမ္ပဏီ၏ Regretting You ဇာတ်ကား၌ Strange Darling မင်းသမီး ဝီလာဖစ်ဂျရယ် ပါဝင်သရုပ်ဆောင်ထားကြောင်း မတ် ၁၇ ရက် သတင်းများတွင် ရေးသားတင်ပြထားသည်။

Regretting You ဇာတ်ကားသည် အမေရိကန် စာရေးဆရာမ ကောလင်းဟိုးဗား၏ ခေါင်းစဉ်တူဝတ္ထုကို ရိုက်ကူးသော ဇာတ်ကားဖြစ်ကြောင်း သိရသည်။

၎င်းဇာတ်ကားတွင် မင်းသမီး ဝီလာဖစ်ဂျရယ်နှင့်အတူ မင်းသမီး အယ်လစ်ဆင်ဝီလျံနှင့် မင်းသား ဒွေဖရန်ကိုတို့လည်း ပါဝင်သရုပ်ဆောင်ထားသည်။


Regretting You ဇာတ်ကားကို ဒါရိုက်တာ ဂျို့ဘိုနီက တာဝန်ယူရိုက်ကူးလျက်ရှိကြောင်း သိရသည်။

Regretting You ဇာတ်ကားကို ယခုနှစ် အောက်တိုဘာ ၂၄ ရက်တွင် ရုံတင်ပြသရန် Paramount ရုပ်ရှင်ကုမ္ပဏီက စီစဉ်ထားကြောင်း သိရသည်။

အဆိုပါဇာတ်ကားသည် ယာဉ်မတော်တဆမှု တစ်ရပ်ကြောင့် မိသားစုဝင်နှစ်ဦး အသက်ဆုံးရှုံးခဲ့ရပြီးနောက် ကျန်ရစ်သူမိသားစုဝင်များအနေဖြင့် အတိတ်မှ လျှို့ဝှက်ချက်များ၊ လိမ်ညာမှုများ၊ နောင်တများနှင့် ရင်ဆိုင်ခဲ့ရပုံကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးမည့် ဇာတ်ကားဖြစ်ကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO




# မြေစာ ရုပ်ရှင်ဇာတ်ကား မတ်လ စတုတ္ထပတ်တွင် နိုင်ငံတစ်ဝန်း ရုံတင်ပြသမည်

ရန်ကုန် မတ် ၁၈

Shwe Nadi Shwe Yi Film Production မှ ရိုက်ကူးထုတ်လုပ်သည့် မြေစာ ရုပ်ရှင်ဇာတ်ကားကို မတ်လ စတုတ္ထပတ်တွင် နိုင်ငံတစ်ဝန်း အဆင့်မြင့်ရုပ်ရှင်ရုံများတွင် ရုံတင်ပြသမည်ဖြစ်ကြောင်း အဆိုပါ ရုပ်ရှင်ဇာတ်ကား တွင် ပါဝင်သရုပ်ဆောင်ထားသူ သရုပ်ဆောင် ဆင်မ ထံမှ သိရသည်။

အဆိုပါ ရုပ်ရှင်ဇာတ်ကား၏ ဝတ္ထုဇာတ်လမ်းနှင့် ဇာတ်ညွှန်းကို လွမ်းဝေအောင်က ရေးဖွဲ့ထားပြီး ဒါရိုက်တာ နေပိုင်က Shwe Nadi Shwe Yi Film Production အတွက် တာဝန်ယူပုံဖော်ရိုက်ကူးထားကြောင်း သိရသည်။

"ဒီဇာတ်ကားက တကယ်ဖြစ်ရပ်မှန်ကို အခြေခံရေးသားထားတဲ့ ဘဝသရုပ်ဖော် ဇာတ်လမ်းကောင်းလေး တစ်ပုဒ်ပါ။ ဒီဇာတ်ကားမှာတော့ စည်ပင်က အမှိုက်သိမ်းကားမောင်းရတဲ့ ယာဉ်မောင်း ကိုကြီးထွန်းမြဆိုတဲ့ ဇာတ်ကောင်နေရာက ပါဝင်ထားပါတယ်။ ဒီဇာတ်လမ်းမှာတော့ ဘဝကိုရိုးသားကြိုးစားပြီး အလုပ်ဟူသမျှဂုဏ်ရှိစွဆိုတဲ့ပုံစံနဲ့ မိသားစုအတွက် ပေးဆပ်ဖြတ်သန်းနေတဲ့ ကိုဖိုးထောင်နဲ့ ဂုဏ်ပကာသန မက်မောပြီး ဘဝမှန်ကိုဖုံးကွယ် သုံးဖြုန်းချင်တဲ့ ကိုဖိုးထောင်ရဲ့ ညီ စည်သူဝင်းနဲ့ ညီမ သံသာညီ တို့ကြားက မိသားစုဘဝ အမောတွေကို မြင်ရမှာပါ" ဟု သရုပ်ဆောင် ဆင်မက ပြောပြသည်။

မြေစာ ရုပ်ရှင်ဇာတ်ကားတွင် ၂၀၂၄ ခုနှစ်အတွက် နှောင် ရုပ်ရှင်ဇာတ်ကားမှာ အကယ်ဒမီ သုံးဆုဖြင့် အများဆုံးဆု ဆွတ်ခူးထားသည့် Shwe Nadi Shwe Yi Film Production ၏ ဒုတိယမြောက် ရုံတင် ရုပ်ရှင်ဇာတ်ကားဖြစ်ပြီး မြင့်မြတ်၊ ဘုန်းမင်းနေလ၊ စည်သူဝင်း၊ သံသာညီ၊ ဆင်မ၊ ထူးခြား၊ ဆန်းယု၊ အေးမြတ်သူနှင့် သရုပ်ဆောင်များစွာ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။ ASH

# Chairman of the State Administration Council Prime Minister of the Republic of the Union of Myanmar Senior General Thadoe Maha Thray Sithu Thadoe Thiri Thudhamma Min Aung Hlaing sends a message to the ceremony to mark the 51st Anniversary of Mon State Day (19 March 2025)

**Esteemed ethnic national brethren in Mon State,**

I extend my heartfelt wishes for good health and physical and mental well-being to all Mon ethnic brethren in Mon State and various regions, as well as to all ethnic citizens across the nation on this auspicious occasion of the 51st Anniversary of Mon State Day, which falls on 19 March 2025. May all your hopes and aspirations be fulfilled.

Ancient stone inscriptions in the Mon language and numerous literary sources indicate that the Mon people were among the earliest settlers in Myanmar and had the opportunity to embrace Buddhism. Furthermore, even before the enlightenment of the Buddha, the Thaton region had already been established as the Sudhammawady Kingdom. It upheld and preserved religion, literature, traditions, and cultural heritage, along with various fine arts, maintaining its prestige as a Ramanya state with dignity.

It is a state with hitorical and fine traditions which had turned out prominent majestic King Thithudhamma and King Manuha, scholar members of the Sangha namely Waw Sayadaw U Uttamarambha and U Silavanta (Min Shwe Ngo), the first western medical specialst Dr Saw Lu, eminent literati Theikpan Maung Wa, Dr Nai Pan Hla and Dr Min Tin Mon, brave heroes Razadariz, La Goon Eain and Thamein Bayan.

After taking assumption, the State Administration Council has reconstituted Mon State with 10 townships in four districts since 30 April 2022 and has been implementing peace and stability, economic and social sectors as well as overall development in the state.

Mon State is located in the strategic position, sharing border with Kayin State and Thailand in the east, Mottama Gulf in the west, Bago Region in the north, and Taninthayi Region in the south. Thanlwin, Gyaing, Attaran and Donthami rivers are streaming as a network in the state where waterway and land route meet.

Mon State, locatd on the coast of the sea, is important for trading, facilitated with a significant seaport. Moreover, the climate is moderate and pleasant, with breathtaking forests, mountains, rivers, and streams. The lush, fertile forests, natural resources, and abundant local fruits are thriving, making it a region with excellent land and water conditions.

In religion, the Mon State is renowned for its outstanding and prominent sacred sites, including the Kyaiktiyo Pagoda, the Kyaikpawlaw Pagoda, the Kyaikthanlan Pagoda, the Kyaikmaraw Hsutaungpyae Pagoda, and the Kyaikkhami Pagoda, which are historical and powerful pagodas that symbolize the splendor and honour of Buddhism. According to historical records, due to the efforts and dedication of religious figures and monks, this region has become a place where authentic Theravada Buddhism propagated and flourished thanks to missionary persons and Shin Araham.

**Esteemed ethnic national brethren,**

Currently, our country is beginning to implement a democratic system based on universal principles such as justice, freedom, and equality, in line with the desires of the people. In establishing a democratic nation, it is essential for all citizens to maintain unity, discipline, respect and adhere to the rule of law, and possess a high level of knowledge and education.

Unity and cohesion strengthen the power of a nation, fostering development and generating national benefits. Looking at the contemporary, rapidly developing countries, it is clear that they have been built strongly with the power of unity and cohesion. According to the saying, "Strength of the nation lies within", a nation must be built with its internal strength. However, in the current context, our country is struggling to protect itself with full strength, unable to focus on building, and instead, is trying to survive amidst internal and external challenges. As a result, stability is weak, and progress and development remain distant.

The conflicts and armed terror attacks occurring today are rooted in differing political views, with some driven by a desire to stand apart and pursue self-interest and selfish gains. In various regions, the clashes between ethnic armed organizations and PDF terrorists have led to the destruction of national infrastructure and the suffering of local populations, causing widespread poverty and hardship. Behind these violent acts are various forms of support and incitement from both domestic and foreign sources. Every citizen must be aware of this, and it is crucial to take the lessons from the suffering and poverty resulting from the breakdown of unity and the ensuing chaos from these events.

I would like to remind those involved in the ongoing armed conflicts and violent activities, including ethnic armed organizations and relevant organizations to cease these activities in the best interest of the nation and its people as their actions are causing suffering to the people and endangering the country. I call on all citizens to unite in solidarity, uphold the spirit of the Union, and work together to protect and safeguard the country.

**Esteemed national brethren in Mon State,**

The State Administration Council has decided to hold a free and fair, prestigious, correct general election in order to flourish a genuine, disciplined multiparty democratic system the entire people aspire to.

The State Administration Council plans to continue the measures to hand over the State responsibilities to the elected government through the free and fair multiparty democratic general election in accord with the Five-Point Roadmap. Hence, I would like to urge all ethnic people to participate in restoring peace and stability in the entire nation for holding the election.

The fundamental needs of every ethnic people are to live, work, and eat peacefully in accordance with the law, leading a life that is physically and mentally healthy, prosperous, and allows for personal development and progress. The government, on its part, is working to meet the essential needs of the people and to ensure that all national brethren can experience equality and enjoy long-term, stable, and sustainable development. This is being carried out with a focus on national unity and the peaceful development of the union.

The processes must be effectively and successfully implemented within a short period of time, requiring intellectuals and intelligentsia from various sectors, as well as ethnic people, to work closely and actively with the government for the benefit of the nation.

The agricultural and livestock-based industries are being operated to meet the goals of food security and sustainability. To improve the socioeconomic lives of all ethnic people, agricultural-based industries are being promoted, along with micro, small and medium-sized enterprises (MSMEs) that focus on natural resources specific to each region. As MSMEs are critical for the country's economic growth, these will effectively contribute to regional economic development. With good land and water management, along with abundant natural resources in the Mon State, the expansion of agriculture and production industries can lead to increased income for local people, reduce poverty, and further improve socioeconomic life.

For the development and progress of the nation, as well as for the establishment of a peaceful, stable, and democratic new country, it is essential for all ethnic people to be fully equipped with knowledge and skills. At present, the younger generation, who are the future strength of the nation, is being nurtured and developed by enhancing their talents, skills, and abilities to promote comprehensive education and development. It is necessary to systematically train and cultivate the good character of the youth, instill a sense of patriotism for the country, encourage them to uphold the honour of the nation, and foster a sense of respect for their ethnic heritage and lineage.

Therefore, every citizen must succeed in completing at least KG+9 level education, and the goal is to have well-educated individuals with knowledge and skills. To achieve this, efforts are focused on expanding and opening more schools, upgrading educational levels, enhancing the capabilities of teachers, and ensuring that the school's infrastructure is good and meets necessary standards. These actions are being carried out with great emphasis. If we strive to develop a well-rounded and capable youth as the human resource for the country's growth, this will undoubtedly lead to the emergence of a prosperous and developed state in all sectors.

In the future, to create a nation that is eternally stable, peaceful, developed, and prosperous, it is essential to foster a sense of unity among all the ethnic people, such that everyone shares a common mindset of being Myanmar. This requires the cultivation of the necessary spirit and knowledge. All the ethnic people living together in the Union, sharing the same land and water, should have a good mindset and work together in unity, guided by knowledge, skills, and a sense of justice. If this happens, the future of the great Union will undoubtedly continue smoothly and harmoniously.

In the process of building a great union based on democracy and the federal system, together with the Mon State and the Mon ethnic people, all ethnic national peoples are urged to work together with the spirit of the union and the patriotism, contributing to the fullest of their abilities according to their respective roles. With this in mind, I respectfully send this message to honour the 51st Anniversary of Mon State Day today.

**Senior General Thadoe Maha Thray Sithu**
**Thadoe Thiri Thudhamma Min Aung Hlaing**
**Prime Minister**
**Chairman, State Administration Council**

# Farmers from Mawlaik District harvest more than 1,000 acres of winter sesame


Farmers harvesting winter sesame in a field.

**Mawlaik March 18**

According to records from the Mawlaik District Agriculture Department, the harvest of 1,473 acres of sesame planted during the winter cropping season has been completed in Mawlaik District, Sagaing Region.

During the winter cropping season in Mawlaik District, local farmers planted a total of 1,473 acres of winter sesame. The harvesting process began in December 2024, and as of today, all 1,473 acres—915 acres in Mawlaik Township and 558 acres in Phaungpyin Township—have been fully harvested. The average yield was 10.40 baskets per acre.

"The total cultivated area for winter sesame in Mawlaik District was 1,473 acres, and all fields have now been completely harvested. Sesame cultivation has been increasing year by year, and it is mainly planted in winter. As an oilseed crop, sesame cultivation has been successful," said Daw Kywe Kywe Hlaing, Head of the Mawlaik District Agriculture Department.

Moreover, relevant township agriculture departments have been providing guidance to farmers growing monsoon sesame in Mawlaik District. This includes support for expanding sesame cultivation, adopting proper cultivation techniques, implementing GAP (Good Agricultural Practices) methods, and using high-quality and high-yield seeds.

Sesame crops grown under the GAP system have better quality, higher market prices, and can be sold not only in domestic markets but also for export. As a result, farmers adopting GAP practices benefit economically, leading to improvements in their livelihoods and financial stability. 206

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Ayadaw Township harvests more than 5,800 acres of monsoon cotton

**Ayadaw March 18**

Statistics of Monywa District Department of Agriculture stated that a total of 5,808 acres of cotton cultivated during the monsoon season has been completely harvested in Ayadaw Township, Monywa District, Sagaing Region with good yield results.

During the monsoon planting season, cotton was cultivated across 5,808 acres in Ayadaw Township. Harvesting of these cotton fields began in December 2024 and has now been fully completed, yielding an average of 337.78 viss per acre.

Daw San San Myint, the head of the Monywa District Department of Agriculture, disclosed: "Ayadaw Township had a total of 5,808 acres of cotton cultivation. As of now, all the cultivated fields have been fully harvested. This year, cotton cultivation has exceeded the initially planned acreage. To support farmers in cotton production, quality cotton seeds were provided to ensure easy and timely cultivation."

The township's Agriculture Department has provided farmers with quality cotton seeds, technical training on pest and disease prevention, and proper cultivation techniques to ensure high yields. Training sessions and technical support were offered to farmers to enhance successful cotton production.

Regarding production costs, it was found that the cost per acre of cotton cultivation is approximately K350,000, with an average yield of around 1,000 viss per acre.

Moreover, intercropping with other crops such as onions for early harvest and pigeon peas for mixed cultivation is possible, allowing farmers to diversify their crops and increase their income.

Cotton cultivation has been successfully carried out in 19 townships across Sagaing Region, including Sagaing, Monywa, Yinmabin, Shwebo, and Kanbalu districts. 206

# More than 9,000 acres of sunflower planted in Mingin Township

**Mingin March 18**

According to records from the Agriculture Department of Mingin Township of Sagaing Region, a total of 9,349 acres of sunflowers planted during the winter crop season have already been harvested.

In Mingin Township, a total of 16,337 acres of sunflowers were cultivated during the winter crop season. The harvesting of these sunflower fields began in January of this year, and as of today, 9,349 acres have been harvested. The yield per acre is reported to be 30.07 baskets.

"The total area of sunflower cultivation in Mingin Township during the winter crop season reached 16,337 acres. At present, the harvesting process is ongoing, with 9,349 acres already harvested. To reduce reliance on imported palm oil, efforts are being made to expand sunflower cultivation as an alternative oil crop. Sunflowers produce more oil per acre compared to other oilseeds such as peanuts and sesame. That is why sunflower cultivation mainly takes place during the winter season," said Daw Hayman Kyaw Win, the head of the Mingin Township Agriculture Department.

To promote the expansion of sunflower cultivation in Mingin Township, the Agriculture Department has conducted training programmes for farmers. These programmes aim to enhance the skills and capabilities of both agricultural staff and sunflower growers.

Moreover, support measures have been implemented for farmers, including the provision of quality seeds, the sale of fertilizers at affordable prices, and the establishment of a seed exchange system that allows farmers to share and distribute sunflower varieties among themselves. 206

# Farmers complete harvest of more than 1,500 acres of winter green gram in Monywa Township

**Monywa March 18**

According to statistics from the Monywa Township Agriculture Department, the harvest of 1,515 acres of green gram planted during the winter cropping season has been completed in Monywa Township, Monywa District, Sagaing Region.

During the winter cropping season, farmers in Monywa Township were able to cultivate up to 1,515 acres of green gram. The harvesting process began in February and has now been fully completed, with an average yield of 16.61 baskets per acre.

U Soe Thet Aung, Head of the Monywa Township Agriculture Department, said: "The winter cropping season in Monywa Township saw the cultivation of 1,515 acres of green gram. As of now, the entire area has been completely harvested. We also provide education on expanding cultivation and using high-quality seeds to improve yield."

The Monywa Township Agriculture Department has been supporting green gram farmers by providing knowledge on selecting suitable and pure seeds for the region, proper cultivation techniques, pest control, systematic use of fertilizers, and ways to improve yield.

During this year's winter cropping season, efforts were made in collaboration with farmers to enhance the productivity and quality of pulse crops by ensuring access to quality seeds, providing necessary inputs, and offering post-harvest technology training. 206

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## အင်ဒို-ပစိဖိတ်ဒေသဆိုင်ရာခြိမ်းခြောက်မှုများကိုတန်ပြန်ရန် ဂျပန်နိုင်ငံ၏ HVGP အစီအစဉ်အတွက် အမေရိကန်ကူညီမည်



အမေရိကန် နိုင်ငံခြားရေးဝန်ကြီးဌာနသည် အင်ဒို-ပစိဖိတ် ဒေသဆိုင်ရာ ခြိမ်းခြောက်မှုများကို တန်ပြန်ရန် ဂျပန်နိုင်ငံ Hyper Velocity Gliding Projectile (HVGP) အစီအစဉ်ဖွံ့ဖြိုးတိုးတက်မှုကို ပံ့ပိုးပေးမည့် စက်ကိရိယာနှင့် ဝန်ဆောင်မှုများအတွက် အမေရိကန်ဒေါ်လာသန်း ၂၀၀ ခန့်တန်ဖိုးရှိ နိုင်ငံခြားစစ်ဘက်ရောင်းချမှုကို အတည်ပြုပေးခဲ့ကြောင်း Army Recognition သတင်းဌာနက မတ် ၁၄ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ဂျပန်နိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာနနှင့်ဝယ်ယူရေး၊ နည်းပညာနှင့် ထောက်ပံ့ပို့ဆောင်ရေးအေဂျင်စီတို့က ကြီးကြပ်မည့် အဆိုပါ HVGP အစီအစဉ်သည် ဂျပန်၏ ဝေးလံခေါင်သီသောကျွန်းများ ကာကွယ်ရေးကိုအဆင့်မြှင့်တင်ရန် အသံထက်မြန်သော ဟိုက်ပါဆောနစ် လေဟုန်စီးယာဉ်များကို ဂျပန်နိုင်ငံကို တပ်ဆင်ပေးနိုင်ရန် ရည်မှန်းထားသည်။ အဆိုပြုထားသော စစ်ဘက်ရောင်းချမှုသည် ယခုအခါ အမေရိကန်ကွန်ဂရက်လွှတ်တော်၏ နောက်ဆုံးအတည်ပြုချက်ကို စောင့်ဆိုင်းလျက်ရှိကြောင်း သိရသည်။

HVGP အစီအစဉ်ကို အဆင့်လိုက် တိုးတက်ဖွံ့ဖြိုး လုပ်ဆောင်နေခြင်းဖြစ်သည်။ ကနဦး Block 1 ဗားရှင်းသည် လက်ရှိနည်းပညာကို အခြေခံထားပြီး အကွာအဝေး ကီလိုမီတာ ၅၀၀ မှ ကီလိုမီတာ ၉၀၀ ထိ ပျံသန်းနိုင်မည်ဟုမျှော်မှန်းထားသည်။ အချိန်တိုအတွင်း တိုက်ပွဲဝင်ဖြန့်ကြက်နိုင်ရန်အတွက် ၎င်း Block 1 ဗားရှင်းကို ၂၀၂၆ ခုနှစ်တွင် ဖြန့်ကြက်နိုင်ရန် စီစဉ်ထားသည်။ နောက်ဆက်တွဲတိုးတက်မှုများတွင် Block 2A နှင့် Block 2B တို့ပါဝင်ပြီး Wave Rider ပျံသန်းမှုနည်းပညာအပါအဝင် ပိုမိုအဆင့်မြင့်သော နည်းပညာများပါဝင်မည်ဖြစ်ပြီး လှုပ်ရှားစစ်ကစားနိုင်မှုနှင့် လေကြောင်းရန်ကာကွယ်ရေးစနစ်များကို ထိုးဖောက်ဝင်ရောက်နိုင်စွမ်းရှိလာမည်ဖြစ်သည်။

ဂျပန်နိုင်ငံ၏ အသံထက်မြန်သော ဟိုက်ပါဆောနစ်လေဟုန်စီးယာဉ် အစီအစဉ်အတွက် အမေရိကန်၏ပံ့ပိုးမှုတွင် အဓိကအားဖြင့် စက်ပစ္စည်းနှင့် ဝန်ဆောင်မှုများပါဝင်သည်။ အဆိုပြုထားသော ရောင်းချပေးမှုတွင် စမ်းသပ်ပြင်ဆင်မှု၊ နည်းပညာအကူအညီ၊ စက်ပစ္စည်းများ သယ်ယူပို့ဆောင်ရေး၊ ဂျပန်နှင့်အမေရိကန် နှစ်နိုင်ငံ ကျွမ်းကျင်သူများကြား ညှိနှိုင်းအစည်းအဝေးများ ပြုလုပ်ခြင်းတို့ပါဝင်သည်။ အဆိုပါဝန်ဆောင်မှုများကို အမေရိကန်အစိုးရက တိုက်ရိုက်ပံ့ပိုးလုပ်ဆောင်ပေးသွားမည်ဖြစ်သည်။ အကယ်၍ ၎င်းသဘောတူညီချက်အတိုင်း လိုက်နာပါက ဂျပန်နှင့် အမေရိကန်တို့ကြားနောက်ဆက်တွဲ ဆွေးနွေးညှိနှိုင်းမှုများတွင် သက်ဆိုင်ရာ သီးခြားသဘောတူညီချက်များ သတ်မှတ် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

အမေရိကန် နိုင်ငံခြားရေးဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် HVGP အစီအစဉ်သည် အဆင့်သစ်ဆီသို့ ရှေ့တစ်လှမ်းတက်လာခဲ့ပြီဖြစ်သည်။ အကယ်၍ အမေရိကန်ကွန်ဂရက်လွှတ်တော်က အဆိုပါလွှဲပြောင်းမှုကို အတည်ပြုခဲ့လျှင် ဂျပန်နိုင်ငံသည် ၎င်း၏ အသံထက်မြန်သော ဟိုက်ပါဆောနစ်လေဟုန်စီးယာဉ် တည်ဆောက်မှုကို အပြီးသတ်ရန် အရေးကြီးသောနည်းပညာနှင့် ထောက်ပံ့ပို့ဆောင်ရေးဆိုင်ရာ ပံ့ပိုးကူညီမှုရရှိမည်ဖြစ်ကြောင်း သိရသည်။

**US Announces Support for Japan's Hypersonic Glider Program Against Growing Indo-Pacific Threats** ကို ဘာသာပြန်ဆိုထားပါသည်။

## ဟူသီအဖွဲ့က ၂၄ နာရီအတွင်း အမေရိကန် လေယာဉ်တင်သင်္ဘောအုပ်ကို နှစ်ကြိမ်တိုင် လက်တုံ့ပြန်တိုက်ခိုက်ခဲ့

အီရန် ကျောထောက်နောက်ခံပြု ယီမင်ရှိ ဟူသီအဖွဲ့သည် ၂၄ နာရီအတွင်း အမေရိကန်လေယာဉ်တင်သင်္ဘောအုပ်ကို နှစ်ကြိမ်တိုက်ခိုက်ခဲ့ပြီး အမေရိကန်တို့၏ လူအသေအပျောက်များသော တိုက်ခိုက်မှုအတွက် လက်တုံ့ပြန်မှုဖြစ်သည်ဟု အခိုင်အမာ ပြောကြားခဲ့ကြောင်း The Defense Post သတင်းဌာနက မတ် ၁၇ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ဟူသီအဖွဲ့သည် မတ် ၁၇ ရက်တွင် ပင်လယ်နီရှိ USS Harry Truman လေယာဉ်တင်သင်္ဘောနှင့် ၎င်း၏တွဲဖက်စစ်သင်္ဘောများကိုဒုံးကျည် ၁၈ စင်း၊ ဒရုန်း တစ်စင်းတို့ဖြင့် ပစ်လွှတ်တိုက်ခဲ့ပြီး နာရီအနည်းငယ်အကြာတွင် ဒုတိယအကြိမ် ထပ်မံတိုက်ခိုက်ခဲ့သည်။ ဟူသီတို့၏ တိုက်ခိုက်မှုများနှင့်ပတ်သက်၍ အမေရိကန်နိုင်ငံက ချက်ချင်းမှတ်ချက်ပေးထားခြင်း မရှိပေ။

ပင်လယ်နီတွင် ကူးသန်းသွားလာနေသော သင်္ဘောများအပေါ် တိုက်ခိုက်မှုများ မရပ်တန့်မချင်း လေကြောင်းတိုက်ခိုက်မှုများ ဆက်လက်လုပ်ဆောင်သွားရန် အတွက် အမေရိကန်သမ္မတဒေါ်နယ်ထရန့်က အားကြီးသော အဖျက်စွမ်းအားများ အသုံးပြုသွားမည်ဟု သတိပေးခဲ့ကြောင်း သိရသည်။

Hodeida ဒေသအနောက်ဘက်ခြမ်းရှိ ဝါဂွမ်းချည်မျှင်စက်ရုံနှင့် လွန်ခဲ့သည့် တစ်နှစ်ကျော်က ဖမ်းဆီးမိထားသော အစ္စရေးသင်္ဘော Galaxy Leader တို့ကို ပစ်မှတ်ထားတိုက်ခိုက်ခဲ့ကြောင်း ဟူသီမီဒီယာက မတ် ၁၆ ရက်တွင် ထုတ်ပြန်ထားသည်။ ရေကြောင်းကုန်သွယ်မှုလမ်းကြောင်းတစ်လျှောက် တင်းမာမှုများမြင့်တက်လာမှုအပေါ် စစ်ရေးလှုပ်ရှားမှုအားလုံးရပ်တန့်ရန် နှစ်ဖက်စလုံးကို ကုလသမဂ္ဂက တိုက်တွန်းခဲ့သည်။

အာရေဗျကျွန်းဆွယ်၊ အဆင်းရဲဆုံးနိုင်ငံ၏ နေရာအများစုကို ထိန်းချုပ်ထားသည့် အီရန်ကျောထောက်နောက်ခံပြု ဟူသီများသည် ဂါဇာစစ်ပွဲတစ်လျှောက် အစ္စရေးနှင့် ပင်လယ်နီအတွင်း ပင်လယ်ကူးသင်္ဘောများကို တိုက်ခိုက်ခဲ့ပြီး ပါလက်စတိုင်းများနှင့် စည်းလုံးညီညွတ်စွာ လုပ်ဆောင်နေသည်။

ဂါဇာကမ်းမြောင်တွင် အပစ်အခတ်ရပ်စဲရေး စတင်ခဲ့သည့် ဇန်နဝါရီ ၁၉ ရက်မှစ၍ ဟူသီများသည် ပင်လယ်နီနှင့် အေဒင်ပင်လယ်ကွေ့တွင် တိုက်ခိုက်မှုပြုလုပ်ခဲ့ခြင်းများနှင့်ပတ်သက်၍ ထုတ်ပြန်ပြောကြားထားခြင်း မရှိသေးပေ။ ဂါဇာကမ်းမြောင်ဒေသသို့ လူသားချင်းစာနာထောက်ထားမှုအကူအညီများ ရပ်ဆိုင်းထားသော အစ္စရေးအပေါ် တိုက်ခိုက်မှုများကို ပြန်လည်စတင်ခဲ့ပြီး ကျွန်ုပ်တို့နိုင်ငံအပေါ် အမေရိကန်၏ ရန်စမှုများ ဆက်လက်ရှိနေပါက နောက်ထပ်တိုက်ခိုက်မှုများ အရှိန်မြှင့်လုပ်ဆောင်သွားမည်ဖြစ်သည်ဟု ဟူသီအဖွဲ့က ထုတ်ပြန်ခဲ့ကြောင်း သိရသည်။



ပင်လယ်နီရှိ ကုန်သွယ်ရေးလမ်းကြောင်းသည် ပုံမှန်အားဖြင့် ကမ္ဘာ့ရေကြောင်းသွားလာမှု၏ ၁၂ ရာခိုင်နှုန်းခန့် လုပ်ဆောင်နေရသော်လည်း ဟူသီတို့၏ တိုက်ခိုက်မှုကြောင့် ကုမ္ပဏီအများအပြားသည် အာဖရိကတောင်ပိုင်းတစ်ဝိုက် လမ်းကြောင်းလွှဲ၍ ခုတ်မောင်းခဲ့ရကာ ကုန်ကျစရိတ်မြင့်မားစွာ အသုံးပြုခဲ့ကြရသည်။ ဟူသီထောက်ခံမှုကို ရရှိထားသည့် ပါလက်စတိုင်း၊ ဟားမတ်စ်အဖွဲ့က အမေရိကန်၏ တိုက်ခိုက်မှုသည် နိုင်ငံတကာဥပဒေ၊ နိုင်ငံ၏ အချုပ်အခြာအာဏာနှင့် တည်ငြိမ်မှုကို ချိုးဖောက်ခြင်းဖြစ်သည်ဟု ရှုတ်ချပြောဆိုခဲ့သည်။

အီရန်တော်လှန်ရေး အစောင့်တပ်အကြီးအကဲ Hossein Salami က အီရန်က စစ်ပွဲကိုစတင်မည်မဟုတ်ဘဲ မည်သည့်နိုင်ငံမဆို ခြိမ်းခြောက်လာပါက ပြတ်ပြတ်သားသား တုံ့ပြန်လိမ့်မည်ဟု ပြောကြားခဲ့သည်။

ယီမင်ပြည်တွင်းစစ် တိုက်ပွဲများသည် ၂၀၂၂ အပစ်အခတ်ရပ်စဲပြီး ကတည်းက အများစု တည်ငြိမ်နေခဲ့သော်လည်း ပင်လယ်ကူးသင်္ဘောများအပေါ် ဟူသီများ၏ တိုက်ခိုက်မှုများကြောင့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်သည်လည်း ရပ်တန့်သွားခဲ့သည်။ ယီမင် ပြည်တွင်းစစ်သည် ယီမင်နိုင်ငံကို ကမ္ဘာ့အဆိုးရွားဆုံး လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကျပ်အတည်းများထဲမှ တစ်ခုဖြစ်ခဲ့ရပြီး စစ်ပွဲကြောင့် တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း လူထောင်ပေါင်းများစွာ သေကျေပျက်စီးခဲ့ကြရကြောင်း သိရသည်။

**Yemen's Houthis Claim Attacks on Carrier Group After US Strikes** ကို ဘာသာပြန်ဆိုထားပါသည်။

**မင်းမျိုး**

# ငပုတောမြို့နယ်တွင် နွေသီးနှံစိုက်ပျိုးရာသီ၌ စပါးရာနှုန်းပြည့် စိုက်ပျိုးပြီးစီး



**ပုသိမ် မတ် ၁၈**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ငပုတောမြို့နယ်တွင် ယခုနှစ်နွေသီးနှံစိုက်ပျိုးရာသီ၌ စပါးဧကရာနှုန်းပြည့်စိုက်ပျိုး ပြီးစီးပြီဖြစ်ကြောင်း ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဒေါ်အေးအေးမူထံမှ သိရသည်။

နွေသီးနှံစိုက်ပျိုးရာသီ၌ ငပုတောမြို့နယ်တွင် လျာထားဧကစပါး ၈၁၃၂ ဧကကို ဇန်နဝါရီလဒုတိယ ပတ်မှ စတင်စိုက်ပျိုးခဲ့ရာယနေ့ တွင် စပါးရာနှုန်းပြည့်ဧကစိုက်ပျိုးပြီးစီးပြီ ဖြစ်ကြောင်းသိရသည်။

"နွေသီးနှံစိုက်ပျိုးရာသီ ငပုတောမြို့နယ်မှာ စပါးဧက ၈၀၀၀ ကျော်ထိ စိုက်ပျိုးခဲ့ပါတယ်။ စပါးတွေ လျာထားချက်အတိုင်း ဧကအားလုံး ရာနှုန်းပြည့်စိုက်ပျိုးနိုင်ခဲ့ပြီဖြစ်ပါတယ်။ စပါးစိုက်ပျိုးရာတွင် အခက်အခဲမရှိရာနှုန်းပြည့်စိုက်ပျိုးနိုင်ရေး စိုက်ပျိုးရေးဦးစီးဌာနက မြေပြင်ထိကွင်းဆင်းပြီးတောင်သူအသိပညာပေးလုပ်ငန်းတွေကို စပါးမစိုက်မီအချိန်ကတည်းက ဆောင်ရွက်ပေးခဲ့ပါတယ်။ ဒါကြောင့်လည်း အခုလိုလျာထားဧကအတိုင်း စိုက်ပျိုးနိုင်ခဲ့တာပါ" ဟု ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဒေါ်အေးအေးမူက ပြောပြသည်။

ငပုတောမြို့နယ်တွင် စပါးများလျာထားဧကအားလုံးရာနှုန်းပြည့် အခက်အခဲမရှိ စိုက်ပျိုးနိုင်ရန် စိုက်ပျိုးရေးဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာန၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ စီမံအုပ်ချုပ်ရေးအဖွဲ့ စသည့်ဌာန အဖွဲ့အစည်းများက ပူးပေါင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

စပါးသီးနှံကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက နိုင်ငံတွင်းစားသုံးမှုဖူလုံစေရုံမျှမကပြည်ပသို့ ပို့ကုန်အဖြစ်ပါ တိုးတက်ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း၊ ထုတ်လုပ်မှုနှင့်ဈေးကွက်လိုအပ်ချက်ဖြစ်သော ဝယ်လိုအားမျှတလာပါက ကုန်ဈေးနှုန်းတည်ငြိမ်၍ လူမှုစီးပွားဘဝများတိုးတက်ဖွံ့ဖြိုးလာမည်ဖြစ်သောကြောင့် စပါးသီးနှံများထွက်နှုန်းတိုးတက်စေရေး ဒေသမရွေးကြိုးပမ်းကြရမည်ဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်အေးအေးမူကပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

# မိုင်းယောင်းမြို့နယ် ဝမ်ကောင်းကျေးရွာ၌ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုစစ်ဆေး

**မိုင်းယောင်း မတ် ၁၈**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းယောင်းခရိုင် မိုင်းယောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေဖြင့် ကျေးရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို မတ် ၁၇ ရက် နံနက်ပိုင်းက တာဝန်ရှိသူများက ဝမ်ကောင်းကျေးရွာ၌ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်းသိရသည်။

ထိုသို့ စစ်ဆေးရာတွင် မိုင်းယောင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးအေးဝင်းနှင့် အင်ဂျင်နီယာဝန်ထမ်းများသည် ဝမ်ကောင်း ကျေးရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကိုကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များ၊ ကျေးရွာသူ၊ ကျေးရွာသားများနှင့်တွေ့ဆုံကာ လုပ်ငန်းများသတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေး အလေးထား ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။



ဝမ်ကောင်းကျေးရွာ၌ လမ်းအရှည်ပေ ၅၀၀၊ အကျယ် ၁၂ ပေ၊ အမြင့်ခြောက်လက်မရှိပြီးကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေကျပ် ၁၉ ဒသမ ၂၆ သန်း၊ ပြည်သူထည့်ဝင်ငွေကျပ် ၃ ဒသမ ၅ သန်း အသုံးပြု၍ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ၂၀၂၄ ခုနှစ် ဒီဇင်ဘာလစတုတ္ထပတ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး၏ ၉၀ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**မောင်ခိုင်**

# ဖယ်ဘိုးအထက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**သံတောင်ကြီး မတ် ၁၈**

ကရင်ပြည်နယ် သံတောင်ကြီးခရိုင် သံတောင်ကြီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ဖယ်ဘိုးအထက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ တတိယအကြိမ်ထုတ်ချေးခြင်းကို မတ် ၁၇ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ သံတောင်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်မင်းဦးက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ၊ အခြားမိသားစုဝင်ငွေတိုးပွားရေး လုပ်ငန်းများဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ကျေးရွာသူ၊ ကျေးရွာသားများအနေဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကို ထိရောက် အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်ကြစေလိုကြောင်း ဆွေးနွေးမှာကြားသည်။

ထို့နောက် သံတောင်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်မင်းဦးနှင့်ဝန်ထမ်းများက ဖယ်ဘိုးအထက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေ ကြီးကြပ်မှုကော်မတီဝင်များနှင့်အတူ မြစိမ်းရောင်ကျေးရွာစီမံကိန်း တတိယအကြိမ်အဖြစ် စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူအသင်းသား၊ အသင်းသူဦးရေ ၃၀ ကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ်သိန်း ၃၀၀ ကို ထုတ်ချေးပေးခဲ့ကြောင်း သံတောင်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာနမှ သိရသည်။

**ကိုသက်**




## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

၁၈-၃-၂၀၂၅

| | | |
|---|---|---|
| **ဆန်** | | |
| ရွှေဘိုဇေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၁၄၀၀၀၀/၁၅၀၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၁၁၅၀၀၀/၁၂၅၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၁၁၅၀၀၀/၁၂၅၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၁၀၅၀၀၀/၁၁၀၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၈၅၀၀၀/၈၈၀၀၀ |
| နွေဇီယာ(အသစ်) (တစ်အိတ်) | ကျပ် | ၇၅၀၀၀/၇၈၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၇၂၀၀၀/၇၅၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၅၀၀၀/၁၆၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၄၀၀၀/၁၄၅၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၄၀၀၀/၁၅၀၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၇၇၀ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၃၄၀၀ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၇၆၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၃၁၉၅ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၃၂၅၀ |

**(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာ ဖြစ်ပါသည်)**

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

| | | |
|---|---|---|
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၂၃၀၀၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၂၃၀၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၂၃၅၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၂၂၅၀၀ |
| ကြံ့နစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၂၃၅၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၄၁၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၇၃၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၇၉၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၉၆၀၀၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၂၅၀၀၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၆၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၆၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၂၅၀၀ |

(၁၉၆)

# မွန်ပြည်နယ်နေ့အထိမ်းအမှတ်ပြခန်းများ၊ MSME ဒေသထွက်ကုန်နှင့် ရိုးရာအစားအစာအရောင်းပြခန်းများ ဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးအောင်လင်းဒွေး တက်ရောက်





**မော်လမြိုင် မတ် ၁၈**

၂၀၂၅ ခုနှစ် မတ် ၁၉ ရက်တွင်ကျရောက်မည့် ၅၁ နှစ်မြောက် မွန်ပြည်နယ်နေ့အခမ်းအနားသို့တက်ရောက်ရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးအောင်လင်းဒွေး၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများသည် ယနေ့ညနေပိုင်းတွင် တပ်မတော်လေယာဉ်ဖြင့် မော်လမြိုင်လေဆိပ်သို့ရောက်ရှိကြရာ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်လင်းမောင်၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တိုင်းရင်းသားရိုးရာအဖွဲ့များက နွေးထွေးစွာကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူး ဗိုလ်ချုပ်ကြီးအောင်လင်းဒွေးနှင့်အဖွဲ့သည် မော်လမြိုင်မြို့ သမိန်ဗရမ်း(ဘက်စုံသုံးကွင်း)၌ ကျင်းပသည့် ၅၁ နှစ်မြောက် မွန်ပြည်နယ်နေ့အထိမ်းအမှတ်ပြခန်းများ၊MSMEဒေသထွက်ကုန်နှင့် ရိုးရာအစားအစာအရောင်းပြခန်းများ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။

အဆိုပါအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ပြည်နယ်ဝန်ကြီးချုပ်၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က မွန်ပြည်နယ်နေ့အထိမ်းအမှတ်ပြခန်းများ၊ဒေသထွက်ကုန်နှင့်ရိုးရာအစားအစာအရောင်းဆိုင်များ ခင်းကျင်းပြသမှုရည်ရွယ်ချက်နှင့် ပြည်နယ်အတွင်း လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဆောင်ရွက်နေမှုနှင့်ရှေ့ဆက်ဆောင်ရွက်သွားမည့် အစီအမံများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူး ဗိုလ်ချုပ်ကြီးအောင်လင်းဒွေးသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်၊ခွန်စံလွင်၊ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းနှင့်အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူးတို့နှင့်အတူ ပြခန်းဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး အခမ်းအနားတက်ရောက်လာကြသူများနှင့် အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူးနှင့် အဖွဲ့သည် မွန်ပြည်နယ်နေ့အထိမ်းအမှတ် မျိုးစေ့ချကိရိယာချီးမြှင့်ပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်ပြီး မြို့နယ်အလိုက် တောင်သူများထံသို့မျိုးစေ့ချကိရိယာများပေးအပ်သည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူးနှင့် အဖွဲ့သည် မွန်ပြည်နယ်နေ့အထိမ်းအမှတ် ပြခန်းများ၊ MSME ဒေသထွက်ကုန်နှင့် တိုင်းရင်းသားရိုးရာအစားအစာ အရောင်းပြခန်းများ ခင်းကျင်းပြသရောင်းချနေမှုများကိုလှည့်လည်ကြည့်ရှုအားပေးကြသည်။

အဆိုပါပြခန်းများကို မွန်ပြည်နယ်၏ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းဆောင်ရွက်ချက်များကို တိုင်းရင်းသားပြည်သူများ လေ့လာသိရှိနိုင်စေရန်နှင့်ပြည်နယ်အတွင်း ရှိတိုင်းရင်းသားတို့၏ရိုးရာဓလေ့ဆိုင်ရာများ၊ တိုင်းရင်းသားရိုးရာ အစားအစာများကို ကျယ်ကျယ်ပြန့်ပြန့်သိရှိနိုင်စေရေးရည်ရွယ်၍ခင်းကျင်းပြသခြင်းဖြစ်ပြီး လယ်ယာကဏ္ဍကြီးပြခန်း ကိုးခန်း၊ စက်မှုကဏ္ဍကြီးပြခန်း ၁၀ ခန်း၊ဝန်ဆောင်မှုကဏ္ဍကြီးပြခန်း ကိုးခန်း၊ ပညာရေးပြခန်း ခုနစ်ခန်း၊ ကျန်းမာရေးပြခန်း ရှစ်ခန်း၊ အသေးစား၊အငယ်စား၊အလတ်စား ထုတ်ကုန်အရောင်းပြခန်း ၂၁ ခန်းအပြင် မြန်မာ့သနပ်ခါးကို တန်ဖိုးထားတတ်စေရန် ရည်ရွယ်၍ မြန်မာ့သနပ်ခါးယဉ်ကျေးမှု ဓလေ့ပြခန်းကိုလည်း ထည့်သွင်းပြသထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ☆ ကျောဖုံးမှအဆက်

အနယ်နယ်အရပ်ရပ်မှဘုရားဖူး၊ အပန်းဖြေလာရောက်ကြသူများကို မန်းရွှေစက်တော်ဘုရားပွဲတော် အထူးတံတားမုခ်ဦးအနီးရှိ စတိတ်စင်မြင့်တွင် မတ် ၁၈ ရက်နှင့် ၁၉ ရက် (တပေါင်းလပြည့်ကျော် ၅ ရက်နှင့် ၆ ရက်) ညများတွင် နှစ်ညတိုင်တိုင်အခမဲ့ညွှန့်ခံဖျော်ဖြေတင်ဆက်ပေးသွားမည်ဖြစ်ကြောင်း မန်းရွှေစက်တော်ဘုရားဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးအေးကိုထံမှ သိရသည်။

မန်းရွှေစက်တော်ဘုရားကြီးသည် မြန်မာနိုင်ငံ၏(က)အဆင့်စာရင်းဝင် တန်ခိုးကြီးဘုရားဖြစ်သည်နှင့်အညီ ထင်ရှားကျော်ကြားကာ မြန်မာနိုင်ငံအတွင်း၌ ရက်အရှည်ကြာဆုံးဘုရားပွဲတော်ကြီးတစ်ခုဖြစ်ကြောင်း၊ယခုနှစ် မန်းရွှေစက်တော် ပါဒစေတီတော်ဗုဒ္ဓပူဇနိယဘုရားပွဲတော်ကြီးကို ဖေဖော်ဝါရီ ၂ ရက်မှ ဧပြီ ၁၇ ရက်ထိ မဟာသင်္ကြန်ရုံးပိတ်ရက်အပါအဝင် (တပို့တွဲလဆန်း ၅ ရက်မှ မြန်မာနှစ်ဆန်း ၁ ရက်ထိ) ရက်ပေါင်း ၇၅ ရက်ကြာ စည်ကားသိုက်မြိုက်စွာကျင်းပလျက်ရှိသည်။

မန်းရွှေစက်တော်ဘုရားကြီးတွင် မြန်မာတို့၏ အထွတ်အမြတ်ထားရာ တပေါင်းလပြည့်နေ့အခါသမယ အစိုးရရုံးပိတ်ရက်ငါးရက်အပါအဝင် ဘုရားပွဲတော်စတင်ကျင်းပသည့်နေ့မှစ၍ ယနေ့ထိ ဘုရားဖူးရဟန်းရှင်လူ ခရီးသွားပြည်သူ ၁၅၃၆၃ ဦးနှင့် မော်တော်ယာဉ်အစီး ၃၁၀၀ ကျော်လာရောက်ခဲ့ကြောင်း၊ မန်းရွှေစက်တော်ပွဲတော်ကျင်းပစဉ်ကာလတစ်လျှောက် တပေါင်းလအပြင် တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုပြီးချိန်(အခြေခံပညာကျောင်းများဖြေဆိုပြီးချိန်)နှင့် မဟာသင်္ကြန်ရုံးပိတ်ရက်ကာလများအတွင်း နှစ်စဉ်နှစ်တိုင်း အထူးစည်ကားလေ့ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ❖ ဝါးအလယ်ကျွန်းမှ

အဏ္ဏဝါဆိုင်ရာ သဘာဝကုန်းနေ၊ ရေနေတောရိုင်းတိရစ္ဆာန်များ ရှင်သန်ကြွယ်ဝခြင်း၊ ဆလုံတိုင်းရင်းသားတို့၏လူမှုဘဝကို အနီးကပ်လေ့လာနိုင်ခြင်းနှင့် သဘာဝအခြေခံခရီးသွားအရင်းအမြစ်များစွာ တည်ရှိနေခြင်းတို့ကြောင့် ပြည်တွင်း၊ပြည်ပ ခရီးသွားများ စိတ်ဝင်တစား လာရောက်လည်ပတ်လျက်ရှိသည်။

"မနှစ်ကဝါးအလယ်ကျွန်းကို ခရီးသွားရာသီမှာခရီးသွားဦးရေ ၂၀၀ ကျော်ဝင်တယ်၊ အခန်းမလောက်လို့ ပြန်သွားရတာတွေရှိတယ်။ အရင်နှစ်နဲ့စာရင် ဒီနှစ်မှာခရီးသွားနည်းပေမယ့် ခရီးသွားညွှန့်သည်လုံးဝပြတ်သွားတာမျိုးတော့မရှိပါဘူး။ပြည်ပခရီးသွားအနေနဲ့ အမေရိကန်၊ ရုရှား၊ ဗြိတိန်၊ အီတလီ၊ ထိုင်း၊ ဖိလစ်ပိုင်နိုင်ငံတွေကလာကြတာများတယ်။ တခြားနိုင်ငံတွေကလည်းလာရောက်ကြပါတယ်။ ဝါးအလယ်ကျွန်းရဲ့ ထူးခြားချက်က ကုန်းနေ၊ရေနေသယံဇာတကြွယ်ဝတာ၊ သဘာဝအတိုင်းပြုပြင်မထားဘဲ တည်ရှိနေတာတွေပါ။ ဒီလိုသဘာဝအတိုင်းလှပတဲ့အတွက် ပြည်ပခရီးသွားတွေက နှစ်သက်ကြတယ်"ဟု လန်ပိအဏ္ဏဝါအမျိုးသားဥယျာဉ်အုပ်ချုပ်ရေးမှူး ဦးကြည်ဦးက ပြောပြသည်။

ဝါးအလယ်ကျွန်းသဘာဝအခြေခံအပန်းဖြေစခန်းသို့ သင်္ကြန်ကာလတွင်လည်း ပြည်တွင်း၊ပြည်ပ ခရီးသွားဝင်ရောက်မှုများကြောင်း အဆိုပါအပန်းဖြေစခန်းမှ သိရသည်။

ဝါးအလယ်ကျွန်းသို့ ပြည်တွင်း၊ ပြည်ပ ခရီးသွားများ လာရောက်လည်ပတ်ပါက ရေအောက် သန္တာကျောက်တန်းများအလှကြည့်ရှုခြင်း၊ လှိုင်းစီးခြင်း၊ ကယက်လှေစီးခြင်း၊ ဒီရေတောနှင့် အမြဲစိမ်းတောအလှကြည့်ရှုခြင်း၊ ကုန်းနေ၊ ရေနေသတ္တဝါများ၊ ရှားပါးအပင်များနှင့် ပင်လယ်လိပ်များကို ကြည့်ရှုခြင်း၊ အဏ္ဏဝါအလှနှင့် နေဝင်ဆည်းဆာသဘာဝအလှကို ကြည့်ရှုခံစားခြင်းနှင့် အေးချမ်းလှပသည့် ပင်လယ်ပြင်နှင့်ကျွန်း၏သဘာဝအလှကို ကြည့်ရှုလေ့လာခြင်းတို့ ဆောင်ရွက်ကြလေ့ရှိကြောင်း သိရသည်။

**(သတင်းစဉ်)**

**❑ တက္ကသိုလ်ဝင်စာမေးပွဲမှ**

ယင်းသို့ ကျောင်းသား၊ ကျောင်းသူများ စိတ်အေးချမ်းသာစွာ ဖြေဆိုနိုင်ရေးအတွက် ကျောင်းဝင်းအတွင်းနှင့် အပြင်များ၌ သက်ဆိုင်ရာ လုံခြုံရေးအဖွဲ့ဝင်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်၊ကျေးရွာအုပ်ချုပ်ရေးအဖွဲ့ဝင်များက စနစ်တကျစောင့်ကြပ်ကြည့်ရှုပေးလျက်ရှိသည်။

ယခုနှစ်တွင် နိုင်ငံခြားစာစစ်ဌာန ၁၃ ခုနှင့် ပြည်တွင်း၌ စာစစ်ဌာန ၈၀၄ ခု စာစစ်ဌာနစုစုပေါင်း ၈၁၇ ခု ဖွင့်လှစ်ဖြေဆိုခဲ့ရာ စာမေးပွဲဖြေဆိုရန် စာရင်းပေးသွင်းသူ စုစုပေါင်း ၂၂၀၈၄၃ ဦးရှိပြီး စာမေးပွဲဒုတိယနေ့ အင်္ဂလိပ်စာဘာသာရပ်လာရောက်ဖြေဆိုသူ စုစုပေါင်း ၂၀၈၆၅၉ ဦးရှိကာ ဖြေဆိုသူရာခိုင်နှုန်း ၉၄ ဒသမ ၄၈ ရာခိုင်နှုန်းရှိကြောင်း ပညာရေးဝန်ကြီးဌာနမှ သိရသည်။

ထိုသို့ ကျောင်းသား၊ ကျောင်းသူများ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုနေမှုများကို ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့်တာဝန်ရှိသူများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

"ကျွန်တော့်နာမည် ဒေါက်တာကျော်လွင် ဖြစ်ပါတယ်။ ကျွန်တော် နေပြည်တော်ပညာရေးမှူးရုံး ညွှန်ကြားရေးမှူးတာဝန်ကို ထမ်းဆောင်နေပါတယ်။ ကျွန်တော်တို့ ပြည်ထောင်စုနယ်မြေ နေပြည်တော် မြို့နယ်ရှစ်မြို့နယ်မှာ ခုတင် ၁၀၀၀ ဆေးရုံစာစစ်ဌာနအပါအဝင် စုစုပေါင်း စာစစ်ဌာန ၄၇ ခု ရှိပြီးတော့ စာမေးပွဲကျင်းပဆောင်ရွက်လျက်ရှိပါတယ်။ ဒီနှစ်အနေနဲ့ စာစစ်ဌာန မြို့နယ်အလိုက်ကတော့ စာစစ်ဌာန ငါးခုရှိတဲ့မြို့နယ်တွေလည်းရှိတယ်။ ခြောက်ခုရှိတဲ့ မြို့နယ်တွေလည်းရှိတယ်။ လယ်ဝေးမြို့နယ်ကတော့ စာစစ်ဌာန ၁၀ ခု စာစစ်ဌာနအများဆုံးရှိတဲ့နေရာလည်းဖြစ်ပါတယ်။ စုစုပေါင်းတော့ကျွန်တော်တို့ ၄၇ ခုနဲ့ ကျင်းပဆောင်ရွက်လျက်ရှိပါတယ်။ လောလောဆယ်တော့ စာမေးပွဲအောင်ချက်အနေနဲ့ ယခင်နှစ်တုန်းကတော့ ၅၆ ဒသမ ၇၉ ရာခိုင်နှုန်းအောင်မြင်ခဲ့ပါတယ်။ ဒီနှစ်အနေနဲ့ ဘာသာရပ်သုံးမျိုးဖြစ်ပါတယ်။ ဓာတု၊ ရူပ၊ ဇီဝဘာသာတွဲ၊ ဓာတု၊ ရူပ၊ ဘောဂဘာသာတွဲနဲ့ပထဝီ၊သမိုင်း၊ဘောဂဆိုပြီး ဘာသာတွဲသုံးတွဲ ဒီနှစ် ကျောင်းသား၊ ကျောင်းသူတွေဝင်ရောက်ဖြေဆိုနေတာဖြစ်ပါတယ်။ကျောင်းသား၊ ကျောင်းသူတွေအနေနဲ့ကတော့ ဒီတက္ကသိုလ်ဝင်စာမေးပွဲဆိုတာ ဘဝကိုအပြောင်းအလဲဖြစ်စေမယ့်၊ ဘဝကို အဆုံးအဖြတ်ပေးမယ့်စာမေးပွဲဖြစ်ပါတယ်။ အဲ့ဒီတော့ ဒီစာမေးပွဲအောင်မြင်အေးချမ်းစွာနဲ့ မသမာမှုကင်းရှင်းတဲ့ စာမေးပွဲဖြစ်ဖို့ရာအတွက် ကျွန်တော်တို့ ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာန၊ မြန်မာနိုင်ငံစာစစ်ဦးစီးဌာန၊ဦးစီးဌာန အသီးသီးနဲ့ သက်ဆိုင်ရာ နေပြည်တော်ကောင်စီနဲ့ ဒေသဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်တွေ၊ ရပ်ကျေးအဖွဲ့ဝင်တွေ၊ ကြက်ခြေနီ၊ မီးသတ်၊ ကျန်းမာရေးဌာန









၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဒုတိယနေ့ အင်္ဂလိပ်စာဘာသာရပ်ဖြေဆိုကြသည့် ကျောင်းသား၊ ကျောင်းသူများကို တွေ့ရစဉ်။

စသဖြင့်ဆက်စပ်ဌာနတွေ အားလုံးပူးပေါင်းပြီးတော့ လုံခြုံရေးကအစ၊ကျန်းမာရေးကအဆုံး အားလုံးအဆင်ပြေအောင် အစစအရာရာ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်းပြောကြားလိုပါတယ်။ ကျောင်းသား၊ ကျောင်းသူတွေအနေနဲ့ စာကိုအေးအေးချမ်းချမ်းနဲ့ကြိုးစားပြီးတော့ ဖြေကြားဖို့ပြောကြားလိုပါတယ်။







ရရှိတဲ့ကျောင်းနေအရွယ်မှာ ပညာကိုဆုံးခန်းတိုင်အောင်သင်ယူပြီးတော့ နောင်တစ်ချိန်မှာ တိုင်းပြည်က အားထားရတဲ့ နိုင်ငံ့သားကောင်းတွေဖြစ်အောင် ကြိုးစားကြဖို့ ပြောကြားလိုပါတယ်။ ကျန်းမာရေးအတွက်လည်း ပြင်ဆင်ထားတာတွေအများကြီးရှိပါတယ်။ ကျွန်တော်တို့ စာစစ်ဌာနတိုင်းမှာ Medical Cover အနေနဲ့ ကျန်းမာရေးစောင့်ရှောက်မှု စင်တာတိုင်းမှာရှိပါတယ်။ ကျန်းမာရေးစောင့်ရှောက်မှု အခန်းဆိုပြီးတော့ သီးခြားဆေးခန်းတွေဖွင့်ထားပါတယ်။ သက်ဆိုင်ရာမြို့နယ်အလိုက်၊ တိုက်နယ်အလိုက်လည်းပဲ အရေးပေါ်လူနာတွေ ပေါ်ပေါက်လာရင် ဖြေနိုင်အောင်လည်း ဆေးရုံတွေမှာ စာဖြေခန်းတွေအရန်သင့်စီစဉ်ဆောင်ရွက်ထားပါတယ်။ ရပ်ဝေးကရောက်ရှိလာတဲ့ မကျန်းမာတဲ့တက္ကသိုလ်ဝင်စာမေးပွဲလူနာတွေ၊ ရောဂါပြင်းထန်နေတဲ့လူနာတွေအတွက်လည်း နေပြည်တော် ခုတင် ၁၀၀၀ ပြည်သူ့ဆေးရုံကြီးမှာ စာစစ်ဌာနတစ်ခု သီးခြားဖွင့်ပြီး ဆောင်ရွက်နေပါတယ်။ လောလောဆယ်အခြေအနေမှာလည်း ဒီနေ့မှာဆိုရင် ခုတင် ၁၀၀၀ နေပြည်တော် ဆေးရုံကြီးမှာ ကျောင်းသား၊ ကျောင်းသူစာဖြေသူ နှစ်ဦးဖြေဆိုလျက်ရှိပါတယ်။ စိတ်အေးချမ်းသာစွာနဲ့ ကောင်းကောင်းမွန်မွန်ကိုယ်တိုင်ရေးပြီးဖြေဆိုနိုင်ကြပါတယ်။ တချို့လူနာတွေဆိုရင်ကိုယ်တိုင်မရေးနိုင်တာတွေရှိပါတယ်။ သို့သော်ဆေးရုံမှာရှိတဲ့ ကျောင်းသား နှစ်ဦးဆိုရင် ကျန်းမာရေးကောင်းမွန်တဲ့သူတွေဖြစ်တဲ့အတွက်ကြောင့် ကိုယ်တိုင်ရေးပြီးတော့ဖြေဆိုနေကြကြောင်း ပြောကြားလိုပါတယ်။ မသန်စွမ်းဖြေဆိုသူအနေနဲ့ နှစ်ဦးရှိပါတယ်။ ကျန်းမာရေးမကောင်းတဲ့ ကျောင်းသား၊ ကျောင်းသူနှစ်ဦးရှိပါတယ်။ စာမေးပွဲ စည်းကမ်းအရ နာရီဝက်နောက်ကျရင်ဖြေဆိုခွင့် မရှိဘူးဆိုတာရှိပေမယ့် ကျွန်တော်တို့ ဒီနှစ်အနေနဲ့ဖြေလျှော့ပြီးတော့ အချိန်ကို ပိုမိုသတ်မှတ်ပြီးတော့ တစ်နာရီခွဲနောက်ကျတဲ့ထိ လက်ခံဖို့အတွက် ကျွန်တော်တို့ဝန်ကြီးဌာန၊ ဦးစီးဌာနက ညွှန်ကြားထားတဲ့အတွက်ကြောင့် ရောက်ရှိလာတဲ့သူကို စာမေးပွဲဖြေဆိုနိုင်ရေးအတွက် အစစအရာရာစီစဉ်ဆောင်ရွက်ထားပါတယ်။ နေပြည်တော်ကောင်စီနယ်မြေအနေနဲ့လည်း ယာဉ်ထိန်း၊မီးသတ်စသဖြင့် ကျောင်းသား၊ ကျောင်းသူတွေလမ်းမှာ လမ်းပန်းဆက်သွယ်ရေးအခက်အခဲဖြစ်နေမယ်။ ဥပမာ ဆိုင်ကယ်ပျက်နေမယ်၊ ကားပျက်မယ်ဆိုရင် တောင်မှတွေ့တဲ့သူကို အကူအညီတောင်းလို့ရပါတယ်။ စာမေးပွဲဖြေသွားမလို့ ကူညီပေးပါဆိုရင်ကူညီပေးဖို့အတွက် နေပြည်တော်ကောင်စီအနေနဲ့လည်း ဌာနဆိုင်ရာတွေကို ညွှန်ကြားထားပါတယ်။ သက်ဆိုင်ရာ ဆက်စပ်ဌာနတွေကိုလည်း ကူညီပေးကြဖို့ အတွက် နောက်ကျလို့ရှိရင်တောင်မှ အကူအညီတောင်းရင် လိုက်ပို့မယ့်သူတွေရှိပါတယ်။ အဲဒီလောက်ထိစီစဉ်ထားပါတယ်။ ကျောင်းသား၊ ကျောင်းသူတွေ အဓိကကတော့ စာဖြေသူတွေစိတ်ချမ်းသာဖို့နဲ့ စာမေးပွဲအေးချမ်းသာယာစွာ ပြီးမြောက်ဖို့၊ မသမာမှုကင်းရှင်းတဲ့ စာမေးပွဲဖြစ်ဖို့ ကျွန်တော်တို့အနေနဲ့ အဘက်ဘက်က ကြိုးစားအားထုတ်ပြီးတော့ စီမံဆောင်ရွက်ထားပါတယ်"ဟု ပြောသည်။

"ကျွန်တော်ကတော့ အထက(၇)စာစစ်ဌာနက ကြီးကြပ်ရေးမှူးတာဝန်ထမ်းဆောင်ပါတယ်။ စုစုပေါင်း ကျောင်းသား ၃၅၉ ဦး ရှိပြီးတော့ ၃၃၇ ဦးလာရောက်ဖြေဆိုပါတယ်။ ၂၂ ဦးပျက်ကွက်ပါတယ်။ ဖြေဆိုသူ ၉၇ ဒသမ ၈၇ ရာခိုင်နှုန်းရှိပါတယ်။ ပျက်ကွက်က ၆ ဒသမ ၁၃ ရာခိုင်နှုန်းဖြစ်ပါတယ်။ ဒီနှစ် ကျောင်းသား၊ ကျောင်းသူတွေအတွက် စိုးရိမ်ပူပန်မှုက အများကြီးမရှိပါဘူး။ ဘာဖြစ်လို့လည်းဆိုတော့ စနစ်သစ်ကို ၂၀၂၄ ခုနှစ်က စတင်ဖြေခဲ့တာဖြစ်လို့ ၂၀၂၄ ကလေးတွေအတွက်တော့ စိုးရိမ်ခြင်းမှုဖြစ်ခဲ့တာပေါ့။ ဒီနှစ်ကလေးတွေက ဒုတိယနှစ်ဖြစ်တဲ့အတွက် အတွေ့အကြုံရှိပြီးဖြစ်လို့ အခက်အခဲမရှိနိုင်ပါဘူး။ စနစ်သစ်ပညာရေးက ကျွန်တော်တို့ဌာနဟာ အကောင်းဆုံးသူများနိုင်ငံတွေနဲ့ ယှဉ်နိုင်အောင် ဘာသာရပ်ဆိုင်ရာ သင်ရိုးညွှန်းတမ်းတွေကိုအဆင့်မီပြင်ထားတာဖြစ်ပါတယ်။ ၂၀၂၄ ခုနှစ်ကတည်းက Grade-12 ကိုပြောင်းတာဖြစ်တယ်။ ၂၀၂၅ ခုနှစ်ကတော့ ဒုတိယနှစ်ဖြစ်တဲ့အတွက် ဘာမှသိပ်အခက်အခဲမရှိဘဲ ရှောရှောရှုရှုအားလုံးအဆင်ပြေပါတယ်။ ကျွန်တော့်ကျောင်းက ၂၀၂၄ ခုနှစ်မှာ ၆၀ ဒသမ ၈၉ ရာခိုင်နှုန်းအောင်ခဲ့တာဆိုတော့ အားရမှုရှိပါတယ်။ အောင်ချက်လည်း အများကြီးတက်ခဲ့ပါတယ်။ ကျောင်းသား၊ ကျောင်းသူတွေအနေနဲ့ ဘာပဲဖြစ်ဖြစ် တက္ကသိုလ်ဝင်စာမေးပွဲတွေကို ဝင်ရောက်ဖြေဆိုဖို့၊ဖွဲ့မလျှော့ဖို့၊ဘာပဲဖြစ်ဖြစ်အခွင့်အခါကောင်းရင် ကိုယ့်အတွက်လည်းအခွင့်အရေးတွေ အများကြီးရရှိမှာဖြစ်တဲ့အတွက် အားလုံး လာရောက်ဝင်ရောက်ဖြေဆိုကြပါလို့ တိုက်တွန်းချင်ပါတယ်"ဟု ပြောသည်။

"ကျောင်းသားကတော့ စာကျက်မှရမယ်နော်။ နေ့စဉ်ပုံမှန် စာကျက်မှဖြစ်မယ်။ မိဘတွေအနေနဲ့ကလည်း စာကျက်ဖို့ တိုက်တွန်းပေးမယ့်လည်း သူတို့ကိုယ်တိုင်ကကျက်မှရမှာလေ။အဲ့ဒီလိုဆိုတော့ ကျွန်မကဘာပြောလည်းဆိုတော့ ကိုယ်ကျက်မှ ကိုယ်ရမယ်။ ဆရာ၊ ဆရာမတွေအနေနဲ့ကတော့ သင်ပေးမယ်။ အကုန်လုံးကိုတော့ ချောချောမောမောလေး ဖြေဆိုအောင်မြင်စေချင်တယ်။ ပြီးတော့ သူကျက်ထားတဲ့ဟာလေးနဲ့လည်း တိုးစေချင်တယ်ပေါ့နော်။ ကိုယ့်သမီးတစ်ယောက်ထဲတော့မဟုတ်ဘူး။ ကျောင်းသား၊ ကျောင်းသူတိုင်းကို အောင်စေချင်ပါတယ်" ဟု ပြောသည်။ (၅၀၁)

**ပြည်ထောင်စုအတွင်း မှီတင်းနေထိုင်ကြသည့် တစ်မြေတည်းနေ၊ တစ်ရေတည်းသောက် ပြည်ထောင်စုဖွားတိုင်းရင်းသား ပြည်သူအားလုံးသည် စိတ်ဓာတ်ကောင်းမွန်ကြပြီး အသိပညာ၊ အတတ်ပညာ၊ ဆင်ခြင်တုံတရားများဖြင့် စည်းလုံးညီညွတ်စွာ အတူလျှောက်လှမ်းကြမည်ဆိုပါက ပြည်ထောင်စုကြီး၏ရှေ့ခရီးသည်လည်း အစဉ်ချောမွေ့သာယာနေမည်မှာ မလွဲကေန်ပင်ဖြစ်...**

**ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီး တည်ဆောက်ရေးလုပ်ငန်းများတွင် မွန်ပြည်နယ်နှင့် မွန်တိုင်းရင်းသားများနှင့်အတူ တိုင်းရင်းသားပြည်သူအားလုံးတို့က မိမိတို့ကျရာကဏ္ဍအလိုက် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်တို့ကိုအခြေခံကာ ဝိုင်းဝန်းကြိုးပမ်းတည်ဆောက်...**

မွန်ပြည်နယ်နေ့မှအဆက်

သက်သေခံလျက်ရှိပါသည်။ ထို့ပြင် မြတ်စွာဘုရားရှင်ပွင့်တော်မမူမီကတည်းက သထုံဒေသဝန်းကျင်တွင် သုဝဏ္ဏဘူမိတိုင်းပြည်အဖြစ် ထူထောင်ကာ ဘာသာ၊ သာသနာ၊ စာပေ၊ ယဉ်ကျေးမှုဓလေ့ထုံးစံများနှင့် အနုသုခုမပညာရပ်များကို ထိန်းသိမ်းပြီး ရာမညတိုင်းအဖြစ် ဂုဏ်ကျက်သရေတင့်တယ်စွာ ရပ်တည်ခဲ့သည်ကိုလည်း တွေ့ရပါသည်။

သီဟသုဓမ္မမင်း၊ မနူဟာမင်း စသည့်ထင်ရှားကျော်ကြားသော သာသနာပြု မင်းကောင်းမင်းမြတ်များ၊ ဝေါဆရာတော် ဦးဥတ္တမရမ္မ၊ ဦးသီလဝန္တ(မင်းရွှေငို) စသည့်ကျမ်းဂန်တတ် ရဟန်းပညာရှိများ၊ ပထမဆုံး အနောက်တိုင်းဆေးပညာရှင် ဒေါက်တာရှောလူး၊ သိပ္ပံမောင်ဝ၊ ဒေါက်တာနိုင်ပန်းလှ၊ ဒေါက်တာမင်းတင်မွန် စသည့်ပညာရှိများနှင့် စာပေပညာရှင်များ၊ ရာဇဓိရာဇ်၊ လဂွန်းအိမ်၊ သမိန်ဗရမ်း စသည့်သူရသတ္တိနှင့်ပြည့်စုံသော သူရဲကောင်းများပေါ်ထွန်းခဲ့ပြီး သမိုင်းအစဉ်အလာကြီးမားခဲ့သည့် ပြည်နယ်တစ်ခုလည်းဖြစ်ပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တာဝန်ယူပြီးနောက် မွန်ပြည်နယ်ကို ၃၀-၄-၂၀၂၂ ရက်မှစ၍ ခရိုင်လေးခုနှင့် မြို့နယ် ၁၀ ခုတို့ဖြင့် ပြင်ဆင်ဖွဲ့စည်းပြီး တည်ငြိမ်အေးချမ်းရေးနှင့် စီးပွားရေး၊ လူမှုရေးနှင့် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးတို့ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

မွန်ပြည်နယ်သည် အရှေ့ဘက်တွင် ကရင်ပြည်နယ်နှင့် ထိုင်းနိုင်ငံ၊ အနောက်ဘက်တွင် မုတ္တမကွေ့၊ မြောက်ဘက်တွင် ပဲခူးတိုင်းဒေသကြီး၊ တောင်ဘက်တွင် တနင်္သာရီတိုင်းဒေသကြီးတို့နှင့် နယ်နိမိတ်ချင်းထိစပ်လျက် ပထဝီအနေအထားအရ အဓိကကျစွာတည်ရှိနေပါသည်။ ကွန်ရက်သဖွယ်စီးဆင်းနေသော သံလွင်မြစ်၊ ဂျိုင်းမြစ်၊ အတ္တရံမြစ်နှင့် ဒုံသမိမြစ်တို့ဖြင့် ရေလမ်း၊ ကုန်းလမ်းဆုံရာ အချက်အချာနေရာတွင် တည်ရှိသော ပြည်နယ်တစ်ခုဖြစ်ပါသည်။

မွန်ပြည်နယ်သည် ပင်လယ်ကမ်းရိုးတန်းတစ်လျှောက်တွင် တည်ရှိသော ပြည်နယ်တစ်ခုဖြစ်သည့်အပြင် ကုန်ကူးသန်းရောင်းဝယ်ရေးအတွက် အရေးပါသော ဗဟိုဆိပ်ကမ်းနေရာတစ်ခုဖြစ်ပါသည်။ ထို့ပြင် ရာသီဥတုမျှတကောင်းမွန်ပြီး ရှုမောဖွယ်ရာ တောတောင်မြစ်ချောင်းများ၊ စိမ်းလန်းစိုပြည်သော သစ်တောများ၊ သဘာဝရေမြေသယံဇာတများ၊ ဒေသထွက်သစ်သီးဝလံများ ပေါများဖြစ်ထွန်းကြွယ်ဝပြီး ရေခံမြေခံကောင်းမွန်သော ပြည်နယ်တစ်ခုလည်းဖြစ်ပါသည်။

ဘာသာ၊ သာသနာနှင့်ပတ်သက်၍လည်း မွန်ပြည်နယ်တွင် ထူးခြားထင်ရှားသော ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်မြတ်ကြီး အပါအဝင် ကျိုက်ပေါလောမဲ့ရှင်တော်ဘုရား၊ ဆံတော်ရှင်ကျိုက်သလ္လံစေတီတော်မြတ်ကြီး၊ ကျိုက်မရောဆုတောင်းပြည့်ဘုရား၊ ကျိုက္ခမီရေလယ်ဘုရား စသည့်သမိုင်းဝင်တန်ခိုးကြီးဘုရားစေတီများစွာတို့ဖြင့် သာသနာ့ဂုဏ်ရောင်ထွန်းလင်းတောက်ပလျက်ရှိပါသည်။ သာသနာပြုပုဂ္ဂိုလ်များနှင့် ရှင်အရဟံမထေရ်မြတ်ကြီးတို့၏ ကြိုးပမ်းအားထုတ်ခဲ့မှုများကြောင့် စစ်မှန်သော ထေရဝါဒဗုဒ္ဓသာသနာတော် ထွန်းကားပြန့်ပွားရာနေရာဒေသဖြစ်ခဲ့သည်ကိုလည်း သမိုင်းမှတ်တမ်းများအရ အထင်အရှားတွေ့မြင်ရသည်မှာလည်း ဂုဏ်ယူဖွယ်ရာဖြစ်ပါသည်။

**ချစ်ကြည်လေးစားအပ်ပါသော တိုင်းရင်းသားမိဘပြည်သူ ညီအစ်ကိုမောင်နှမများခင်ဗျား**

ယနေ့အချိန်အခါတွင် မိမိတို့နိုင်ငံသည် ပြည်သူများ၏လိုလားချက်နှင့်အညီ တရားမျှတခြင်း၊ လွတ်လပ်ခြင်း၊ တန်းတူညီမျှခြင်းဟူသည့် လောကပါလတရားများထွန်းကားရာ ဒီမိုကရေစီစနစ်ကို ကျင့်သုံးသည့်နိုင်ငံအဖြစ်သို့ စတင်လျှောက်လှမ်းနေချိန်ဖြစ်ပါသည်။ ဒီမိုကရေစီနိုင်ငံထူထောင်ရာတွင် နိုင်ငံသားအားလုံးအနေဖြင့် စည်းလုံးညီညွတ်ခြင်း၊ စည်းကမ်းရှိခြင်း၊ တရားဥပဒေကိုလေးစားလိုက်နာခြင်းနှင့် အသိဉာဏ်ပညာပြည့်ဝခြင်းတို့သည် မရှိမဖြစ်လိုအပ်မည်ဖြစ်ပါသည်။

စည်းလုံးညီညွတ်ခြင်းသည် နိုင်ငံ့အင်အားကို ခိုင်မာတောင့်တင်းစေပြီး ဖွံ့ဖြိုးတိုးတက်မှုနှင့် နိုင်ငံ့အကျိုးစီးပွားကို ဖြစ်ထွန်းစေပါသည်။ မျက်မှောက်ကာလ ခေတ်မီဖွံ့ဖြိုးတိုးတက်နေသည့် နိုင်ငံများကိုကြည့်ပါက စည်းလုံးညီညွတ်မှုအင်အားဖြင့် အခိုင်အမာတည်ဆောက်ထားကြသည်ကို တွေ့ရှိနိုင်ပါသည်။ **"ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိသည်"** ဟူသော စကားနှင့်အညီ တိုင်းပြည်ကို ပြည်တွင်းအင်အားဖြင့်သာ တည်ဆောက်ကြရမည်ဖြစ်ပါသည်။ သို့သော်လည်း မျက်မှောက်ကာလ မိမိတို့နိုင်ငံ၏အခြေအနေမှာ တည်ဆောက်ရေးကို မလုပ်နိုင်ဘဲ တိုင်းဖျက်ပြည်ဖျက်ရန်ကို ပြည့်အင်အားဖြင့် ကြိုးစားကာကွယ်နေကြရသဖြင့် တည်ငြိမ်အေးချမ်းမှု အားနည်းပြီး ဖွံ့ဖြိုးတိုးတက်မှုနှင့် အလှမ်းဝေးနေဆဲဖြစ်နေပါသည်။

ယနေ့ဖြစ်ပေါ်လျက်ရှိသော ပဋိပက္ခများနှင့် လက်နက်ကိုင်အကြမ်းဖက်တိုက်ခိုက်မှုများမှာ နိုင်ငံရေးအမြင်မတူညီမှုများကို အခြေခံသကဲ့သို့ တသီးတခြားရပ်တည်လိုစိတ်နှင့် အတ္တအကျိုးစီးပွားကိုသာ ရှေ့တန်းတင်နေကြခြင်းကြောင့်လည်း ပေါ်ပေါက်လာခဲ့ခြင်းဖြစ်ပါသည်။ နယ်မြေဒေသအသီးသီးတွင် တိုင်းရင်းသားလက်နက်ကိုင်များနှင့် PDF အမည်ခံ အကြမ်းဖက်သမားများ၏ တိုက်ခိုက်မှုများကြောင့် နိုင်ငံတော်အခြေခံအဆောက်အအုံများနှင့် ဒေသခံပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်များ ပျက်သုဉ်းကာ ဆင်းရဲဒုက္ခရောက်နေကြရပါသည်။ အကြမ်းဖက်မှုများ၏ နောက်ကွယ်တွင် ပြည်တွင်း၊ ပြည်ပမှ အမျိုးမျိုးသောပံ့ပိုးမှုများနှင့် သွေးထိုးလှုံ့ဆော်မှုများ ပါဝင်နေသည်ကိုလည်း နိုင်ငံသားတိုင်း သတိချပ်သင့်ပြီး စည်းလုံးညီညွတ်မှုပျက်ပြားရာမှ ဖြစ်ပေါ်လာသည့် ဆင်းရဲဒုက္ခများအပေါ်တွင် သင်ခန်းစာယူကြရန် အချိန်အခါကျရောက်နေပြီဖြစ်ကြောင်း အသိပေးလိုပါသည်။

ယနေ့ လက်နက်ကိုင်တိုက်ပွဲများနှင့် ဆူပူအကြမ်းဖက်မှုများ လုပ်ဆောင်နေကြသည့် တိုင်းရင်းသားလက်နက်ကိုင်များနှင့် သက်ဆိုင်ရာအဖွဲ့အစည်းများ၊ ပတ်သက်သူများကိုလည်း ပြည်သူများဒုက္ခရောက်စေပြီး နိုင်ငံကိုအန္တရာယ်ကျရောက်စေမည့် လုပ်ရပ်များကို နိုင်ငံနှင့်ပြည်သူအကျိုးရှေးရှု၍ ရပ်တန့်ပေးကြရန် အသိပေးမှာကြားလိုပါသည်။ နိုင်ငံသူ၊ နိုင်ငံသားအားလုံးတို့က စည်းလုံးညီညွတ်စွာဖြင့် ပြည်ထောင်စုစိတ်ဓာတ်ကိုအရင်းခံကာ နိုင်ငံတော်ကို ဝိုင်းဝန်းထိန်းသိမ်းကာကွယ်စောင့်ရှောက်သွားကြရန် တိုက်တွန်းအပ်ပါသည်။

**ချစ်ကြည်လေးစားအပ်ပါသော မွန်ပြည်နယ်အတွင်းရှိ တိုင်းရင်းသားမိဘပြည်သူ ညီအစ်ကိုမောင်နှမများခင်ဗျား**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ပြည်သူလူထု၏ဆန္ဒဖြစ်သည့် စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ဖြစ်ပေါ်လာစေရေးအတွက် အခြေခံအုတ်မြစ်ဖြစ်သည့် တရားမျှတသော၊ သိက္ခာရှိသော၊ နည်းလမ်းကျနမှန်ကန်မှုရှိသော၊ အထွေထွေရွေးကောက်ပွဲ ပြန်လည်ကျင်းပနိုင်ရေးကို သန္နိဋ္ဌာန်ချမှတ် ဆောင်ရွက်လျက်ရှိပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ရှေ့လုပ်ငန်းစဉ်(၅)ရပ်နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရကို နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ရွေးကောက်ပွဲကျင်းပနိုင်ရေး လိုအပ်လျက်ရှိသော နိုင်ငံတစ်ဝန်း တည်ငြိမ်အေးချမ်းမှုရှိစေရေးအတွက် တိုင်းရင်းသားပြည်သူအားလုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားလိုပါသည်။

ပစ္စုပ္ပန်ကာလ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးတို့၏ ပကတိလိုအပ်ချက်မှာ ဥပဒေနှင့်အညီ အေးအေးချမ်းချမ်း နေထိုင်လုပ်ကိုင်စားသောက်၍ ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာစွာဖြင့် ဘဝဖွံ့ဖြိုးတိုးတက်နိုင်ရေးဖြစ်ပါသည်။ နိုင်ငံတော်အစိုးရအနေဖြင့်လည်း ပြည်သူလူထု၏ ပကတိလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန်နှင့် တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံး တန်းတူခံစားနိုင်မည့် ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုများကို ဖော်ဆောင်နိုင်ရန် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးကို ဦးတည်ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

အဆိုပါလုပ်ငန်းစဉ်များ အချိန်တိုအတွင်းတွင် ထိရောက်အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကဏ္ဍပေါင်းစုံ၊ ဘက်ပေါင်းစုံက အသိပညာရှင်၊ အတတ်ပညာရှင်များ၊ တိုင်းရင်းသားပြည်သူများက နိုင်ငံတော်အစိုးရနှင့်အတူ တက်တက်ကြွကြွပူးပေါင်းဆောင်ရွက်ကြရန် အလေးအနက်တိုက်တွန်း မှာကြားလိုပါသည်။

စားရေရိက္ခာဖူလုံရေးအတွက် စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများ ပန်းတိုင်ရည်မှန်းချက်ပြည့်မီစေရန် ဆောင်ရွက်လျက်ရှိပါသည်။ တိုင်းရင်းသားပြည်သူအားလုံး၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရေးအတွက် စိုက်ပျိုးမွေးမြူရေးကိုအခြေခံသော ကုန်ထုတ်လုပ်ငန်းများကိုမြှင့်တင်၍ ဒေသအလိုက် သဘာဝထွက်ကုန်ကြမ်းများကိုအခြေခံသော အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်း MSME များကို အားပေးမြှင့်တင်လျက်ရှိပါသည်။ MSME လုပ်ငန်းများသည် နိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါသောအင်အားစုများဖြစ်သည့်အတွက် အဆိုပါလုပ်ငန်းများကို ထိရောက်စွာ ပံ့ပိုးပေးခြင်းအားဖြင့် ဒေသတွင်းစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုနိုင်မည်ဖြစ်ပါသည်။ ရေခံမြေခံကောင်းမွန်ပြီး သဘာဝအရင်းအမြစ်များကြွယ်ဝသော မွန်ပြည်နယ်အနေဖြင့် စိုက်ပျိုးမွေးမြူရေးနှင့် ကုန်ထုတ်လုပ်မှုကဏ္ဍကို တိုးမြှင့်နိုင်မည်ဆိုပါက ဒေသခံပြည်သူများ၏ ဝင်ငွေတိုးတက်စေမည်ဖြစ်ပြီး ဆင်းရဲမှုလျှော့ချနိုင်ကာ လူမှုစီးပွားဘဝ ယခုထက်ပိုမို၍ တိုးတက်လာနိုင်မည်ဖြစ်ပါသည်။

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအတွက်လည်းကောင်း၊ တည်ငြိမ်အေးချမ်းပြီး ဒီမိုကရေစီနိုင်ငံသစ် တည်ဆောက်ရာတွင်လည်းကောင်း တိုင်းရင်းသားပြည်သူအားလုံး အသိပညာ၊ အတတ်ပညာ ပြည့်ဝရေးသည် အဓိကကျပါသည်။ ယနေ့အချိန်တွင် အနာဂတ်အင်အားများဖြစ်သည့် လူငယ်များကို ကိုယ်ရည်ကိုယ်သွေး၊ ကိုယ်စွမ်းကိုယ်စများမြှင့်တင်ကာ ဘက်စုံပညာဖွံ့ဖြိုးတိုးတက်အောင် ပြုစုပျိုးထောင်ပေးလျက်ရှိပါသည်။ လူငယ်လူရွယ်များ၏ အကျင့်စာရိတ္တကောင်းမွန်စေရေး၊ တိုင်းချစ်ပြည်ချစ်စိတ်များရရှိပြီး တိုင်းပြည်၏ဂုဏ်ကို မြှင့်တင်လိုစိတ်၊ အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို စောင့်ထိန်းလိုစိတ်များ ဖြစ်ပေါ်စေရေးအတွက် စနစ်တကျလေ့ကျင့်ပျိုးထောင်ရန် လိုအပ်မည်ဖြစ်ပါသည်။

ထို့ကြောင့်လည်း နိုင်ငံသားတိုင်း အနည်းဆုံး KG+9 အလယ်တန်းအဆင့် ပြီးမြောက်အောင်မြင်ရေးနှင့် အသိပညာ၊ အတတ်ပညာပြည့်စုံသော ပညာတတ်များ ပေါများရေးဟူသည့် ပညာရေးမျှော်မှန်းချက်များ အောင်မြင်စေရန် ကျောင်းများတိုးချဲ့ဖွင့်လှစ်ပေးခြင်း၊ အဆင့်မြှင့်တင်ပေးခြင်း၊ ဆရာ၊ ဆရာမများ၏ စွမ်းရည်မြှင့်တင်ပေးခြင်းနှင့် ကျောင်းဥပစာရပ်ကောင်းမွန်ပြီး လိုအပ်ချက်များ ဖြည့်ဆည်းပေးခြင်းတို့ကို အလေးထား ဆောင်ရွက်ပေးလျက်ရှိပါသည်။ နိုင်ငံတော်အတွက် အားကိုးအားထားပြုရမည့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များပေါ်ပေါက်လာစေရန် ကြိုးပမ်းဆောင်ရွက်မည်ဆိုပါက ကဏ္ဍပေါင်းစုံမှ ဖွံ့ဖြိုးတိုးတက်သည့် ပြည်နယ်တစ်ခုဖြစ်လာမည်မှာ မလွဲကေန်ပင်ဖြစ်ပါသည်။

အနာဂတ်တွင် ထာဝရတည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးသာယာဝပြောသော တိုင်းပြည်ဖြစ်ပေါ်လာစေရန်အတွက် တိုင်းရင်းသားပြည်သူအားလုံး၏စိတ်တွင် မြန်မာဆိုသော စိတ်ထားတစ်ခုတည်းအဖြစ် ခံယူနိုင်ရေး အဓိကလိုအပ်သည့် စိတ်ဓာတ်နှင့် ပညာအရာတို့ကို မြှင့်တင်ပေးကြရမည်ဖြစ်ပါသည်။ **ပြည်ထောင်စုအတွင်း မှီတင်းနေထိုင်ကြသည့် တစ်မြေတည်းနေ၊ တစ်ရေတည်းသောက် ပြည်ထောင်စုဖွားတိုင်းရင်းသားပြည်သူအားလုံးသည် စိတ်ဓာတ်ကောင်းမွန်ကြပြီး အသိပညာ၊ အတတ်ပညာ၊ ဆင်ခြင်တုံတရားများဖြင့် စည်းလုံးညီညွတ်စွာ အတူလျှောက်လှမ်းကြမည်ဆိုပါက ပြည်ထောင်စုကြီး၏ ရှေ့ခရီးသည်လည်း အစဉ်ချောမွေ့သာယာနေမည်မှာ မလွဲကေန်ပင်ဖြစ်**ပါသည်။

**ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီး တည်ဆောက်ရေးလုပ်ငန်းများတွင် မွန်ပြည်နယ်နှင့် မွန်တိုင်းရင်းသားများနှင့်အတူ တိုင်းရင်းသားပြည်သူအားလုံးတို့က မိမိတို့ကျရာကဏ္ဍအလိုက် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်တို့ကိုအခြေခံကာ ဝိုင်းဝန်းကြိုးပမ်းတည်ဆောက်သွားကြ**ရန် အလေးအနက်ထားတိုက်တွန်းလျက် ယနေ့ကျရောက်သည့် ၅၁ နှစ်မြောက် မွန်ပြည်နယ်နေ့ကို ဂုဏ်ပြုသဝဏ်လွှာပေးပို့အပ်ပါသည်။

ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ
သတိုးသီရိသုဓမ္မမင်းအောင်လှိုင်
နိုင်ငံတော်ဝန်ကြီးချုပ်
ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

# တောင်ပိုင်းတိုင်းစစ်ဌာနချုပ်၌ နွေရာသီသင်တန်းများ ဖွင့်လှစ်

**နေပြည်တော် မတ် ၁၈**

နိုင်ငံတကာသုံးဘာသာစကားဖြစ်သည့် အင်္ဂလိပ်စာကို အခြေခံမှစ၍ ကျွမ်းကျင်တတ်မြောက်စေရန်၊ ကွန်ပျူတာကျွမ်းကျင်စေရန်၊ မြတ်ဗုဒ္ဓ၏ အဆုံးအမသြဝါဒများ၊ တရားဒေသနာတော်များ၊ ဗုဒ္ဓရာဇဝင်တော်များနှင့် မြန်မာ့သိုင်းအခြေခံများကို သိရှိနားလည်စေရန်နှင့် ဘာသာတရား အဆုံးအမများနှင့် ထုံမွမ်းပြည့်ဝပြီး ယဉ်ကျေးလိမ္မာသည့် သားငယ်၊ သမီးငယ်များဖြစ်စေရန် ရည်ရွယ်၍ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တောင်ငူတပ်နယ် ကွပ်ကဲမှုအောက် တပ်ရင်း၊ တပ်ဖွဲ့များမှ မိခိုသူကျောင်းသား၊ ကျောင်းသူများအား နွေရာသီဗုဒ္ဓဘာသာ ယဉ်ကျေးလိမ္မာသင်တန်း အမှတ်စဉ်(၁/၂၀၂၅)၊ အင်္ဂလိပ်စကားပြော အခြေခံ၊ အဆင့်မြင့်သင်တန်း အမှတ်စဉ်(၁/၂၀၂၅)၊ ကွန်ပျူတာအခြေခံသင်တန်း အမှတ်စဉ်(၁/၂၀၂၅)နှင့် မြန်မာ့သိုင်းအခြေခံသင်တန်းအမှတ်စဉ်(၁/ ၂၀၂၅) ဖွင့်ပွဲများကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ်ရှိ အေးချမ်းဖြိုးခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်ကြည်သိုက်နှင့် တာဝန်ရှိသူများ၊ အရာရှိ စစ်သည်၊ မိသားစုများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက သင်တန်းဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက သင်တန်းသား၊ သင်တန်းသူများကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အဆိုပါသင်တန်းများတွင် အင်္ဂလိပ်စကားပြော အခြေခံ၊ အဆင့်မြင့်သင်တန်းကို သင်တန်းသား၊ သင်တန်းသူ ဦးရေ ၆၀ ဖြင့်လည်းကောင်း၊ ကွန်ပျူတာအခြေခံသင်တန်းကို သင်တန်းသား၊ သင်တန်းသူ ဦးရေ ၄၀ ဖြင့်လည်းကောင်း၊ ဗုဒ္ဓဘာသာယဉ်ကျေးလိမ္မာသင်တန်းကို သင်တန်းသား၊ သင်တန်းသူဦးရေ ၆၀ နှင့် မြန်မာ့သိုင်းအခြေခံသင်တန်းကို သင်တန်းသား၊ သင်တန်းသူ ဦးရေ ၆၀ တို့ဖြင့်လည်းကောင်း ဧပြီ ၁၁ ရက်ထိ ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (၅၀၁)



နွေရာသီဗုဒ္ဓဘာသာယဉ်ကျေးလိမ္မာသင်တန်းအမှတ်စဉ်(၁/၂၀၂၅)၊ အင်္ဂလိပ်စကားပြော အခြေခံ၊ အဆင့်မြင့်သင်တန်းအမှတ်စဉ်(၁/၂၀၂၅)၊ ကွန်ပျူတာအခြေခံသင်တန်းအမှတ်စဉ်(၁/၂၀၂၅)နှင့် မြန်မာ့သိုင်းအခြေခံသင်တန်းအမှတ်စဉ်(၁/ ၂၀၂၅) ဖွင့်ပွဲများ ကျင်းပစဉ်။

# ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဒုတိယနေ့တွင် အင်္ဂလိပ်စာဘာသာရပ် လာရောက်ဖြေဆိုသူစုစုပေါင်း ၂၀၈၆၅၉ ဦးရှိ

**နေပြည်တော် မတ် ၁၈**

၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဒုတိယနေ့ကို ယနေ့နံနက်ပိုင်းကစတင်ကျင်းပရာ နိုင်ငံခြားစာစစ်ဌာနအပါအဝင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အင်္ဂလိပ်စာဘာသာရပ် လာရောက်ဖြေဆိုသူစုစုပေါင်း ၂၀၈၆၅၉ ဦးရှိကြောင်း သိရသည်။

ယခုနှစ်တွင် နိုင်ငံခြားစာစစ်ဌာန ၁၃ ခုနှင့် ပြည်တွင်းစာစစ်ဌာန ၈၀၄ ခု စာစစ်ဌာနစုစုပေါင်း ၈၁၇ ခုဖွင့်လှစ်ဖြေဆိုခဲ့ရာ စာမေးပွဲဖြေဆိုရန် စာရင်းပေးသွင်းသူစုစုပေါင်း ၂၂၀၈၄၃ ဦးရှိပြီး စာမေးပွဲဒုတိယနေ့ အင်္ဂလိပ်စာဘာသာရပ် လာရောက်ဖြေဆိုသူစုစုပေါင်း ၂၀၈၆၅၉ ဦး၊ ပျက်ကွက် ၁၂၁၈၄ ဦးရှိကာ ဖြေဆိုသူ ၉၄ ဒသမ ၄၈ ရာခိုင်နှုန်းရှိကြောင်း ပညာရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

(သတင်းစဉ်)

**မြန်မာနိုင်ငံစာစစ်ဦးစီးဌာန**

**၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် ခရိုင်၊ မြို့နယ်၊ စာစစ်ဌာနနှင့် ဖြေဆိုသူဦးရေစာရင်း**

ဘာသာရပ်- အင်္ဂလိပ်စာ ၁၈-၃-၂၀၂၅

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | ခရိုင် | မြို့နယ် | စာစစ်ဌာန | စာရင်းရှိဦးရေ | | | ဖြေဆိုဦးရေ | | | ပျက်ကွက်ဦးရေ | | | ဖြေဆို ရာခိုင်နှုန်း | ပျက်ကွက် ရာခိုင်နှုန်း | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | | | |
| ၁ | ကချင် | ၆ | ၁၂ | ၂၂ | ၃၈၉၅ | ၆၀၇၈ | ၉၉၇၃ | ၃၃၃၆ | ၅၃၆၂ | ၈၆၉၈ | ၅၅၉ | ၇၁၆ | ၁၂၇၅ | ၈၇.၂၂% | ၁၂.၇၈% | |
| ၂ | ကယား | ၁ | ၁ | ၁ | ၄၄ | ၉၇ | ၁၄၁ | ၄၂ | ၉၀ | ၁၃၂ | ၂ | ၇ | ၉ | ၉၃.၆၂% | ၆.၃၈% | |
| ၃ | ကရင် | ၆ | ၇ | ၁၂ | ၁၁၇၆ | ၂၃၆၈ | ၃၅၄၄ | ၁၀၇၆ | ၂၂၇၁ | ၃၃၄၇ | ၁၀၀ | ၉၇ | ၁၉၇ | ၉၄.၄၄% | ၅.၅၆% | |
| ၄ | ချင်း | ၂ | ၂ | ၂ | ၂၀၈ | ၃၄၈ | ၅၅၆ | ၁၄၈ | ၂၆၀ | ၄၀၈ | ၆၀ | ၈၈ | ၁၄၈ | ၇၃.၃၈% | ၂၆.၆၂% | |
| ၅ | စစ်ကိုင်း | ၁၃ | ၂၁ | ၃၅ | ၄၁၃၁ | ၆၁၇၄ | ၁၀၃၀၅ | ၃၈၄၄ | ၆၀၂၁ | ၉၈၆၅ | ၂၈၇ | ၁၅၃ | ၄၄၀ | ၉၅.၇၃% | ၄.၂၇% | |
| ၆ | တနင်္သာရီ | ၄ | ၉ | ၁၆ | ၁၇၂၈ | ၃၀၂၉ | ၄၇၅၇ | ၁၆၂၁ | ၂၉၂၀ | ၄၅၄၁ | ၁၀၇ | ၁၀၉ | ၂၁၆ | ၉၅.၄၆% | ၄.၅၄% | |
| ၇ | ပဲခူး(ရှေ့) | ၃ | ၁၄ | ၃၇ | ၅၁၉၅ | ၇၇၉၀ | ၁၂၉၈၅ | ၄၈၆၃ | ၇၅၂၇ | ၁၂၃၉၀ | ၃၃၂ | ၂၆၃ | ၅၉၅ | ၉၅.၄၂% | ၄.၅၈% | |
| ၈ | ပဲခူး(နောက်) | ၃ | ၁၄ | ၄၅ | ၄၄၀၂ | ၅၇၇၀ | ၁၀၁၇၂ | ၄၁၀၃ | ၅၅၇၀ | ၉၆၇၃ | ၂၉၉ | ၂၀၀ | ၄၉၉ | ၉၅.၀၉% | ၄.၉၁% | |
| ၉ | မကွေး | ၇ | ၂၂ | ၄၉ | ၇၈၆၁ | ၁၀၇၃၉ | ၁၈၆၀၀ | ၇၃၉၄ | ၁၀၄၅၁ | ၁၇၈၄၅ | ၄၆၇ | ၂၈၈ | ၇၅၅ | ၉၅.၉၄% | ၄.၀၆% | |
| ၁၀ | မန္တလေး | ၁၀ | ၂၅ | ၈၉ | ၁၅၄၇၃ | ၂၀၀၂၇ | ၃၅၅၀၀ | ၁၄၆၉၈ | ၁၉၅၉၀ | ၃၄၂၈၈ | ၇၇၅ | ၄၃၇ | ၁၂၁၂ | ၉၆.၅၉% | ၃.၄၁% | |
| ၁၁ | မွန် | ၄ | ၁၀ | ၂၃ | ၃၁၆၆ | ၆၁၈၄ | ၉၃၅၀ | ၃၀၀၄ | ၅၉၆၈ | ၈၉၇၂ | ၁၆၂ | ၂၁၆ | ၃၇၈ | ၉၅.၉၆% | ၄.၀၄% | |
| ၁၂ | ရခိုင် | ၃ | ၃ | ၈ | ၁၄၁၇ | ၁၈၄၇ | ၃၂၆၄ | ၇၄၀ | ၈၂၃ | ၁၅၆၃ | ၆၇၇ | ၁၀၂၄ | ၁၇၀၁ | ၄၇.၈၉% | ၅၂.၁၁% | |
| ၁၃ | ရန်ကုန် | ၁၄ | ၄၅ | ၉၁ | ၁၇၇၉၈ | ၂၁၄၆၅ | ၃၉၂၆၃ | ၁၆၇၁၄ | ၂၀၆၇၂ | ၃၇၃၈၆ | ၁၀၈၄ | ၇၉၃ | ၁၈၇၇ | ၉၅.၂၂% | ၄.၇၈% | |
| ၁၄ | ရှမ်း(တောင်) | ၈ | ၂၀ | ၆၆ | ၄၈၄၂ | ၇၉၃၆ | ၁၂၇၇၈ | ၄၆၄၂ | ၇၇၅၉ | ၁၂၄၀၁ | ၂၀၀ | ၁၇၇ | ၃၇၇ | ၉၇.၀၅% | ၂.၉၅% | |
| ၁၅ | ရှမ်း(မြောက်) | ၂ | ၃ | ၄ | ၂၇၃ | ၄၁၆ | ၆၈၉ | ၂၅၄ | ၄၀၄ | ၆၅၈ | ၁၉ | ၁၂ | ၃၁ | ၉၅.၅၀% | ၄.၅၀% | |
| ၁၆ | ရှမ်း(ရှေ့) | ၆ | ၉ | ၁၂ | ၆၇၈ | ၁၀၆၇ | ၁၇၄၅ | ၆၅၁ | ၁၀၄၄ | ၁၆၉၅ | ၂၇ | ၂၃ | ၅၀ | ၉၇.၁၃% | ၂.၈၇% | |
| ၁၇ | ဧရာဝတီ | ၈ | ၂၆ | ၂၄၅ | ၁၄၈၇၆ | ၁၉၃၉၉ | ၃၄၂၇၅ | ၁၃၆၅၆ | ၁၈၅၈၁ | ၃၂၂၃၇ | ၁၂၂၀ | ၈၁၈ | ၂၀၃၈ | ၉၄.၀၅% | ၅.၉၅% | |
| ၁၈ | နေပြည်တော် | ၄ | ၈ | ၄၇ | ၅၇၃၀ | ၇၁၉၆ | ၁၂၉၂၆ | ၅၄၇၃ | ၇၀၆၇ | ၁၂၅၄၀ | ၂၅၇ | ၁၂၉ | ၃၈၆ | ၉၇.၀၁% | ၂.၉၉% | |
| ၁၉ | နိုင်ငံခြား | | | ၁၃ | ၁၁ | ၉ | ၂၀ | ၁၁ | ၉ | ၂၀ | ၀ | ၀ | ၀ | ၁၀၀% | ၀.၀၀% | |
| | စုစုပေါင်း | ၁၀၄ | ၂၅၁ | ၈၁၇ | ၉၂၉၀၄ | ၁၂၇၉၃၉ | ၂၂၀၈၄၃ | ၈၆၂၇၀ | ၁၂၂၃၈၉ | ၂၀၈၆၅၉ | ၆၆၃၄ | ၅၅၅၀ | ၁၂၁၈၄ | ၉၄.၄၈% | ၅.၅၂% | |

# ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ရသူများ

**ကင်းလွတ်ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ-၂၂ တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းတာဝန်မှ ကင်းလွတ်စေရမည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) သာသနာ့ဝန်ထမ်းများ။

(ခ) အိမ်ထောင်သည် အမျိုးသမီးများ(အိမ်ထောင်ပျက် သော်လည်း သားသမီးရှိသူ အမျိုးသမီးလည်းပါဝင်သည်)။

(ဂ) ကိုယ်လက်အင်္ဂါတစ်ခုခု အမြဲတမ်းမသန်စွမ်းသူများ။

(ဃ) တပ်မတော်ဆေးစစ်ဆေးရေးဘုတ်အဖွဲ့က ပြည်သူ့စစ်မှုထမ်းရန် အမြဲတမ်းမသင့်လျော်သူဖြစ်ကြောင်း သတ်မှတ်ထားသူများ။

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က အမိန့်ထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုထားသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ပြုသူများ

(က) ဉာဏ်အရည်အသွေးမမီခြင်းနှင့် အကျင့်စာရိတ္တပျက်ပြားခြင်းတို့ကြောင့် စစ်မှုထမ်းရန် မသင့်လျော်သူများ။

(ခ) ဆေးစစ်ဆေးခြင်းသတ်မှတ်ချက်အရ စိတ်ပေါ့သွပ်သူဖြစ်ခြင်း (သို့မဟုတ်) စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခံရသူများ။

(ဂ) နိုင်ငံ့အတွက် တာဝန်ထမ်းဆောင်နေပြီး အစားထိုးရန် မဖြစ်နိုင်သေးသော အသိပညာရှင်(သို့မဟုတ်) အတတ်ပညာရှင်များ။

(ဃ) တိုက်ပွဲတွင်ကျဆုံးခဲ့သည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ၏ သားသမီးအရင်းအချာများ (ကိတ္တိမသားသမီးများ၊ မွေးစားသားသမီးများမပါ)။

**မှတ်ချက်။** အကယ်၍ ၎င်းသားသမီးအရင်းများသည် ပြည်သူ့စစ်မှုထမ်းဆောင်ရန် သဘောဆန္ဒအလျောက် ဆန္ဒပြုပါက စစ်မှုထမ်းဆောင်ရန် ခွင့်ပြုနိုင်သည်။

(င) အာဆီယံအဆင့်၊ အာရှအဆင့်၊ ကမ္ဘာ့အဆင့် အားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင် ရွှေတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ် တစ်ခုခုရရှိသော အားကစားသမားများ။

(စ) နိုင်ငံ့ဝန်ထမ်းတာဝန် ထမ်းဆောင်နေသော တစ်ဆက်စပ်တည်း လုပ်သက် နှစ်နှစ်နှင့်အထက်ရှိသော ဆရာဝန်နှင့် သူနာပြုများ။

(ဆ) တစ်ဆက်စပ်တည်း လုပ်သက် နှစ်နှစ်နှင့်အထက်ရှိသော တပ်မတော်စစ်သည် အစားခန့်အရပ်သားဝန်ထမ်းများ။

(ဇ) ကင်းလွတ်ခွင့်ပြုရန် မဖြစ်မနေလိုအပ်နေသူများအဖြစ် ကျိုးကြောင်းခိုင်လုံစွာ တင်ပြနိုင်သူများ။

# မြန်မာနိုင်ငံဆိုင်ရာ နီကာရာဂွါသံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူ

နေပြည်တော် မတ် ၁၉

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော နီကာရာဂွါသံအမတ်ကြီးအဖြစ် မစ္စတာမာရီယိုဟိုဆေးအာမန်ဂိုလ်ကမ်းပို့စ်အား ခန့်အပ်ရန် နီကာရာဂွါသမ္မတနိုင်ငံအစိုးရက အဆိုပြုလာခြင်းကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရက သဘောတူပြီးဖြစ်သည်။

မစ္စတာမာရီယိုဟိုဆေးအာမန်ဂိုလ်ကမ်းပို့စ်အား ၁၉၉၃ ခုနှစ် ဒီဇင်ဘာ ၂၄ ရက်တွင် နီကာရာဂွါသမ္မတနိုင်ငံ ချွန်တာလက်စ်မြို့၌ မွေးဖွားခဲ့သည်။ ၎င်းသည် နီကာရာဂွါသမ္မတနိုင်ငံ မာနာဂွါမြို့ရှိ နီကာရာဂွါအမျိုးသားကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတက္ကသိုလ်မှ သံတမန်ရေးရာနှင့် နိုင်ငံရေးရာသိပ္ပံဘာသာရပ်ဖြင့် ဝိဇ္ဇာဘွဲ့ကို ၂၀၁၉ ခုနှစ်တွင်လည်းကောင်း၊ လူမှုဗေဒနှင့် ဖွံ့ဖြိုးရေးဘာသာရပ်ဖြင့် မဟာဘွဲ့ကို ၂၀၂၂ ခုနှစ်တွင်လည်းကောင်းရရှိခဲ့ပါသည်။ ၎င်းသည် ၂၀၂၃ ခုနှစ် မေလမှ ၂၀၂၄ ခုနှစ် မေလထိ ဒိုမီနီကန်သမ္မတနိုင်ငံဆိုင်ရာ နီကာရာဂွါသံရုံး၌ သံရုံးယာယီတာဝန်ခံနှင့် သံမှူးကြီးအဖြစ်လည်းကောင်း၊ ၂၀၂၄ ခုနှစ်မှ ယနေ့ထိ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော နီကာရာဂွါသံအမတ်ကြီးနှင့် စင်ကာပူ၊ မလေးရှား၊ ဖိလစ်ပိုင်၊ အင်ဒိုနီးရှားနှင့် လာအိုနိုင်ငံဆိုင်ရာ ပူးတွဲတာဝန်ယူဆောင်ရွက်သည့် နီကာရာဂွါသံအမတ်ကြီးအဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်လျက်ရှိသည်။ (သတင်းစဉ်)

# မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင် မင်္ဂလာမန္တလေးလမ်းလျှောက်သကြင်္န်ဆောင်ရွက်မည့် လုပ်ငန်းများနှင့် ပတ်သက်၍ တာဝန်ရှိသူများက ရှင်းလင်းတင်ပြသည့်အခမ်းအနားသို့ တက်ရောက်



မန္တလေး မတ် ၁၈

မန္တလေးမြို့တွင် ၂၀၂၅ ခုနှစ် မြန်မာ့ရိုးရာနှစ်သစ်ကူး အတာသင်္ကြန်ပွဲတော်ကို ရေကစားမဏ္ဍပ်များ၊ ဖျော်ဖြေရေးမဏ္ဍပ်များ၊ စတုဒိသာမဏ္ဍပ်များဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ပြီး မင်္ဂလာမန္တလေးလမ်းလျှောက်သင်္ကြန် ဆောင်ရွက်မည့် လုပ်ငန်းအစီအမံများနှင့် ပတ်သက်၍ တာဝန်ရှိသူများက ရှင်းလင်းတင်ပြခြင်းကို ယနေ့မွန်းလွဲပိုင်းက တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင် တက်ရောက်သည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများကို မင်္ဂလာမန္တလေးမှ တာဝန်ရှိသူများက မြို့သူမြို့သားများ စိတ်ချမ်းမြေ့စွာဖြင့် အေးချမ်းပျော်ရွှင်စွာ ဆင်နွှဲနိုင်ရန် မင်္ဂလာမန္တလေးလမ်းလျှောက်သင်္ကြန်ကို မြန်မာ့ရိုးရာဓလေ့တို့နှင့်အညီ မြန်မာ့ယဉ်ကျေးမှုများကို ဖော်ကျူး ကျင်းပသွားမည့် လုပ်ငန်းအစီအမံများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က မန္တလေးမြို့တွင် မြန်မာ့ရိုးရာနှစ်သစ်ကူးအတာသင်္ကြန်ပွဲတော်ကို ပြည်သူအားလုံး အေးချမ်းပျော်ရွှင်ကြည်နူးစွာဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ရာ ဝိုင်းဝန်း ပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ လုံခြုံရေးသတိ၊ လုံခြုံရေးအသိလစ်ဟာမှု မဖြစ်ပေါ်စေရေး အလေးထားကာ သက်ဆိုင်ရာဌာနများနှင့်ချိတ်ဆက်၍ ပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်းဖြင့် ပြောကြားပြီး ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

မျိုးကျော်

# ပင်လည်ဘူးမြို့အနီး အင်အားအနည်းငယ်ရှိ မြေငလျင်လှုပ်ခတ်

နေပြည်တော် မတ် ၁၈

ယနေ့မွန်းလွဲ ၂ နာရီ ၁၉ မိနစ် ၀၇ စက္ကန့်အချိန်တွင် ကန့်ဘလူမြေငလျင်စခန်းမှ အနောက်မြောက်ဘက် ၄၇ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း(ပင်လည်ဘူးမြို့၏ အနောက်တောင်ဘက် ၂၆ မိုင်ခန့်အကွာ) မြောက်လတ္တီတွဒ် ၂၃ ဒသမ ၇၄ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒသမ ၁၁ ဒီဂရီ၊ အနက် ၆၄ ကီလိုမီတာကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၄ ဒသမ ၈ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်လှုပ်ခတ်သွားကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

# “ပြည်သူ့ကြားက ပြည်သူ့စကား”အစီအစဉ်

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများအား သဇင် FM ၏ **“ ပြည်သူ့ကြားက ပြည်သူ့စကား”** အစီအစဉ်မှ **“သံဃာတော်တွေကို တစ်ပြန်တစ်လှည့်သတ်ဖြတ်လာတဲ့ အကြမ်းဖက်သမားများ”** ခေါင်းစဉ်ဖြင့် ၁၉-၃-၂၀၂၅ ရက်**(ယနေ့)** မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **“တားဆီးနှောင့်ယှက်မှုများကြားမှ ပွင့်လန်းလာတဲ့ပန်းကလေးများ”** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ မနက် ၁၀ နာရီ အချိန်မှ ၁၁ နာရီ အတွင်း ဖုန်းနံပါတ် ၀၉၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့်ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန
ပြည်သူ့ကျန်းမာရေးဦးစီးဌာန
ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲ

## ခရမ်းလွန်ရောင်ခြည်အန္တရာယ်

ခရမ်းလွန်ရောင်ခြည်အညွှန်းကိန်း မြင့်မားစွာရှိနေသည့်အချိန်များတွင် ခရမ်းလွန်ရောင်ခြည်နှင့်ထိတွေ့မှုကြောင့်နေလောင်ခြင်း၊ အသားအရောင်ညိုမဲလာခြင်းတို့ကိုဖြစ်စေနိုင်ပြီး ထိတွေ့မှုကာလကြာလာသောအခါ မျက်စိတိမ်စွဲခြင်း၊ အရေပြားများအရွယ်မတိုင်မီအိုမင်းရင့်ရော်ခြင်း၊ ခုခံအားကျဆင်းလာခြင်း၊ အရေပြားကင်ဆာဖြစ်ခြင်း စသည့်ဆိုးကျိုးများကို ဖြစ်ပေါ်စေနိုင်ပါသည်။

**ကာကွယ်နိုင်မည့်နည်းလမ်းများ**

၁။ ခရမ်းလွန်ရောင်ခြည်မြင့်မားစွာကျရောက်နိုင်သည့် နံနက်(၁၀)နာရီမှညနေ(၄)နာရီအတွင်းတွင် နေရောင်ခြည်နှင့်တိုက်ရိုက်ထိတွေ့ခြင်းကို တတ်နိုင်သမျှရှောင်ကြဉ်ပါ။

၂။ အပြင်ထွက်ပါက မိမိအသားကိုနေရောင်ခြည်နှင့် တိုက်ရိုက်မထိတွေ့မိစေရန် မျက်နှာ၊ လည်ပင်းနှင့်ပခုံးတို့ကိုပါလုံခြုံသော ထီး၊ ဦးထုပ်စသည်တို့ကို ဆောင်းသွားပါ။ ခရမ်းလွန်ရောင်ခြည် အလွယ်တကူမဖောက်နိုင်သော ချည်သားထူထူပွပွအဝတ်အထည်များကို ဝတ်ဆင်ပါ။ ခရမ်းလွန်ရောင်ခြည်သည် မျက်စိကိုလည်းထိခိုက်စေနိုင်သဖြင့် ခရမ်းလွန်ရောင်ခြည်ကို (၉၉)%အထိ အကာအကွယ်ပေးနိုင်သည့် နေကာမျက်မှန်ကိုတပ်ဆင်ပါ။

၃။ အဝတ်ကင်းလွတ်နေသောလက်၊လည်ပင်းနှင့်ပခုံးစသည့်နေရာများကို သနပ်ခါးထူထူ(သို့မဟုတ်)SPF ၁၅+ ပါဝင်သောနေရောင်ခံလိမ်းဆေးကို နေရောင်ခြည်ထဲမထွက်မီ (၁၅)မိနစ်ခန့်ကြိုလိမ်းပါ။ နေရောင်ခံလိမ်းဆေး တစ်ခါလိမ်းပြီး (၂)နာရီကြာပြီးတိုင်း တစ်ခါထပ်၍ လိမ်းပေးပါ။

၄။ ကလေးငယ်များနှင့်သက်ကြီး ဘိုးဘွားများသည် ခရမ်းလွန်ရောင်ခြည်အန္တရာယ်ကို ပိုမိုခံစားရနိုင်သဖြင့် အထူးဂရုပြုဆင်ခြင်ရန် လိုအပ်ပါသည်။ အသက်တစ်နှစ်အောက်ကလေးငယ်များကို နေပူထဲသို့ခေါ်ဆောင်ခြင်း မပြုပါနှင့်၊ ကလေးများကို အရိပ်ထဲတွင်သာ ကစားစေပါ။



| | | | |
|---|---|---|---|
| နေရောင်ခြည်နှင့်မထိတွေ့စေရန်ထီး၊ဦးထုပ် ဆောင်းပါ။ | ပွပွချောင်ချောင် ချည်ထည်များကို ဝတ်ဆင်ပါ။ | နေပူထဲသွားပါက နေကာမျက်မှန် တပ်ဆင်ပါ။ | နေပူထဲသွားပါက နေရောင်ခံလိမ်းဆေး လိမ်းပါ။ |

မတ်လ၊ ၂၀၂၅ခုနှစ်

# ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

| | | |
|---|---|---|
| ၁။ | ကာကွယ်ရေးဝန်ကြီးဌာန | (https://www.mod.gov.mm) |
| ၂။ | ဥပဒေရေးရာဝန်ကြီးဌာန | (https://www.mlis.gov.mm) |
| ၃။ | ပြန်ကြားရေးဝန်ကြီးဌာန | (https://www.moi.gov.mm) |
| ၄။ | Myawady Webportal | (https://myawady.net.mm) |
| ၅။ | Myanmar National Portal | (https://myanmar.gov.mm) |

# အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ မြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDFအကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# ၂၀၂၅ ခုနှစ် မတ် ၁၈ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ တစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၅၅၁၀၀၀၀ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

# အွန်လိုင်းလိမ်လည်မှု (Telecom Fraud)နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် အင်ဒိုနီးရှားနိုင်ငံသား ၁၆၉ ဦး၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံသား ၁၉ ဦးနှင့် ဂျပန်နိုင်ငံသား တစ်ဦးတို့ကို သက်ဆိုင်ရာနိုင်ငံများသို့ ထပ်မံပြည်နှင်လွှဲပြောင်းပေးအပ်ခဲ့ပြီး ပြည်ပနိုင်ငံသား ၂၄၂ ဦး ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့

နေပြည်တော် မတ် ၁၈

ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီမြို့-ရွှေကုက္ကိုလ်၊ မယ်ထော်သလေး၊ မင်းလက်ပံနှင့် KK Park နယ်မြေများတွင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ အပါအဝင်ဒုစရိုက်မှုများ ကျူးလွန်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို စစ်ဆေးဖော်ထုတ်၍ စနစ်တကျပြည်နှင်လွှဲပြောင်းပေးလျက်ရှိရာ ယနေ့တွင် အင်ဒိုနီးရှားနိုင်ငံသား ၁၆၉ ဦးနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသား ၁၉ ဦးနှင့် ဂျပန်နိုင်ငံသားတစ်ဦး စုစုပေါင်း ၁၈၉ ဦးတို့ကို မြန်မာ-ထိုင်း အမှတ်(၂)ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကို ရှေးရှု၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ပြည်နှင်လွှဲပြောင်းပေးအပ်ခဲ့ပြီး ပြည်ပနိုင်ငံသား ၂၄၂ ဦးကို ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့သည်။

ဦးစွာ ကရင်ပြည်နယ် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မင်းသူကျော်က ပြည်ပနိုင်ငံသားများကို သက်ဆိုင်ရာနိုင်ငံများသို့ပြည်နှင်လွှဲပြောင်းပေးမှုလုပ်ငန်းစဉ်များ စနစ်တကျရှိစေရေးနှင့် အဆင်ပြေချောမွေ့စေရေးအတွက် လိုက်လံကြည့်ရှုစစ်ဆေးပြီး ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံကာ လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

ထို့နောက် ပြည်နှင်လွှဲပြောင်းပေးအပ်ပွဲကိုကျင်းပရာ ကရင်ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးနှင့်တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်သံရုံးမှ ကောင်စစ်ဝန် Mr. Md. Fahad. Pervez. Bosunia နှင့် တာဝန်ရှိသူများ၊ အင်ဒိုနီးရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန နိုင်ငံသားကာကွယ်ရေးနှင့် ကယ်ဆယ်ရေးဌာန ညွှန်ကြားရေးမှူး Mr.Judha Nugrahaနှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ ဂျပန်သံရုံးမှ First Secretary Naoto Watanabe နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ တာ့ခ်ခရိုင် လူဝင်မှုကြီးကြပ်ရေး ဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူများက သက်ဆိုင်ရာနိုင်ငံများမှ တာဝန်ရှိသူထံသို့ ပြည်နှင်လွှဲပြောင်းလက်ခံရေးဆိုင်ရာ အထောက်အထားစာရွက်စာတမ်းများကို စနစ်တကျလွှဲပြောင်းပေးအပ်သည်။

ထို့အတူ မြဝတီမြို့ KK Park နယ်မြေသို့ တရားမဝင်လမ်းကြောင်းများမှ တစ်ဆင့် ဝင်ရောက်နေကြသည့် တရုတ်နိုင်ငံသားဦးရေ ၁၈၀ နှင့် အီသီယိုးပီးယားနိုင်ငံသား ၆၂ ဦးတို့ကို ယနေ့တွင် ထပ်မံစစ်ဆေးဖော်ထုတ် ထိန်းသိမ်းနိုင်ခဲ့ပြီး သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြန်လည်လွှဲပြောင်းပေးအပ်နိုင်ရေး လိုအပ်သည့် ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများစာရင်းကောက်ယူခြင်းလုပ်ငန်းကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ဆောင်ရွက်လျက်ရှိသည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ မတ် ၁၈ ရက်ထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသားစုစုပေါင်း ၇၁၀၇ ဦးကို စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၄၁၉၁ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျလွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၂၉၁၆ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

အဆိုပါ ထိန်းသိမ်းခဲ့သည့် ပြည်ပနိုင်ငံသား ၇၁၀၇ ဦးသည် တရုတ်၊ အင်ဒိုနီးရှား၊ ဗီယက်နမ်၊ မလေးရှား၊ ပါကစ္စတန်၊ အိန္ဒိယ၊ ယူဂန်ဒါ၊ အီသီယိုးပီးယား၊ နီပေါ၊ ထိုင်း၊ ရဝမ်ဒါ၊ ကင်ညာ၊ ကာဇက်စတန်၊ ကမ္ဘောဒီးယား၊ ဂါနာ၊ ဘင်္ဂလားဒေ့ရှ်၊ ဂျပန်၊ သီရိလင်္ကာ၊ တောင်အာဖရိက၊ တူနီးရှား၊ အယ်လ်ဂျီးရီးယား၊ ကွန်ဂို၊ ကင်မရွန်းနှင့် တရုတ်(တိုင်ပေ)တို့မှ နိုင်ငံသားများဖြစ်ကြပြီး အများစုမှာ တရုတ်နိုင်ငံသားများဖြစ်ကြကြောင်း သတင်းရရှိသည်။

(၅၀၁)



အွန်လိုင်းလိမ်လည်မှု (Telecom Fraud)နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် အင်ဒိုနီးရှားနိုင်ငံသား ၁၆၉ ဦး၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံသား ၁၉ ဦးနှင့် ဂျပန်နိုင်ငံသားတစ်ဦးတို့ကို သက်ဆိုင်ရာနိုင်ငံများသို့ ထပ်မံပြည်နှင်လွှဲပြောင်းပေးအပ်ခဲ့ပြီး ပြည်ပနိုင်ငံသား ၂၄၂ ဦး ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့မှု မှတ်တမ်းဓာတ်ပုံ။

## "ဗုံတီးမယ်"တေးသီချင်းဗီဒီယိုအား ဖန်တီးထုတ်လွှင့်သူနှင့် စီစဉ်သူများကို စိစစ်အရေးယူရန် ဆောင်ရွက်လျက်ရှိ

နေပြည်တော် မတ် ၁၈

ပြန်ကြားရေးဝန်ကြီးဌာနသည် အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေ ပုဒ်မ ၄၊ ပုဒ်မခွဲ(ဂ)ပြဋ္ဌာန်းချက်ပါ အမိန့်ထုတ်ပြန်ခွင့်ကိုကျင့်သုံး၍ ဆက်သွယ်ရေးကွန်ရက်ကိုအသုံးပြု၍ ရုပ်ရှင်ကားထုတ်လွှင့်ပြသခြင်းလုပ်ငန်းကို အရေးကြီးဝန်ဆောင်မှုလုပ်ငန်းအဖြစ် သတ်မှတ်သည့်အမိန့်ကို ထုတ်ပြန်ခဲ့ပြီး လုပ်ငန်းလုပ်ကိုင်ခွင့်မှတ်ပုံတင်လက်မှတ်များအား စိစစ်ထုတ်ပေးလျက်ရှိပါသည်။

ဆက်သွယ်ရေးကွန်ရက်ကိုအသုံးပြု၍ ရုပ်ရှင်ကားထုတ်လွှင့်ပြသခြင်းလုပ်ငန်းလုပ်ကိုင်ခွင့် မှတ်ပုံတင်လက်မှတ်ရယူထားသူသည် အမိန့်အမှတ်(၃၂ / ၂၀၂၄) အရ မိမိတို့လွှင့်တင်မည့် Content များကို စိစစ်ရေးအဖွဲ့ထံသို့ တင်ပြ၍ စိစစ်မှုခံယူရမည်ဖြစ်ပါသည်။

သို့ရာတွင် တေးရေး/ တေးဆို "အောင်ပါစေ"သည် ဆက်သွယ်ရေးကွန်ရက်ကိုအသုံးပြု၍ ရုပ်ရှင်ကား ထုတ်လွှင့်ပြသခြင်းလုပ်ငန်း လုပ်ကိုင်ခွင့်မှတ်ပုံတင်လက်မှတ်ရယူခြင်းမရှိဘဲ ၎င်း၏ လူမှုကွန်ရက်အမျိုးမျိုးတွင် တေးသီချင်းဗီဒီယိုများ ထုတ်လွှင့်ပြသလျက်ရှိကြောင်းနှင့် အဆိုပါတေးသီချင်းဗီဒီယိုများအနက် "ဗုံတီးမယ်"တေးသီချင်း ဗီဒီယိုသည် မြန်မာလူမျိုးတို့၏အမြတ်တနိုးတန်ဖိုးထားဂုဏ်ယူရသော မြန်မာ့တူရိယာဗုံနှင့် ပတ်မများကို ပြက်ရယ်ပြုစော်ကားသဖွယ်ဖြစ်နေသော သရုပ်ပျက်ကပြဖျော်ဖြေခြင်းနှင့် ညစ်ညမ်းသည့် အဓိပ္ပာယ်ပေါက်စေနိုင်သော အဓိပ္ပာယ်နှစ်ခွသီချင်းစာသားများဖြင့် ဖန်တီးထားကြောင်း စိစစ်တွေ့ရှိရပါသည်။

သို့ပါ၍ "ဗုံတီးမယ်" တေးသီချင်းဗီဒီယိုနှင့်ပတ်သက်၍ ဖန်တီးထုတ်လွှင့်သူ၊ စီစဉ်သူ၊ ပါဝင်သူများကို အမှုဖွင့်အရေးယူနိုင်ရေး စိစစ်လျက်ရှိကြောင်းနှင့် ဆက်သွယ်ရေးကွန်ရက်ကို အသုံးပြု၍ ရုပ်ရှင်ကားထုတ်လွှင့်ပြသခြင်းလုပ်ငန်းလုပ်ကိုင်ခွင့်မှတ်ပုံတင်လက်မှတ်ရယူထားခြင်းမရှိသူများအနေဖြင့် လုပ်ကိုင်ခွင့်မှတ်ပုံတင်လက်မှတ်လျှောက်ထားရယူပြီး မိမိတို့လွှင့်တင်မည့် Content များကို စိစစ်ရေးအဖွဲ့ထံ တင်ပြရမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH ၊ NUG နှင့် ယင်းတို့လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် မတ် ၁၈

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများက ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း မတ် ၁၇ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် "@yadanar4581" TikTok အကောင့်ပိုင်ရှင်ဖြစ်သူ ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ် ကျောင်းစုရပ်ကွက်နေ ရတနာလှိုင်အား မွန်းလွဲ ၁၂ နာရီတွင် သာယာဝတီမြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

## အင်းလျားကန်ပေါင်ပေါ်၌ လူငယ်ဦးရေ ၂၀ ခန့်ကို လုံခြုံရေးတပ်ဖွဲ့ဝင်များက အကြောင်းမဲ့ဖမ်းဆီးစစ်ဆေးခဲ့ကြောင်း သတင်းတု၊ သတင်းမှားများ မဟုတ်မမှန်ရေးသားဝါဒဖြန့်ဝေလျက်ရှိ

နေပြည်တော် မတ် ၁၈


ရန်ကုန်တိုင်းဒေသကြီး ကမ္ဘာအေးဘုရားလမ်းမပေါ်ရှိ အင်းလျားကန်ပေါင်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက လူငယ်ဦးရေ ၂၀ ခန့်ကို အကြောင်းမဲ့ဖမ်းဆီးစစ်ဆေးခဲ့ပြီး ခြောက်ဦးခန့်ကို ဖမ်းဆီးခေါ်ဆောင်သွားကြောင်း တရားမဝင်ပြည်ဖျက်မီဒီယာများက သတင်းတု၊ သတင်းမှားများ မဟုတ်မမှန်လုပ်ကြံရေးသားဝါဒဖြန့်ဝေလျက်ရှိသည်။

အဆိုပါသတင်းနှင့် ပတ်သက်၍ သက်ဆိုင်ရာနယ်မြေလုံခြုံရေးတာဝန်ရှိသူတစ်ဦးထံ ဆက်သွယ်မေးမြန်းပြောကြားချက်အရ အဆိုပါသတင်းမှာ မှန်ကန်မှုမရှိကြောင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် နယ်မြေလုံခြုံရေးလုပ်ငန်းများ ဥပဒေနှင့်အညီ ဆောင်ရွက်လျက်ရှိပြီး ပြည်သူများကို အကြောင်းမဲ့ဖမ်းဆီးခြင်း၊ စစ်ဆေးခြင်းမရှိကြောင်း၊ အကြမ်းဖက်သမားများကသာ အသက်အရွယ်မရွေး ဖမ်းဆီးခေါ်ဆောင်ပြီး အတင်းအဓမ္မလူသစ်စုဆောင်းလျက်ရှိကြောင်း၊ ပြည်သူလူထုက လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် အထင်အမြင်လွဲမှားစေရန်အတွက် တရားမဝင်ပြည်ဖျက်မီဒီယာများမှ ယခုကဲ့သို့ မဟုတ်မမှန်လုပ်ကြံရေးသားဖြန့်ဝေနေခြင်းဖြစ်ကြောင်း သိရှိရသည်။ (၅၀၁)



# ရန်ကုန်တိုင်းဒေသကြီးတွင် မူးယစ်မှောင်ခိုဂိုဏ်းအဖွဲ့ကို ငွေကျပ် ၉၆ ဘီလီယံကျော်တန်ဖိုးရှိ အိုက်စ်(မက်သ်အဖက်တမင်း) သုံးတန်ကျော်၊ ကက်တမင်း ကီလို ၂၀၀ တို့နှင့်အတူ ဖမ်းဆီးရမိ

**၆-၃-၂၀၂၅ ရက်နေ့ ရန်ကုန်မြို့တွင် ငွေကျပ် ၉၆.၆၂၅ ဘီလီယံ တန်ဖိုးရှိ အိုက်စ် ၃.၄၆၅ တန်နှင့် ကက်တမင်း ကီလို ၂၀၀ တို့အား သယ်ဆောင်ရောင်းဝယ်သည့် မူးယစ်မှောင်ခိုဂိုဏ်းအား ဖော်ထုတ်ဖမ်းဆီးရမိ**




**နေပြည်တော် မတ် ၁၈**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မတ် ၆ ရက် ည ၇ နာရီခွဲတွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် (၁၄၄)ရပ်ကွက် ဆင်ဖြူရှင်လမ်း အမှတ်(၅၄၆/၅၄၇)ရှိ ဂိုဒေါင်ကို သတင်းအရ ဝင်ရောက်ရှာဖွေရာ သန်းလွင်၊ဝေယျာအောင်(ခ)သားကြီး၊ သန့်ကောင်းဆက်(ခ)ပေါင်ချိန်၊ ရဲရင့်နိုင်၊ လှသန်းဦး(ခ)ရာကွတ်တို့ ငါးဦးကို အိုက်စ်(မက်သ်အဖက်တမင်း) ၁ ဒသမ ၂ တန်၊ TOYOTA HILUX ယာဉ် တစ်စီး၊ TOYOTA LAND CRUISER ယာဉ် တစ်စီးနှင့် MER–CEDES BENZ ယာဉ် တစ်စီးတို့နှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း စစ်ဆေးဖော်ထုတ်ချက်အရ သိမ်းဆည်းရမိ အိုက်စ်(မက်သ်အဖက်တမင်း)များကို “ဝ” ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပန်ဆန်းမြို့တွင် နေထိုင်သူ တင်မောင်ဝင်း၏ အစီအမံဖြင့် သန်းလွင်က တာဝန်ခံသယ်ဆောင်ရောင်းဝယ်ခြင်းဖြစ်ပြီး သန်းလွင်ထံမှ အိုက်စ်(မက်သ်အဖက်တမင်း)များကို ရန်ကုန်မြို့တွင် တစ်ဆင့်ပြန်လည်ရောင်းချသူ ဟိန်းစည်သူ(ခ)ဇော်ဇော်အောင်(ခ)အောင်ကိုကို(ခ) ထင်လင်းပြည့်ကို သာကေတမြို့နယ် ရှုခင်းသာလမ်းတွင် လည်းကောင်း၊ စိတ်ပြောင်းဆေးဝါးများကို တစ်ဆင့်ပြန်လည်ရောင်းချရန် ချိတ်ဆက်ပေးသူ တင်လှ(ခ)စသစ်ကို ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် (၁၀၄)ရပ်ကွက်တွင်လည်းကောင်း ဖမ်းဆီးရမိခဲ့ကြောင်း သိရှိရသည်။

သတင်းကွင်းဆက်အရ မတ် ၆ ရက် ည ၉ နာရီခွဲတွင် မြောက်ဥက္ကလာပမြို့နယ် (၅)ရပ်ကွက် သုဓမ္မာလမ်းမကြီးတွင် ကျော်ကျော်သိန်း(ခ) ကျော်ကျော်(ခ)အသေးလေး မောင်းနှင်လာသည့် HYUNDAI BOX ယာဉ်ကိုရှာဖွေရာ ယာဉ်ပေါ်မှ အိုက်စ်(မက်သ်အဖက်တမင်း) ၁ ဒသမ ၂၆၅ တန် နှင့် ကက်တမင်း ကီလို ၂၀၀ ဖမ်းဆီးရမိခဲ့ကြောင်း၊ စစ်ဆေးဖော်ထုတ်ချက်အရ အဆိုပါစိတ်ပြောင်းဆေးဝါးများကို မလေးရှားပင်လယ်ရေပြင်သို့ ချိတ်ဆက်ပို့ဆောင်ရောင်းချရန် စီမံခန့်ခွဲသူမှာ AA စီးပွားရေးတာဝန်ခံ ရဲဝင်း(ခ) ကျော်စိုးလင်းနှင့် ၎င်း၏ဇနီးဖြစ်သူ ရွှေကောင်းသာ စက်လှေပိုင်ရှင် မသီတာမြင့်တို့ဖြစ်ကြောင်း၊ ရန်ကုန်မြို့တွင် မူးယစ်ဆေးဝါးများလက်ခံ၍ ရွှေကောင်းသာစက်လှေဖြင့် မလေးရှားပင်လယ်ပြင်သို့တာဝန်ခံပို့ဆောင်သူ မင်းမင်းစိုးအား ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်မြို့တွင် ဖမ်းဆီးရမိခဲ့ကြောင်း၊ ၎င်းသည် ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလတွင် မူးယစ်ဆေးဝါးများကို မလေးရှားပင်လယ်ပြင်သို့ ရွှေကောင်းသာစက်လှေဖြင့် တင်ပို့ခဲ့ကြောင်းနှင့် မလေးရှားသို့ မူးယစ်ဆေးဝါးများပို့ဆောင်ရာတွင် ဦးစီးလုပ်ကိုင်သူ မျိုးမင်းစိုး(ခ)ကိုမျိုးကို မြောက်ဥက္ကလာပမြို့နယ် သုဓမ္မာလမ်းမကြီးတွင် CELSIOR ယာဉ်နှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး ၎င်းနေထိုင်သည့် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် (၄၉)ရပ်ကွက်ရှိနေအိမ်မှ အိုက်စ်(မက်သ်အဖက်တမင်း) တစ်တန် ထပ်မံသိမ်းဆည်းရမိခဲ့ပြီး စိတ်ပြောင်းဆေးဝါးများကို မလေးရှားပင်လယ်ပြင်သို့ ရွှေကောင်းသာစက်လှေဖြင့် သယ်ဆောင်ရာတွင် ပူးပေါင်းပါဝင်သည့် ကျော်ဝေထွန်း၊ သိန်းထွန်း(ခ)သန့်ဇင်၊ ရန်ရှင်းအောင်နှင့် ဇော်ဇော်အောင်တို့ကို ဆိပ်ကြီးခနောင်တိုမြို့နယ် ဆမားဒူးဝါအပိုင်း(၄)ရပ်ကွက်၌ ရွှေကောင်းသာ စက်လှေနှင့်အတူ ဖမ်းဆီးရမိခဲ့သဖြင့် စုစုပေါင်း ဒေသကာလတန်ဖိုး ငွေကျပ် ၉၆ ဒသမ ၆၂၅ ဘီလီယံတန်ဖိုးရှိ အိုက်စ်(မက်သ်အဖက်တမင်း)၃ ဒသမ ၄၆၅ တန်နှင့် ကက်တမင်း ကီလို ၂၀၀ တို့ကို ဖမ်းဆီးရမိခဲ့ကြောင်း၊ AA စီးပွားရေးတာဝန်ခံ ရဲဝင်း(ခ)ကျော်စိုးလင်းနှင့် ၎င်း၏ဇနီး မသီတာမြင့်တို့သည် တန့်ယန်း၊ တောင်ကြီး၊ မန္တလေးနှင့် ရန်ကုန်မြို့တို့တွင် မော်တော်ယာဉ်ဂိတ်များဖွင့်လှစ်၍ ၎င်းတို့ပိုင် ခရီးသည်တင်မှန်လုံယာဉ် ၁၆ စီးဖြင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ လုပ်ကိုင်လျက်ရှိကြောင်းသိရှိရသဖြင့် ၎င်းတို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရအရေးယူထားရှိပြီး မူးယစ်ဆေးဝါးသယ်ဆောင်ရောင်းဝယ်ရာမှရရှိသည့်ငွေကြေးအကျိုးအမြတ်များ၊ ပိုင်ဆိုင်မှုများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းနိုင်ရေးအတွက် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေဖြင့် ဆက်လက်အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သတင်းရရှိသည်။ (၅၀၁)



မလေးရှားရေပြင်သို့ စိတ်ပြောင်းဆေးဝါးများသယ်ဆောင်သည့် ရွှေကောင်းသာ စက်လှေအား တွေ့ရစဉ်။





ပြစ်မှုကျူးလွန်သူများကို သိမ်းဆည်းရမိသည့် စိတ်ပြောင်းဆေးဝါးများ၊ မော်တော်ယာဉ်များနှင့်အတူ တွေ့ရစဉ်။

# စာရေးဆရာကြီးမောင်ခင်မင်(ဓနုဖြူ) သို့မဟုတ် ပါမောက္ခဒေါက်တာခင်အေး

အောင်ကြည်ညွန့်(တက္ကသိုလ်)



၂၀၁၃ ခုနှစ်၊ အမျိုးသားစာပေ တစ်သက်တာဆုရှင် ဒေါက်တာခင်အေး(မောင်ခင်မင်-ဓနုဖြူ)

ပါမောက္ခဒေါက်တာခင်အေး၏ ကလောင်အမည်မှာ မောင်ခင်မင်(ဓနုဖြူ)ဖြစ်ပြီး စာပေလောကတွင် အလွန်ထင်ရှားကျော်ကြားသော စာရေးဆရာကြီးတစ်ဦးဖြစ်ပါသည်။ ဆရာကြီးသည် ပင်ကိုယ်ရေးစာအုပ်ပေါင်း ၁၀၀ ကျော် ရေးသားခဲ့သူဖြစ်သည်။

ဆရာကြီးသည် ကျောင်းဆရာ၊ စာရေးဆရာဖြစ်သည်။ စာရေးဆရာဘဝနှင့် စာပေဆုမြောက်မြားစွာရရှိခဲ့သည့် ပညာရှင်ဆရာကြီးဖြစ်ပါသည်။

အမျိုးသားစာပေတစ်သက်တာဆုကို ၂၀၁၃ ခုနှစ်ကပင်ရရှိခဲ့သူဖြစ်ပါသည်။ ထိုစဉ်က ဆရာကြီးအသက်မှာ ၇၁ နှစ်သာရှိပါသေးသည်။ အမျိုးသားစာပေဆုနှစ်ဆု၊ ပခုက္ကူဦးအုံးဖေစာပေဆု၊ ထွန်းဖောင်ဒေးရှင်းစာပေဆု၊ သုတစွယ်စုံစာပေဆု စသည်ဖြင့် စာပေဆုပေါင်းများစွာကို ရရှိပိုင်ဆိုင်ထားသော ဆရာကြီးဖြစ်ပါသည်။

**ပညာပြည့်ဝ နှလုံးလှသူ**

ဆရာကြီးမောင်ခင်မင်(ဓနုဖြူ)သည် ပညာရှင်များ၏ အဆိုအမိန့်ဖြစ်သော "စာရေးသူသည် စိတ်ကောင်းမွေးမြူရမည်"ဟူသောအဆိုအမိန့်ကို ဦးထိပ်ပန်ဆင်လျက် စာရေးနေပါသည်ဟုဆိုခဲ့သည်။ ဆရာကြီး မောင်ခင်မင်(ဓနုဖြူ)သည် စိတ်ကောင်း၊ စေတနာကောင်းရှိသော စာရေးဆရာ၊ ပါမောက္ခတစ်ဦးဖြစ်ရုံသာမက ပညာပြည့်ဝ၊ နှလုံးပါလှသူလည်းဖြစ်ပါသည်။

ကျေးလက်တောရွာက တောသားလေးတစ်ဦး၊ ရိုးသားကြိုးစား၍ မြန်မာစာပါမောက္ခကြီးဖြစ်လာသည်ကို ညွှန်းပြပါဆိုလျှင် ဦးခင်အေးကို ညွှန်ပြပါရလိမ့်မည်။ ဦးခင်အေးသည် ဓနုဖြူမြို့နယ် ကျုံတနီးရွာဇာတိဖြစ်သည်။ အဘမှာ ဦးရာမ၊ အမိဒေါ်စောတင်တို့က ၁၉၄၂ ခုနှစ် ဇန်နဝါရီ ၂ ရက် တွင်ဖွားမြင်သည်။ ဆရာကြီးသည် ငယ်စဉ်က ကျုံတနီးရွာ အခြေခံပညာမူလတန်းကျောင်း၌ ပညာသင်ကြားခဲ့သည်။ ကျောင်းနေစဉ်ကာလမှာပင် မိဘတို့နှင့်အတူ ရန်ကုန်မြို့သို့ပြောင်းရွှေ့ခဲ့၏။ ထို့နောက် ရန်ကုန်မြို့ ကန်တော်ကြီးမြူနီစီပယ်ကျောင်း၊ ဗဟိုအစိုးရအလယ်တန်းကျောင်း၊ ဗဟိုအစိုးရအထက်တန်းကျောင်းတို့တွင် ပညာဆက်လက်သင်ယူခဲ့၏။

ဆရာကြီးဦးခင်အေးသည် ငယ်ရွယ်စဉ်ကတည်းကပင် ပညာဉာဏ်ထူးချွန်ထက်မြက်သည့် လူငယ်တစ်ဦးဖြစ်၏။ ၁၉၅၇ ခုနှစ်တွင် သတ္တမတန်းနှင့် အလယ်တန်းပညာသင်ဆု (စကောလားရှစ်)စာမေးပွဲတွင် အမှတ်အများဆုံးဖြင့် ထူးချွန်စွာ အောင်မြင်၍ ပညာသင်ဆုရခဲ့၏။

၁၉၅၉ ခုနှစ်တွင် တက္ကသိုလ်ဝင်တန်းစာမေးပွဲကို မြန်မာတစ်ပြည်လုံးတွင် မြန်မာစာအမှတ်အများဆုံးဖြင့်အောင်မြင်၍ ငွေတာရီရွှေတံဆိပ်ဆု၊ လှသမိန်ရွှေတံဆိပ်ဆုများ ချီးမြှင့်ခံခဲ့ရသူလည်းဖြစ်ပါသည်။

ရန်ကုန်တက္ကသိုလ်တွင် မြန်မာစာဂုဏ်ထူးတန်း၌ ပညာသင်ယူပြီး၊ ၁၉၆၃ ခုနှစ်တွင် ဝိဇ္ဇာ(အထွေထွေဂုဏ်ထူး)ဘွဲ့ရသည်။ ပထမတန်းဂုဏ်ထူးဖြင့်အောင်မြင်ခဲ့သည်။ ၁၉၆၉ ခုနှစ်တွင် မဟာဝိဇ္ဇာ(မြန်မာစာ)တန်းကို ဂုဏ်ထူးဖြင့် ဆက်လက်အောင်မြင်သည်။

ဆရာကြီးဦးခင်အေးသည် ၁၉၆၃ ခုနှစ်တွင် ပုသိမ်ကောလိပ် မြန်မာစာဌာနတွင် နည်းပြအဖြစ် စတင်အမှုထမ်းသည်။ ရန်ကုန်တက္ကသိုလ်၊ ရန်ကုန်ပညာရေးတက္ကသိုလ်၊ ပုသိမ်ကောလိပ်၊ ဒဂုံတက္ကသိုလ်၊ ပြည်ဒီဂရီကောလိပ်များတွင် အသီးသီးအမှုထမ်းခဲ့ပြီး ရန်ကုန်တက္ကသိုလ်တွင် မြန်မာစာဌာနပါမောက္ခ (ဌာနမှူး)အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။

ဆရာကြီးဦးခင်အေးသည် ၁၉၉၇ ခုနှစ်မှ ၁၉၉၉ ခုနှစ်ထိ ဂျပန်နိုင်ငံအိုဆာကာနိုင်ငံခြားဘာသာသင်တက္ကသိုလ်တွင် မြန်မာစာဧည့်ပါမောက္ခအဖြစ်လည်း တာဝန်ထမ်းဆောင်ခဲ့သူဖြစ်သည်။

စာရေးသူသည် ဆရာကြီးဦးခင်အေး၏ တပည့်မဖြစ်ခဲ့ရသော်လည်း ဆရာကြီးနှင့်လုပ်ငန်းများစွာကို ပူးတွဲလုပ်ခဲ့ရသည်။ ဆရာကြီးမင်းသုဝဏ်သည် သူ၏မွေးနေ့ရောက်တိုင်း ထမနဲထိုးကာ စာပေမိတ်ဆွေများ၊ တပည့်များ၊ ဆွေမျိုးများနှင့်တွေ့ဆုံသကဲ့သို့ ဆရာကြီးဦးခင်အေးသည်လည်း မကွယ်လွန်ခင်အချိန်ထိ နှစ်စဉ်နှစ်တိုင်း မွေးနေ့အခါသမယတွင် တပည့်များနှင့်အတူ တပျော်တပါးမွေးနေ့ထမနဲပွဲကို ကျင်းပလေ့ရှိပါသည်။

စာရေးသူအလုပ်ဌာနမှာ မြန်မာနိုင်ငံပညာရေးသုတေသနအဖွဲ့၊ ရုပ်မြင်သံကြားဌာနဖြစ်ပါသည်။ မြန်မာစာဖွံ့ဖြိုးတိုးတက်ရေး၊ သင်ကြားမှုအထောက်အကူဖြစ်ရေးအတွက် မြန်မာစာသင်ခန်းစာများကို ရုပ်မြင်သံကြားရိုက်ကူးရပါသည်။ ထူးခြားသည်မှာ "မြန်မာစာ မြန်မာစကား"ပညာရေးရုပ်မြင်သံကြားရိုက်ကူးရာတွင်ဆရာကြီးသည်အကြံပေးပုဂ္ဂိုလ်အဖြစ် ပညာရှင်ကဏ္ဍမှဆောင်ရွက်ရသည်။ စာရေးသူမှာ ထုတ်လုပ်သူဒါရိုက်တာဖြစ်သဖြင့် မြန်မာစာမြန်မာစကား၊ မြန်မာစာပညာပေး ရုပ်မြင်ဇာတ်လမ်းတွဲ ၁၂ ကားကို အောင်မြင်စွာ ရိုက်ကူးထုတ်လုပ်ခဲ့သည်။

မြန်မာစာသင်ခန်းစာများ ရိုက်ကူးရာတွင်လည်း ဆရာဦးခင်အေး အမြဲလိုလိုလိုက်ပါဆောင်ရွက်တာဝန်ယူရပါသည်။ အခြေခံပညာအထက်တန်း ၁၀ တန်းစာမေးပွဲအတွက် ပါမောက္ခ(မြန်မာစာ)၏အထူးပို့ချချက်များ ရိုက်ကူးရလျှင်လည်း ဆရာ ဦးခင်အေးပါလာစမြဲပင်ဖြစ်ပါသည်။ ဆရာကြီးသည် အလွန်သဘောကောင်းသူဖြစ်၍ လူချစ်လူခင်ပေါများသည်။

**ဆရာကြီးဦးခင်အေး၏ စာပေဘဝ**

ဆရာကြီးဦးခင်အေးသည် ၁၉၅၇ ခုနှစ်မှစ၍ မောင်ခင်မင်(ဓနုဖြူ) ကလောင်အမည်ဖြင့်လည်းကောင်း၊ ဆရာကြီး၏အမည်ရင်းဖြင့်လည်းကောင်း ဘာသာစာပေဆိုင်ရာဆောင်းပါးများ၊ စာအုပ်များ၊ သုတေသနစာတမ်းများ ရေးသားပြုစုခဲ့သည်။

ဆရာကြီးပြုစုခဲ့သော စာအုပ်စာတမ်းများမှာ အလွန်များပြားလှသည်။ စကားပြေသဘောတရား စကားပြေအတတ်ပညာ၊ စကားပြေအဖွဲ့ပုံစံများနှင့် ဘာသာပြန်လေ့လာချက်၊ ရိုးသုံးမြန်မာစာ၊ ပြည်သူ့အတွက်မြန်မာစကားပြေ၊ မြန်မာစကားမြန်မာစာရုပ်ပုံလွှာ၊ စာစီစာကုံးသင်ကြားရေး၊ စကားပြေသင်ကြားရေး၊ ကဗျာသဘောတရားနှင့် ကဗျာလေ့လာနည်း၊ မေတ္တာနှလုံးသားပုံရိပ်များ၊ စာပေသမုဒ္ဒရာ၌ လက်ပစ်ကူးခြင်း၊ စကားသမုဒ္ဒရာစာသမုဒ္ဒရာ စသည့်စာအုပ်များစွာကို ပြုစုခဲ့သည်။

မြန်မာစာညွှန့်ပေါင်းကျမ်း စတုတ္ထတွဲနှင့် လက်ဝဲအနော်ရထာ၏ ပျို့နိဂုံးအဖြေကျမ်းတို့ကို တည်းဖြတ်ခဲ့သည်။ ဘာသာစာပေဆိုင်ရာဆောင်းပါးပေါင်း ၁၅၀၀ ကျော်ကို ရေးသားခဲ့ပြီးဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

၂၀၀၂ ခုနှစ်တွင် မောင်သုတ၏ 'စာဆိုတော်များအတ္ထုပ္ပတ္တိ'ကို တည်းဖြတ်၍ ဖြည့်စွက်ပြုစုပါသည်။

၁၉၈၇ ခုနှစ် စာပေဗိမာန်စာမူဆုပြိုင်ပွဲတွင် 'မြန်မာစကား မြန်မာရုပ်ပုံလွှာ'စာမူဖြင့် သုတပဒေသာ (ဝိဇ္ဇာ)ပညာရပ်တွင် ပထမဆုရသည်။ 'နှစ်လေးဆယ်ဘဝမှတ်တိုင်များ'စာအုပ်ဖြင့် ၂၀၀၂ ခုနှစ်တွင် အမျိုးသားစာပေဆု(စာပဒေသာဆု)အဖြစ် ချီးမြှင့်ခံရသည်။

ဆရာကြီးဦးခင်အေးသည် ရန်ကုန်တက္ကသိုလ်က ချီးမြှင့်သောဂုဏ်ထူးဆောင် စာပေပါရဂူဘွဲ့ကို ၂၀၀၂ ခုနှစ် အောက်တိုဘာ ၁၉ ရက်တွင် ကျင်းပသော ရန်ကုန်တက္ကသိုလ်(၁၀၅)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားတွင် ချီးမြှင့်အပ်နှင်းခြင်းခံရကာ ဒေါက်တာခင်အေးဖြစ်လာသည်။ အဆိုပါဒေါက်တာဘွဲ့မှာ ဂုဏ်ထူးဆောင်စာပေပါရဂူဘွဲ့ဖြစ်၍၊ ဆရာကြီးသည် သူ၏အမည်ရှေ့တွင် ဒေါက်တာခင်အေးဟူသော ဘွဲ့တံဆိပ်ထက် မောင်ခင်မင်(ဓနုဖြူ) ကလောင်ဖော်ပြခြင်းကို ပို၍နှစ်သက်ဂုဏ်ယူကြောင်း အခါအခွင့်သင့်တိုင်း တပည့်များ၊ မိတ်ဆွေများကို ပြောပြလေ့ရှိပါသည်။

တက္ကသိုလ်ဆရာဘဝတွင် တွဲဖက်အညီဆုံးသောသူငယ်ချင်းမှာ ပညာရေးတက္ကသိုလ်သင်ပြနည်းဌာနပါမောက္ခအငြိမ်းစား ဆရာကြီးဦးသန်းထွတ်ဖြစ်ကြောင်း အမြဲပြောပြသည်။

ဆရာကြီးဦးခင်အေးက ၁၉၈၆ ခုနှစ်တွင်လည်းကောင်း၊ ဆရာကြီးဦးသန်းထွတ်က ၁၉၇၀ ပြည့်နှစ်တွင်လည်းကောင်း ပညာရေးတက္ကသိုလ်သို့ ရွှေ့ဆင့်နောက်ဆင့်ဆိုသလို ရောက်ခဲ့ကြသည်။ ဆရာကြီးနှစ်ဦးမှာ မြန်မာစာဆရာကြီးများဖြစ်ကြသော်လည်း ဆရာကြီးဦးခင်အေးက မြန်မာဘာသာရပ်ဌာန၊ ဆရာကြီး ဦးသန်းထွတ်က မြန်မာစာသင်ပြနည်းဌာနများတွင် တာဝန်ထမ်းဆောင်ကြပြီး ကျောင်းသားများကို မြန်မာစာဘာသာရပ်ဌာနက စကားပြေ၊ ကဗျာ၊ ဘာသာစကားဟူသောကဏ္ဍ သုံးရပ်ဖြင့် သင်ကြားပို့ချပေးသည်။ သင်ပြနည်းဌာနကမူ မြန်မာစာကို မည်သို့မည်ပုံသင်လျှင် ပို၍တတ်မြောက်နားလည်သဘောပေါက်နိုင်ကြောင်း သင်ပြနည်းသဘောတရားများသင်သည်။ ဆရာကြီးနှစ်ယောက်အတူတူတွဲပြီး အလုပ်များလုပ်ဖြစ်ကြသည်။

ပညာရေးတက္ကသိုလ်နှစ်ပတ်လည်မဂ္ဂဇင်းများ၊ နံရံကပ်စာစောင်များ၊ လက်ကမ်းကဗျာစာအုပ်များ၊ စာဆိုတော်နေ့အထိမ်းအမှတ်များကျင်းပကြ၊ ဟောပြောပွဲများလုပ်ကြနှင့် ပျော်ပျော်ပါးပါးလုပ်ဆောင်ခဲ့ကြသည်။ စာရေးဆရာများကိုဖိတ်၍ စာပေဟောပြောပွဲများ ကျင်းပကြသည်။

၁၉၈၀ ပြည့်နှစ်တွင် မြန်မာစာသင်ရိုးသစ်များနှင့်အညီ ပြဋ္ဌာန်းစာအုပ်များပြုစုရသည့်လုပ်ငန်းတွင် ရန်ကုန်တက္ကသိုလ် မြန်မာစာပါမောက္ခဆရာမကြီး ဒေါ်စီစီဝင်းဦးဆောင်သော မြန်မာစာသင်ရိုးအဖွဲ့က သူငယ်တန်းမှ ဒသမတန်းထိ မြန်မာစာပြဋ္ဌာန်းစာအုပ်သစ်များ ပြုစုကြရသည်။ ထိုအဖွဲ့တွင် ဆရာကြီး ဦးခင်အေး၊ ဦးသန်းထွတ်၊ ဆရာတင်မိုး၊ မောင်စွမ်းရည်၊ ပျဉ်းမနားမောင်နီသင်း၊ ဆရာဦးစောထွန်းတို့ပါဝင်ကာ ဆရာတို့အဖွဲ့ တက်ညီလက်ညီပြုစုပြီး ၁၉၈၅ ခုနှစ်တွင် သူငယ်တန်းမှ ဒသမတန်းထိ မြန်မာစာပြဋ္ဌာန်းစာအုပ်သစ် ပြုစုသည့်လုပ်ငန်းပြီးမြောက်ခဲ့ပါသည်။

**❖ဆရာကြီးဦးခင်အေးသည် ရန်ကုန်တက္ကသိုလ်က ချီးမြှင့်သော ဂုဏ်ထူးဆောင် စာပေပါရဂူဘွဲ့ကို ၂၀၀၂ ခုနှစ် အောက်တိုဘာ ၁၉ ရက်တွင် ကျင်းပသော ရန်ကုန်တက္ကသိုလ်(၁၀၅)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားတွင် ချီးမြှင့်အပ်နှင်းခြင်းခံရကာ ဒေါက်တာခင်အေးဖြစ်လာသည်။ အဆိုပါဒေါက်တာဘွဲ့မှာ ဂုဏ်ထူးဆောင်စာပေပါရဂူဘွဲ့ဖြစ်၍၊ ဆရာကြီးသည် သူ၏အမည်ရှေ့တွင် ဒေါက်တာခင်အေးဟူသော ဘွဲ့တံဆိပ်ထက် မောင်ခင်မင်(ဓနုဖြူ)ကလောင် ဖော်ပြခြင်းကို ပို၍နှစ်သက်ဂုဏ်ယူကြောင်း အခါအခွင့်သင့်တိုင်း တပည့်များ၊ မိတ်ဆွေများကို ပြောပြလေ့ရှိပါသည်။ ❖**

ဆရာသည် အငြိမ်းစားယူပြီးသောအခါ ပညာတန်ဆောင်မဂ္ဂဇင်းအုပ်ချုပ်ရေးအဖွဲ့တွင် ပါဝင်လုပ်ဆောင်ခဲ့သည်။ စာပေကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ မြန်မာစာအဖွဲ့ အဖွဲ့ဝင်၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်တွင် တွဲဖက်ပါမောက္ခတာဝန်ထမ်းဆောင်ခဲ့သည်။ ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၂၆ ရက် ပညာရေးတက္ကသိုလ်၏ ဆရာကန်တော့ပွဲသို့ တက်ရောက်ကန်တော့ခံခဲ့သည်မှာ အားလုံးကိုနှုတ်ဆက်သည့် အလားဆိုရပါမည်။

ဆရာကြီးမောင်ခင်မင်(ဓနုဖြူ)သည် ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၂၈ ရက် အင်္ဂါနေ့ နံနက် ၁ နာရီတွင် ရန်ကုန်ဆေးရုံကြီးတွင် ကွယ်လွန်သွားခဲ့သည်မှာ မြန်မာစာပေလောကအတွက် ဆုံးရှုံးမှုကြီးတစ်ခုဟု ဆိုရမည်ဖြစ်ပါသည်။

ဝတ္ထုတိုကလျာ

# ကြမ္မာဝင့်ကြွေး ပေးဆပ်ခြင်းလေလား

## ယဉ်အောင်ဟိန်း



(၁)

"မိုးထက်ကျော် အဲဒါဘာလုပ်တာလဲကွာ မလုပ်ရဘူးလေ။ ဖြုတ်ဖြုတ် ဖြုတ်ပစ်"

"အာ မဟုတ်ဘူး ဖြုတ်လို့မရဘူး၊ ဖြုတ်လို့မရဘူးလေ။ အောက်ခြေလွတ်နေလို့ဗျ။ အဟင်းဟင်း အောက်ခြေလွတ်နေတယ်"

"ခြေထောက်တွေ အနာဖြစ်ကုန်လိမ့်မယ်ကွာ ဖြုတ်နော်"

မိုးထက်ကျော်က သံခွေနှစ်ခုကို ခြေထောက်တစ်ဖက်တစ်ချက်ကြိုးနဲ့ချည်ဆွဲပြီး မြေကြီးဒရွတ်တိုက် လမ်းလျှောက်နေလို့ သူ့ဦးလေး ဦးလူလှက အဖြုတ်ခိုင်းနေတယ်။

"အဲဒါမှားတာပဲ။ အမယ်လေးမလုပ်ကြပါနဲ့ဗျာ။ မရက်စက်ကြပါနဲ့။ ကြောက်ပါပြီဗျာ။ ကြောက်ပါတယ် ဦးလေး သိကြားသာသနာသီချင်း နားထောင်မလား"

"အေးကောင်းတာပေါ့"

"တကယ်မေတ္တာစစ်နဲ့ ချစ်လျက်သားနဲ့ ပစ်ပယ်တော်မူအားတယ် xxx အဟုတ်မေတ္တာစစ်နဲ့ ချစ်လျက်သားနဲ့ ပစ်ပယ်တော်မူအားတယ် xxx အထင်တော်လွဲလို့ ကွယ်ချစ်တဲ့သူရယ်...ခွဲနိုင်ရှာရက်တယ် xxx မောင့် အပေါ်ဝယ် xxx ဂုဏ်ရည်မတူလို့လား xxx ရွှေစံပယ်ဖြူ ပန်ချင်သူကများတယ်။ မသနားပဲ ရက်စက်တယ်"

မိုးထက်ကျော်က အဆိုတော်ကြီး ပြည်လှဖေရဲ့ ဂုဏ်မြင့်သူသီချင်းကို ခံစားချက်အပြည့်နဲ့ ဆွေးဆွေးမြေ့မြေ့ ချွဲချွဲပျစ်ပျစ် သီဆိုနေတယ်။ ဦးလူလှက သီချင်းဆိုနေတဲ့သူ့တူကိုကြည့်ပြီး ဆို့ဆို့နင့်နင့်နဲ့ နားထောင်နေတယ်။ သီချင်းဆုံးသွားတော့မှ ဦးလေးဖြစ်သူ ဦးလူလှက–

"အဲဒါ သိကြားသာသနာ မဟုတ်ဘူးလေ လူလေးရဲ့။ သိကြားသာသနာက ကောင်းတဲ့သူကို ကယ်တင်မည် xxx မကောင်းတဲ့သူကို ဖယ်ရှားပါတော့မည်မဟုတ်လား"

"မဝံ့ပါဘူးဗျာ အဟင်း ဟင်းကြောက်ပါတယ်၊ ကြောက်ပါတယ်။ ကျွန်တော့်ကိုဆေးလိပ်လေးတစ်ဖွာလောက်တိုက်ပါလား။ အဲဟုတ်ပြီကွ ချချ။ ဟာရွှေဘကြီးကလက်သီးနဲ့ထိုးလိုက်တာ လူဆိုးတွေအကုန်သေကုန်ပြီ ဟင်း ဟင်း"

"အေးပါကွာ ဟုတ်ပါပြီ မိုးတွေရွာတော့မယ် အိမ်ထဲဝင်တော့နော်"

မိုးထက်ကျော်က ထိုင်နေရာမှထသွားပြီး တစ်ရုံလုံးရဲရဲနီအောင်ပွင့်နေတဲ့ စက္ကူပန်းရုံကြီးနားရောက်တော့ ပန်းရုံကြီးကို ထိုင်ရှိခိုးနေပြန်တယ်။

"မိုးထက်ကျော် ဘာလုပ်ပြန်တာလဲ အိမ်ထဲဝင်ပါဆိုကွာ မိုးတွေရွာလာပြီ"

ဦးလူလှက မိုးထက်ကျော်လက်ကိုဆွဲထူပြီး အိမ်ထဲအဝင်ခိုင်းလိုက်တယ်။ မမြတ်နိုးအိမ်က သူ့မောင်နဲ့ သူ့သားဖြစ်အင်ကို တမာပင်အောက်ကနေ ကြည့်ပြီး နှလုံးသားတွေကွဲအက်ပြုတ်ထွက်မတတ်ခံစားနေရတယ်။ မျက်ဝန်းအစုံက မျက်ရည်တွေလဲ စီးကျလာတယ်။ မိုးရွာတော့မှာဖြစ်လို့ သူလဲသစ်ပင်ရိပ်ကနေဖင်တရွတ်ဆွဲပြီး အိမ်ဆီကို တရွေ့ရွေ့သွားနေတယ်။ မမြတ်နိုးအိမ် အထဲရောက်တော့ မိုးတွေ သဲကြီးမဲကြီး ရွာလာတယ်။ မမြတ်နိုးအိမ်က မိုးတွေရွာနေတဲ့ ဟိုးအဝေးတစ်နေရာကိုကြည့်ပြီး မိုးသက်လေပြင်းနဲ့အတူတူ သူ့စိတ်တွေ အဝေးကို လွင့်မျောသွားတယ်။

(၂)

အိမ်ခြေသုံးရာကျော်ရှိတဲ့ ရွှေကန်ရွာကြီးက ဦးမင်းနိုင်၊ မမြတ်နိုးအိမ်လို့ပြောလိုက်ရင် မသိသူမရှိ။ တစ်နယ်လုံးသိကြတယ်။ သူတို့မိသားစုက ငွေတိုးပေးတယ်။ ရွှေ၊ ငွေ၊ လယ်ယာ အပေါင်ခံတယ်။ သူတို့နယ်တစ်ကြောက ထွက်တဲ့သီးနှံတွေ ဝယ်ယူပြီး မြို့တက်ရောင်းတယ်။ မြို့ကို အရောက်အပေါက်များတယ်။ မြို့ကကုန်သည်ပွဲစားတွေလည်း ဦးမင်းနိုင်ကို အားလုံးသိကြတယ်။ ခင်မင်လေးစားမှုလည်းရှိကြတယ်။ ဦးမင်းနိုင်က မြို့ရည်ဝတော့ မြို့သားစိတ်ပေါက်နေတယ်။ ဂျစ်ကားဝယ်စီးတယ်။ မြို့သူ၊ မြို့သားတွေစားတဲ့အစားအစာ၊ ဝတ်တဲ့အဝတ်၊ အိမ်ထောင်ပရိဘောဂအသုံးအဆောင်တွေကအစ မြို့သူမြို့သားတွေနဲ့အပြိုင်ဝယ်ယူသုံးတယ်။ ဦးမင်းနိုင်က ရွာသူ၊ ရွာသား၊ နယ်သူနယ်သားတွေကို ပြောဆိုဆက်ဆံရာမှာ အဖက်မတန်သလို မောက်မောက်မာမာဆက်ဆံတတ်တယ်။ မမြတ်နိုးအိမ်က ဒီလိုမပြောမဆို မဆက်ဆံဖို့၊ ခေတ်ဆိုးကြီးထဲမှာ လူချစ်လူခင်ပေါ အောင်နေဖို့အမြဲသတိပေးတယ်။ သူနဲ့ဆက်ဆံကြသူတွေက ငွေကြေးအရှိန်ဝါ လုပ်ငန်း၊ ကိုင်ငန်းတွေကြောင့် အောင့်အည်းသီးခံ ဆက်ဆံနေကြပေမဲ့ ဦးမင်းနိုင်ရဲ့ မောက်မာတဲ့ ပြောဆိုဆက်ဆံမှုကိုတော့ ဘယ်သူမှ မနှစ်မြို့ကြ။ မကင်းသာလို့သာ ဆက်ဆံကြရပေမဲ့ ခံရသူတွေကတော့ ရင်ထဲနာကြည်းကြတယ်။

အချိန်က တစ်နိုင်ငံလုံး သူတစ်လူ ငါတစ်မင်း လက်နက်အားကိုးနဲ့ အားနည်းသူကို အားကြီးသူက အနိုင်ယူနှိပ်စက် ဆူပူသောင်းကျန်းနေတဲ့ ခေတ်ကြီး။ တောမီးလောင်တော့ တောကြောင်လက်ခမောင်းခတ်တယ် ဆိုတဲ့စကားပုံလို လူဆိုးဓားပြတွေကလဲ ထူပြောတဲ့အချိန်ဖြစ်လေတော့ ဦးမင်းနိုင်ရဲ့ဆက်ဆံရေးကြောင့် မကျေနပ်သူ မလိုသူတွေက အန္တရာယ်ပြုမှာ မမြတ်နိုးအိမ် ကြောက်တယ်။ အဲဒါကြောင့် ဦးမင်းနိုင်ကို လူတိုင်းနဲ့အဆင်ပြေအောင် ဆက်ဆံဖို့ အမြဲသတိပေးပေမဲ့ ဦးမင်းနိုင်က အကြောက်အလန့်မရှိဘဲ သူ့အကျင့်အတိုင်း ဆက်ဆံတယ်။

(၃)

"ဒိုင်း ဒိုင်း"

"ဝုတ် ဝုတ် ဝုန်း ဝုန်း"

"ကတော် ကတော် ကတွတ် ကတွတ်"

"နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျနေတဲ့ ရွှေကန်ရွာလေးရဲ့ ညသန်းခေါင်းယံက သေနတ်သံ၊ ခွေးဟောင်သံ၊ ကြက်တွန်သံတွေနဲ့ ဆူညံသွားတာကြောင့် တစ်ရွာလုံးလန့်ဖျပ်နိုးကုန်တယ်"

မမြတ်နိုးအိမ်ကလဲ လန့်နိုးပြီး ငေါက်ခနဲထထိုင်လိုက်တယ်။ ဟောက်သံတွေ တခေါခေါနဲ့ အိပ်နေတဲ့ ဦးမင်းနိုင်ကို ကြောက်လန့်တကြား ဆွဲဆောင့်လှုပ်နှိုးလိုက်တယ်။

"ကိုမင်းနိုင် ထ ထ ကိုမင်းနိုင်။ သားလေး သားလေး ထ ထ"

"အင် အင် ဘာတုံးဟ မြတ်နိုးအိမ်ရာ"

"ဟင် သေနတ်သံတွေ၊ ခွေးဟောင်သံတွေ ဆူညံနေတာတောင် တော်မနိုးဘူးလားတော်"

"ဟင် ဟုတ်လား နေ့ခင်းက မြို့ကိုသွားတာ ပင်ပန်းလို့ အိပ်ပျော်သွားတာပါဟာ"

"သေစရာရှိရင် တော်အရင်ဆုံးသေမှာပဲ။ ရွာထဲ ဓားပြလား ဘာလဲ တစ်ခုခုတော့ဝင်နေပြီ ပြေးရအောင် လုပ်လုပ်"

"ဒိုင်း ဒိုင်း"

"ဟေ့ မင်းနိုင် တံခါးလှုပ်စမ်း လှုပ်စမ်း"

"ဝုန်း ဝုန်း"

မမြတ်နိုးအိမ် ပြောလို့မှပါးစပ်မပိတ်ခင် ဦးမင်းနိုင်တို့ အိမ်တံခါးပေါက်ကို ခြေထောက်နဲ့ကန်လှုပ်နေတယ်။ ကြောက်လွန်းလို့ တဆတ်ဆတ်တုန်နေတဲ့ မမြတ်နိုးအိမ်က–

"ဟုတ်ဟုတ်ဟုတ်ကဲ့။ လာပါပြီတော် လှုပ်ပါ့မယ်"

"ဖြောင်း"

"အား"

လူဆိုးတွေက အိမ်ထဲဝင်လိုက်တာနဲ့ ဦးမင်းနိုင်ခေါင်းကို တုတ်နဲ့ တအားလွှဲရိုက်လိုက်တယ်။ ဦးမင်းနိုင်ခေါင်းက သွေးတွေဖြာခနဲကျလာတယ်။

"နေ့ခင်းက ကုန်တွေရောင်းလာတဲ့ ငွေတွေနဲ့ ရွှေတွေ ဘယ်မှာလဲ။ မြန်မြန်ထုတ်ပေးစမ်း ရှိတာအကုန်ထုတ်ခဲ့"

"မြတ်နိုးအိမ် ပစ္စည်းတွေထုတ်ပေးလိုက်ပါ"

မမြတ်နိုးအိမ်က ပစ္စည်းတွေ ဝှက်ထားတဲ့နေရာက ထုတ်ပေးလိုက်တယ်။

"ဒါ အကုန်ပဲလား"

"အ အကုန်ပါပဲတော်"

"ချန်ထားမယ်စိတ်မကူးနဲ့ တို့ရှာလို့တွေ့ရင် တစ်မိသားစုလုံး သတ်ပစ်မယ်။ ဟေ့ကောင်တွေ အိမ်ထဲဝင်ရှာစမ်း"

ဓားပြတစ်ယောက်က ခတ်ပြားနဲ့ဖွင့်တဲ့ ခတ်စက်ပုံး မထုတ်လာတယ်။ ခတ်စက်မလာတာမြင်တော့ ဆယ်နှစ်သားအရွယ် မိုးထက်ကျော်လေးက အတင်းဝင်လုတယ်။

"ကျုပ်ခတ်စက်ဗျ မပေးဘူး။ ပေး ပေးပြန်ပေး"

"အို ဒီကလေး ဖယ်စမ်း၊ လွှတ်စမ်း"

ဓားပြက မိုးထက်ကျော်ကို ခြေထောက်နဲ့ကန်လိုက်တယ်။ မိုးထက်ကျော်ဖင်ထိုင်လဲကျသွားတယ်။

"အဖေ ကျုပ်ခတ်စက် မပေးလိုက်နဲ့ ပြန်တောင်းပေးပါဗျ အဟီး ဟီး"

"အားလုံးမှောက်ထားစမ်း ခေါင်းထောင်မကြည့်နဲ့ ခေါင်းထောင်ရင်ပစ်ထည့်လိုက်မယ်"

"သားမှောက် မှောက် မပြောနဲ့ မပြောနဲ့ ငြိမ်ငြိမ်နေ"

"ဟေ့ကောင်တွေ မြန်မြန်လုပ်"

"ဘာမှမတွေ့တော့ဘူး ဆရာကြီး"

"မတွေ့ရင် အားလုံးထွက်မယ်။ ငခွေး ရှင်းစရာရှိတာရှင်းခဲ့"

"ဒိုင်း ဒိုင်း"

ဆရာကြီးဆိုသူရဲ့ အမိန့်ပေးသံကြားလိုက်တာနဲ့ သေနတ်ကိုင်ထားတဲ့ ဓားပြက ဦးမင်းနိုင်ရဲ့ ဦးခေါင်းကို သေနတ်နဲ့တေ့ပြီးပစ်ထည့်လိုက်တယ်။ ဦးမင်းနိုင် ခန္ဓာကိုယ်ကြီး တစ်ချက်တွန့်ပြီး ငြိမ်သွားတယ်။ ဦးခေါင်းက သွေးတွေဒလဟောစီးထွက်လာတယ်။

"အမယ်လေး သေပါပြီတော့ အဖြစ်ဆိုးလှချည်လား။ ကိုမင်းနိုင်ရဲ့ရက်စက်လိုက်တာတော်။ ကျုပ်ကိုလဲသတ်ခဲ့ကြပါတော့ မထားခဲ့ပါနဲ့"

"အဖေ အဖေ အဖေရေ အီ အီ အဟီး အဟီး အဖေ့ အဖေ့"

မိုးထက်ကျော်လေးက ဦးမင်းနိုင်လည်ပင်းကို ဖက်ပြီး အတင်းဆွဲထူနေတယ်။ သူ့အဖေဦးခေါင်း ပွင့်ထွက်နေတာမြင်မှ လွှတ်ချလိုက်ကာ အော်ပြီးပြေးတော့တယ်။

"အမယ်လေး အရပ်ကတို့ ကယ်ကြပါအုံးတော် မြင်လို့မှ ကောင်းကြသေးရဲ့လား။ အို ကိုမင်းနိုင်ရဲ့ ကယ်ကြပါအုံးတော် ကယ်ကြပါအုံး"

မမြတ်နိုးအိမ် သံကုန်ဟစ်ငိုယိုအကူညီတောင်းပေမဲ့ တဝုတ်ဝုတ် တဝုန်းဝုန်း ခွေးဟောင်သံကလွဲလို့ လူသံသူသံဆိုလို့ ဘာသံမှ မကြားရ မီးရေနဲ့ငြိမ်းသတ်ထားသလိုငြိမ်နေတယ်။ ခွေးဟောင်သံတွေငြိမ်သွားပြီး တစ်နာရီလောက်ကြာမှ တိုးတိုးတိုးတိုး စကားပြောသံတွေ ဟိုမှ ဒီမှပေါ်ထွက်လာတယ်။

"အစ်မအစ်မ ဘာတွေဖြစ်ကုန်တာလဲဗျာ"

"အမယ်လေး လူလှရဲ့ မင်းယောက်ဖအဖြစ်ဆိုးကိုကြည့်ပါအုံးကွဲ့။ အို ကိုမင်းနိုင်ရဲ့ အဖြစ်ဆိုးလှချည်လားတော့"

မမြတ်နိုးအိမ်ရဲ့မောင် ဦးလူလှ အရင်ဆုံးရောက်လာတယ်။ နောက်မှ ပတ်ဝန်းကျင်လူတွေ တစ်စတစ်စရောက်လာကြတယ်။

"မိုးထက်ကျော်ကော မိုးထက်ကျော်"

ဦးလူလှမေးမှ မိုးထက်ကျော်ကိုကြည့်လိုက်တော့

စာမျက်နှာ ၂၅ သို့ ➤

# ဝက်လက်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သောမြေပဲ ရာနှုန်းပြည့်နုတ်သိမ်းပြီးစီး၊ တစ်ကေလျှင်တင်း ၈၀ ထွက်ရှိ



**ဝက်လက် မတ် ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဝက်လက်မြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သောမြေပဲ ရာနှုန်းပြည့် နုတ်သိမ်းပြီးစီးနေပြီး တစ်ကေလျှင် တင်း ၈၀ ထွက်ရှိကြောင်း ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဝက်လက်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ မြေပဲ ၁၄၆၂ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသော မြေပဲစိုက်ခင်းများကို ယခုနှစ် ဇန်နဝါရီလမှစတင် နုတ်သိမ်းခဲ့ရာ ယနေ့တွင် ရာနှုန်းပြည့် နုတ်သိမ်းပြီးစီးနေပြီး တစ်ကေလျှင် တင်း ၈၀ ထွက်ရှိကြောင်း သိရသည်။

"ဝက်လက်မြို့နယ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ မြေပဲ ၁၄၆၂ ဧက စိုက်ပျိုးထားပါတယ်။ အဲဒီ စိုက်ပျိုးထားတဲ့ မြေပဲခင်းတွေ အခုလက်ရှိအချိန်မှာတော့ ဧကအားလုံး နုတ်သိမ်းပြီးစီးပြီ ဖြစ်ပါတယ်။ ဆီထွက်သီးနှံ အနေနဲ့ကတော့ အောင်မြင်တဲ့ အနေအထားမှာရှိတယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်" ဟု ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကြင်စန်းက ပြောပြသည်။

မြေပဲ အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါကဒေသတွင်း စားသုံးဆီဖူလုံစေရုံမျှမက ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် မြေပဲကို ပိုမိုတိုးချဲ့ စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကြင်စန်းက ဆက်လက် ပြောပြ၍ သိရသည်။

(၂၀၆)

➢ စာမျက်နှာ ၂၄ မှအဆက်

မိုးထက်ကျော်မရှိတော့ပေ။ ရွာကလူတွေမိုးထက်ကျော်ကိုဝိုင်းရှာကြတယ်။

"မိုးထက်ကျော် မိုးထက်ကျော်"

တစ်ပူပေါ်တစ်ပူဆင့်ရပြီ ထင်ပါရဲ့လို့တွေးပြီး မမြတ်နိုးအိမ်ခေါင်းတွေမူးနောက်လာတယ်။

ခန္ဓာကိုယ်ယိုင်မသွားအောင် သတိနဲ့ထိန်းထားရတယ်။ အတော်လေးကြာမှ စပါးပုတ်တစ်လုံးအတွင်းဝင်ပုန်းနေတဲ့ မိုးထက်ကျော်လေးကိုတွေ့ကြတယ်။

"သား သား မိုးထက်ကျော်"

"ကြောက်တယ် ကြောက်တယ်"

မိုးထက်ကျော်ကို ပုတ်အတွင်းကအတင်းပွေ့ ထုတ်ကြတယ်။ မိုးထက်ကျောရင်ဘတ်၊ မျက်နှာ၊ လက်တွေမှာ သွေးတွေရဲနေပြီး တစ်ကိုယ်လုံးတုန်ယင်နေတယ်။ မျက်လုံးတွေပြူးပြီး ကြောက်တယ် ကြောက်တယ် အတင်းအော်နေတယ်။

"ဟင် ကလေးလဲ သွေးတွေနဲ့ ဘာလုပ်သွားကြ တာလဲကွာ"

"သားမကြောက်နဲ့ လူဆိုးတွေမရှိတော့ဘူး"

မိုးထက်ကျော် အကြောက်အလန့်ပြေအောင် အားလုံးဝိုင်းချော့ကြပေမဲ့ မိုးထက်ကျော် အဲဒီညကစပြီး ကြောက်တယ်ကလွဲလို့ ဘာစကားမှမပြောတော့ပဲ ပြူးကြောင်ကြောင်ဖြစ်နေတယ်။

သူ့အဖေ အသတ်ခံရတဲ့ အဖြစ်ဆိုးကိုမြင်ပြီး မိုးထက်ကျော် စိတ်ပုံမှန်မဟုတ်တော့တာကြောင့် စိတ်ပြန်ငြိမ်အောင် ဆေးအတော်ကုယူရတယ်။ မိုးထက်ကျော် စိတ်ပုံမှန်ဖြစ်သွားတော့ မိုးထက်ကျော်ကို ပညာတတ်ဖြစ်စေချင်တဲ့သူ့အဖေဆန္ဒအတိုင်း မြို့ကဦးမင်းနိုင်ရဲ့မိတ်ဆွေဦးဂျင်မီအိမ်မှာထားပြီး အလယ်တန်း၊ အထက်တန်းပညာတွေဆက်လက်သင်ယူစေခဲ့တယ်။ မိုးထက်ကျော်ကလဲ လိမ္မာတယ်။ စာကြိုးစားတယ်။ ကျောင်းမှာထူးချွန်တဲ့ကျောင်းသား တစ်ယောက်ဖြစ်ခဲ့တယ်။ တစ်နှစ်တစ်တန်းမှန်မှန်အောင်တယ်။ မိုးထက်ကျော်ပညာရေးမှာ ထူးချွန်အောင်မြင်ပေမဲ့ သူ့အမေစီးပွားရေး ချွတ်ခြုံကျလာတယ်။ မမြတ်နိုးအိမ်မှာ လူတောမတိုးတဲ့ရောဂါဆိုးက ရုတ်တရက်နှိပ်စက်လာတယ်။ မီးယပ်ရောဂါထင်ပြီး ဆေးကုရင်းက ကိုယ်လက်အင်္ဂါတွေချို့ယွင်းတဲ့အထိဖြစ်လာတယ်။

ရှိသမျှပစ္စည်းလေး ထုခွဲရောင်းချပြီး မိုးထက်ကျော် ပညာရေးကို ရည်ရွယ်ချက်အတိုင်းဖြစ်အောင် အားခဲပြီးထားခဲ့တယ်။ ဒီနှစ်ဆိုရင် မိုးထက်ကျော်ဆယ်တန်းရောက်ပြီ။ စာမေးပွဲတောင်ဖြေပြီးတော့မှာမို့ မမြတ်နိုးအိမ် သားလေးကိုမျှော်နေမိတယ်။ စာမေးပွဲပြီးတဲ့ နောက်တစ်နေ့အထိ မိုးထက်ကျော်ကပေါ်မလာ။ သူငယ်ချင်းအပေါင်းသင်းတွေနဲ့ လည်နေတာဖြစ်မှာပါလို့ မမြတ်နိုးအိမ်ထင်မိတယ်။ မမြတ်နိုးအိမ် အတွေးမှမဆုံးခင် အိမ်ဝင်းထဲဂျစ်ကားတစ်စီးထိုးဝင်လာတယ်။ သားလေးကို ဦးဂျင်မီကိုယ်တိုင်လိုက်ပို့တာထင်လို့ အားတုံ့အားနာနဲ့ကြိုဖို့ ပြင်လိုက်တယ်။ ဦးဂျင်မီဦးဆောင်တဲ့ လူငါးယောက် ကားပေါ်ကဆင်းလာတာတွေ့ရပြီး မိုးထက်ကျော်ပါမလာလို့ ဘာများဖြစ်ပါလိမ့်လို့ ရင်တော်တုန်လာတယ်။

"မိုးထက်ကျော် ခွေးသားဘယ်မှာလဲ မိုးထက် ကျော်နဲ့ ခင်မာလာကို အခုထုတ်ပေးစမ်း"

"တော် ကျုပ်သားလေးပြန်မလာသေးပါဘူးတော် ဘယ်လိုဖြစ်ကြတာလဲ"

"ခွေးကျင့် ခွေးကြံ ကြံသွားတဲ့ကောင် သားရေပေါ်အိပ် သားရေအနားစားတဲ့ကောင် ဝှက်ထားမယ်မကြံနဲ့နော် အမြန်ထုတ်ပေး ကျုပ်စိတ်မထိန်းနိုင်တော့ဘူး"

"ကျုပ်သားလေး မလာသေးပါဘူးတော် ကျုပ်အမှန်ပြောတာပါ ကျုပ်ဘာမှလဲမသိပါဘူး

"အနူလက်နဲ့ ရွှေခွက်နှိုက်တယ်ဆိုတာ ဒါမှအစစ်ပဲ ခင်ဗျားသား အမြန်ဆုံးတွေ့အောင်ရှာပေးပါ ကျုပ် သမီးကို ခင်ဗျားသားနဲ့ တစ်သက်လုံး သဘောမတူဘူး မှတ်ထား ဒီကောင်နဲ့ပေးစားမဲ့အစား ခွေးအမြီးဖြတ်ပေးစားမယ်သိလား"

ဒေါသတကြီးပြောချင်တာတွေပြောပြီး အပြင်မောင်းထွက်သွားတဲ့ ဂျစ်ကားလေးကိုကြည့်ပြီး မမြတ်နိုးအိမ် အူတုန် အသဲတုန်ဖြစ် ကျန်နေခဲ့တယ်။ မျက်ရည်တွေလဲ ထိန်းမနိုင် သိမ်းမရကျလာတယ်။ သူ့မောင်ဦးလူလှကိုခေါ်ပြီး မိုးထက်ကျော်ရှိနိုင်မယ်ထင်တဲ့ ဆွေမျိုးမိတ်ဆွေတွေရှိတဲ့မြို့ရွာတွေကို လိုက်အရှာခိုင်းလိုက်တယ်။ မိုးထက်ကျော်သတင်းအစအနပင်မကြားရ ဘယ်မှာမှ ရှာမတွေ့ဖြစ်နေတယ်။ မမြတ်နိုးအိမ်လဲ မျက်ရည်နဲ့မျက်ခွက်ဖြစ်နေတယ်။ မိုးထက်ကျော်ရှာတာကို ဦးလူလှလက်လျှော့လိုက်တယ်။

ဆယ်ရက်မြောက်နေ့မှာတော့ ဒဏ်ရာဗလပွနဲ့ မိုးထက်ကျော် ဆေးရုံရောက်တယ်ဆိုတဲ့သတင်းဆိုးကိုကြားရတယ်။ မမြတ်နိုးအိမ် မိုးထက်ကျော်ဆီ အပြေးသွားချင်ပေမဲ့ ကိုယ့်ခန္ဓာကိုယ်မှ မသယ်နိုင်တဲ့ ဒုက္ခိတဘဝဖြစ်နေတော့ ဟစ်ကာ ဟစ်ကာ ငိုရုံကလွဲ လို့ ဘာမှမတတ်နိုင်ဖြစ်နေတယ်။ ဒဏ်ရာ၊ ဒဏ်ချက်တွေပျောက်ကင်းလို့ မိုးထက်ကျော် ဆေးရုံကဆင်းလာခဲ့ချိန်မှာတော့ ဦးခေါင်းအရိုက်ခံရတဲ့ ဒဏ်ရာကြောင့်လား ချစ်သူခင်မာလာနဲ့ ရှင်ကွဲကွဲခဲ့ရတဲ့ဒဏ်ကြောင့် လားမခွဲခြားနိုင်တဲ့ အမေကိုတောင် အမေမှန်းမသိ အောင် စိတ်ဖောက်ပြန်တဲ့ဝေဒနာကို ခံစားနေရပါတော့တယ်။

"မောင့်အပေါ်ဝယ် ဂုဏ်ရည်မတူလို့လား ငွေစံပယ်ဖြူ ပန်ချင်သူကများတယ်"

မိုးထက်ကျော်သီချင်းဆိုသံကြောင့် အတိတ်ဆီလွင့်မျောနေတဲ့ မမြတ်နိုးအိမ် သတိပြန်ဝင်လာတယ်။ မိုးထက်ကျော်ကိုကြည့်ပြီး တစ်လောကလုံးရှိတဲ့ ကံကြမ္မာဂြိုဟ်ဆိုးတွေ သူတို့သားအမိကိုမှ စုပြုံနှိပ်စက်ရက်လေတယ်လို့ ယူကြုံးမရ ခံစားနေရပါတော့တယ်။

## မီးဘေးကွယ်ကာ တို့ဝန်တာ

- နွေရာသီခါ ပူပြင်းလာပြီ
  လောင်စာအမှိုက် မီးအကြိုက်မို့
  ရှင်းထိုက်သည်များ ရှင်းလင်းထားမှ
  ကြိုတားမီးဘေး တို့အရေးကို
  အလေးမူရာ ရောက်ပေမှာ။

- တို့မီးရှို့မီး ပေါ့ဆမီးနှင့်
  လောင်မီးမျိုးစုံ သတိခြုံ၍
  အကုန်သတိ အားလုံးရှိမှ
  ကျမည့်မီးဘေး ဒုက္ခရေးကို
  ကင်းဝေးအောင်မှာ အသေချာ။

- မီးသုံးစွဲစဉ် သတိယှဉ်၍
  ပြီးလျှင်ငြိမ်းသတ် ကိစ္စဖြတ်ကာ
  သတ်မှတ်ချိန်စည်း လိုက်နာပြီးလျှင်
  မီးစလောင်က အနိုင်ရရန်
  ကူကြစေရေး အသိပေး။

- လူတို့ကြံသား ရန်ငါးပါးတွင်
  တစ်ပါးဝင်မီး ရှို့ကြောက်ပြီးလျှင်
  အပြီးပြတ်စဲ မသုံးဘဲလည်း
  လွှဲဖယ်မဖြစ် ရန်မိတ်စစ်ကို
  စနစ်ကျသာ သုံးသင့်ရာ။

- ဩော်...
  ခြောက်သွေ့ချိန်မှာ ဆွေမိတ်လျာတို့
  ကာကွယ်မီးဘေး စီမံတွေး၍
  ရင်လေးစရာ မကြုံပါအောင်
  ဝိုင်းကာစုစည်း လမ်းမှန်နည်းဖြင့်
  ကြိုပြီးဇာတ်တိုက် ပြင်ဆင်လိုက်သော်
  ဆိုက်သည့်ချိန်ဝယ် အန္တရာယ်ကို
  အလွယ်ကျော်လွှား သုခပွားမည်
  တို့အားလုံးဆွေ တာဝန်ပေ။
  နွေရောက်ပြီလေ သိပါစေ။ ။

ညွန့်ဝင်း(နတ်တလင်း)


## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

➢ **Home Stay** နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထား ဆောင်ရွက်ပါ။

➢ မကြာခဏ ထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို **Alcohol** ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

# လမ်းညွှန်စီရင်ထုံးများက ညွှန်ပြသော ဥပဒေဗဟုသုတများ

**စိန်လှိုင်ဗိုလ်**

လူတိုင်းလူတိုင်းသည် ကိုယ်ပိုင်အိုးအိမ်နှင့် နေထိုင်နိုင်ခြင်းမရှိ၍ အိမ်ငှားနေကြရသည်။ သို့ဖြစ်ရာ အိမ်ရှင်နှင့်အိမ်ငှားကြား အငြင်းပွားမှုများ ပေါ်လေ့ရှိတတ်သည်။ ယခင်အပတ်ဆောင်းပါးတွင် ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာငှားရမ်းခကြီးကြပ်ရေး အက်ဥပဒေ ပုဒ်မ-၁၂(၁)(စ) နှင့်ပတ်သက်သည့် မှုခင်းတစ်ခုကို ရေးခဲ့ပြီးပါပြီ။ ယခုအပတ်တွင်လည်း ၁၂(၁)( င) နှင့် ပတ်သက်သည့် ပြည်သူအများသိသင့် သိထိုက်သည့် ဥပဒေအကြောင်းကို ဆက်လက် ရေးသားတင်ပြပါဦးမည်။ ကိုယ်ပိုင်အိုးအိမ်နှင့် နေထိုင်နိုင်ကြခြင်း မရှိသေးသရွေ့ အိမ်ရှင်နှင့်အိမ်ငှား ကြား အငြင်းပွားမှုများမှာ ယခုလည်းရှိသည်။ နောင်လည်း ရှိနေဦးမည် ဖြစ်ပါသည်။

မြို့ပြဆိုင်ရာငှားရမ်းခ ကြီးကြပ်ရေးအက်ဥပဒေ ပုဒ်မ-၁၂(၁)(င)အရ အိမ်ရှင်က အဆောက်အအုံ အသစ် ပြန်လည်ဆောက်လုပ်ရန်အလို့ငှာ ငှားရမ်း ထားသည့် နေအိမ်ခန်းကို ပြန်လည်ရယူလိုမှုဖြင့် စွဲဆိုခြင်းဖြစ်ပါသည်။ **အိမ်ရှင်သည် ၎င်းအငှားချ ထားသောအခန်းကို အကြောင်းအားလျော်စွာ ရိုးဖြောင့်သောသဘောဖြင့် ပြန်လည်ရယူခြင်းဖြစ်မှ သာလျှင် အိမ်ငှားကို ဖယ်ရှားခိုင်း၍ရပါသည်။** သို့မဟုတ်က ဖယ်ရှားစေခြင်းမပြုနိုင်ပါ။ အမှုတစ်ခု ကို အကြောင်းပြု၍ ရေးသားတင်ပြပါဦးမည်။

ဦးစီတီဝမ်း (ခ) ဦးခင်မောင်ဝင်းသည် မန္တလေး မြို့၊ သီရိမာလာအရှေ့ပိုင်း၊ အကွက် အမှတ်(၁၈၀)၊ ဦးပိုင်အမှတ်(၂၁)၊ မြေနှင့် မြေပေါ်ရှိ အဆောက် အအုံကိုပိုင်ဆိုင်သူဖြစ်ပါသည်။ ၎င်းအဆောက် အအုံတွင်အခန်း ၅ ခန်းရှိရာ ကိုညွှန့်ဆိုသူကိုတစ်ခန်း၊ ကိုစိုးတင့်ဆိုသူကို တစ်ခန်းငှားရမ်းထားပါသည်။ ပိုင်ရှင်စီတီဝမ်းက ၃ ခန်းလက်ရှိဖြစ်ပါသည်။ ကိုညွှန့် နှင့် ကိုစိုးတင့်တို့ကို မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ် ရေးအက်ဥပဒေပုဒ်မ-၁၂(၁)(င) အရ အဆောက်အအုံ အသစ်ပြန်လည်ဆောက်လုပ်ရန်ဟုဆိုကာ ငှားရမ်း ထားသောအခန်းမှ နှင်လိုမှုစွဲဆိုခဲ့သည်။

မူလမန္တလေးမြို့နယ်တရားရုံးက နှစ်ဖက် သက်သေများကြားနာပြီး အိမ်ပိုင်ရှင် စီတီဝမ်းစွဲဆို သည့်အတိုင်း အနိုင်ဒီကရီချမှတ်ပေးခဲ့သည်။ ၎င်း အမိန့်ကိုမကျေနပ်၍ ကိုညွှန့်တို့က မန္တလေးတိုင်း တရားရုံးသို့ အယူခံဝင်ရာ တိုင်းတရားရုံးက မူလ မြို့နယ် တရားရုံး၏အမိန့်ကို ပယ်ဖျက်၍ စွဲဆိုသည့် အမှုကို ပလပ်လိုက်သည်။ ထို့ကြောင့် စီတီဝမ်းက ဗဟိုတရားရုံးသို့ ဒုတိယအယူခံမှုတင်သွင်းခဲ့ပါသည်။

**ဗဟိုတရားရုံး၏ စိစစ်သုံးသပ်ဆုံးဖြတ်ချက်**

ဤအမှုတွင် အဓိကပြဿနာမှာ အယူတရားလို **အိမ်ရှင်စီတီဝမ်းသည် အချင်းဖြစ်အဆောက်အအုံကို အသစ်ဆောက်လုပ်ရန်အတွက် သဘောရိုးနှင့်ရယူလို ခြင်း ဟုတ်၊ မဟုတ်ဖြစ်ကြောင်း** ဗဟိုတရားရုံးက ဦးစွာစိစစ်ခဲ့ပါသည်။ အချင်းဖြစ်အဆောက်အအုံမှာ နံကပ်နှစ်ထပ်တိုက်ဖြစ်ပြီး အခန်း ၅ ခန်းရှိသည်။ မူလပိုင်ရှင်မှာ ဒေါ်ခင်ကြီးဖြစ်ပြီး မူလတဲတန်းလျား များကိုဖျက်၍ ၁၉၅၃ ခုနှစ်တွင် အသစ်ဆောက် လုပ်သည့် အဆောက်အအုံဖြစ်သည်။ သွပ်မိုး အုတ် နံကပ် ၆ ပတ်လည်တိုင်နှင့် ဆောက်လုပ်ထားသည်။ ၅ ခန်းရှိသည့်အနက် ဦးစိုးတင့်က တစ်ခန်းတွင် တစ်လ ၅၅ ကျပ်နှင့် ငှားရမ်းပြီး စီးပွားရေးလုပ်ငန်း အတွက် ဆံပင်ညှပ်ဆိုင်ဖွင့်၍ မိသားစုနှင့် နေထိုင် သည်။ ထို့နည်းတူ ကိုညွှန့်ကလည်း အခန်းတစ်ခန်း တွင် စာအုပ်ချုပ်ဆိုင်ဖွင့်၍ မိသားစုနှင့် နေထိုင်သည်။ ပိုင်ရှင်စီတီဝမ်းက ၃ ခန်းလက်ရှိဖြစ်ပြီး ၎င်း အဆောက်အအုံ၏နောက်တွင် နှစ်ထပ်ပျဉ်ကာ သွပ်မိုးအိမ်တစ်လုံးရှိသေးကြောင်း ဗဟိုတရားရုံးက စိစစ်ဖော်ထုတ်ခဲ့ပါသည်။



အဆောက်အအုံ၏ အခြေအနေနှင့်ပတ်သက်၍ **အမှုတွဲကို လေ့လာရာတွင် အသစ်တစ်ဖန် ပြန်လည် ဆောက်လုပ်ရန်မလိုအပ်သေးသည့် အခြေအနေဖြစ် ကြောင်း၊ အခင်းဖြစ်အဆောက်အအုံမှာ ၁၉၅၃ ခုနှစ်က ဆောက်လုပ်သော အဆောက်အအုံဖြစ် ကြောင်း၊ ယခုအခါအဆောက်အအုံသည် ဟောင်းနွမ်း ဆွေးမြည့်ခြင်း လုံးဝမရှိသည့်အပြင် နောက်ထပ် နှစ်အတန်ကြာ အသုံးပြုနိုင်သည့် အခြေအနေရှိ ကြောင်း** ဗဟိုတရားရုံးက စိစစ်ဖော်ထုတ်ခဲ့ပါသည်။

အိမ်ပိုင်ရှင်အဖို့ လက်ရှိအခန်းအပြင် နောက်ပိုင်း တွင်ရှိနေသည့် နှစ်ထပ်အိမ်တစ်လုံးမှာလည်း ၎င်း၏ လက်ရှိပင်ဖြစ်နေ၍ စီးပွားရေးလုပ်ငန်းနှင့် နေထိုင်မှု အတွက် လုံလောက်ကြောင်း၊ **လက်ရှိအဆောက်အအုံ ကိုဖျက်ပြီး အသစ်ဆောက်လုပ်လိုသည်ဆိုခြင်းမှာ အိမ်ငှားကိုနှင်ထုတ်လို၍ ဥပဒေဘောင်အတွင်းမှ အကြောင်းပြခြင်းမျှသာဖြစ်သည်ဟု ကျွန်ုပ်တို့ ယုံကြည်ကြောင်းဖြင့်** ဆင်ခြင်သုံးသပ်ခဲ့ပါသည်။

သို့ဖြစ်၍ အယူခံတရားလိုသည် အချင်းဖြစ်အခန်း များကို အကြောင်းအားလျော်စွာ ရိုးဖြောင့်သော သဘောဖြင့် ရယူလိုသည်ဟု တင်ပြချက်ကို လက်မခံ နိုင်ကြောင်းဖြင့် အယူခံမှုကို ပလပ်ခဲ့ပါသည်။ ပထမအယူခံ မန္တလေးတိုင်းတရားရုံး၏ အမိန့်ကို အတည်ပြုလိုက်ပါသည်။

အထက်ပါအမှုတွင် မူလမန္တလေးမြို့နယ်တရား ရုံး၏အဆုံးအဖြတ်သည် မှန်ကန်မှုမရှိဘဲ ပထမ အယူခံ မန္တလေးတိုင်းတရားရုံး၏ အဆုံးအဖြတ်သည် မှန်ကြောင်း ဗဟိုတရားရုံးက အတည်ပြုပေးခဲ့ရာ အမှုစစ်ဆေးရာတွင် သက်သေကိုလည်းကောင်း၊ သက်သေခံတင်သွင်းလာသော အထောက်အထား များကိုလည်းကောင်း ကိုယ်တွေ့မျက်မြင် စစ်ဆေး ကြည့်ရှုနိုင်သည့် မူလရုံးတို့မှ သတိပြုဆင်ခြင်ဖွယ်ရာ ဖြစ်ပါကြောင်း **စီတီဝမ်း(ခ) ဦးခင်မောင်ဝင်းနှင့် ကိုညွှန့်ပါ ၂ ၁၉၇၄ ခုနှစ်၊ တရားမဒုတိယအယူခံမှု အမှတ်-၄** ကို ရည်ညွှန်းကိုးကား ရေးသားတင်ပြ လိုက်ရပါသည်။

တစ်ဆက်တည်းမှာပင် ထပ်မံ၍ ပြည်သူလူထု ကြား သိသင့်သိထိုက်သော စီရင်ထုံးတစ်ခုကို အကြောင်းပြု၍ ရေးသားတင်ပြပါဦးမည်။ ရုံးပြောင်း ကိစ္စဖြစ်ပါသည်။ အမှုတစ်ခုကို တရားခွင်တွင် စစ်ဆေးနေစဉ်အတွင်း တရားလို၊ တရားခံ၊ တရားပြိုင် စသည့် တစ်ဦးဦးက လက်ရှိစစ်ဆေးနေသောရုံးမှ အကြောင်းအမျိုးမျိုးကြောင့် အခြားစီရင်ပိုင်ခွင့်ရှိ သော တရားရုံးတစ်ရုံးသို့ အမှုကို ပြောင်းရွှေ့စစ်ဆေး ခွင့်ပြုရန် လျှောက်ထားခဲ့ကြသည်များ ရှိခဲ့ဖူးပါ သည်။ အကြောင်းများစွာရှိသည့်အနက် ရုံးပြောင်း စစ်ဆေးခွင့် လျှောက်ထားရာတွင် တရားရုံးက ဆင်ခြင်သုံးသပ်ဆုံးဖြတ်ခဲ့သော အမှုတစ်ခု အကြောင်းကို တင်ပြပါမည်။

မောင်အောင်ခင်ထွေးသည် စစ်ကိုင်းမြို့၊ အမှတ်(၁) အစိုးရအထက်တန်းကျောင်းတွင် ၅ တန်း၌ ပညာသင်ကြားနေသော အရွယ်မရောက် သေးသူ ကျောင်းသားတစ်ဦးဖြစ်သည်။ ဦးစံဟိန်း သည် အထက်တန်းကျောင်းမှ မြန်မာစာသင်ကြား သော ဆရာတစ်ဦးဖြစ်သည်။ မောင်အောင်ခင်ထွေး သည် ၁၉၇၁ ခုနှစ်၊ စက်တင်ဘာ ၂၈ ရက်တွင် စာသင်ခန်းအတွင်း ဦးစံဟိန်း စာသင်နေခိုက် ငွေတစ်ကျပ်တန် စက္ကူတစ်ရွက်ကို ကောက်ရသဖြင့် ဦးစံဟိန်းသို့ ပိုင်ရှင်ပေါ်က ပြန်ပေးရန် အပ်လိုက် ပါသည်။

ဦးစံဟိန်းက ကျောင်းသူ၊ ကျောင်းသားများကို ငွေတစ်ကျပ်ကျပျောက်သူ ရှိ၊ မရှိမေးရာ ပိုင်ရှင် မပေါ်ခဲ့ပါ။ ထို့ကြောင့် ကောက်ရသည့်ငွေတစ်ကျပ်နှင့် ဦးစံဟိန်းထံမှ ငွေတစ်ကျပ်ထည့်ပြီး ထီစပ်တူထိုးရန် ဦးစံဟိန်းက ပြောပါသည်။ မောင်အောင်ခင်ထွေး က သဘောတူသဖြင့် ၁၆၁ ကြိမ်မြောက် အောင်ဘာလေ သိန်းဆု ထီဖွင့်ပွဲအတွက် လက်မှတ် င ၁၇၁၁၅၉ ကို ဦးစံဟိန်းကဝယ်ခဲ့ပါသည်။ ထီဖွင့်သည့်အခါ ၎င်းလက်မှတ်သည် ငွေကျပ်တစ်သိန်းဆုပေါက် ခဲ့ပါသည်။

မောင်အောင်ခင်ထွေးက တစ်ဝက်ရလိုကြောင်း ပြောသည့်အခါ စပ်တူထိုးခြင်း မဟုတ်ဟု ဦးစံဟိန်း ကငြင်းသဖြင့် ယခင်ရန်ကုန်မြို့ တရားရုံးချုပ် မူလ ဘက်ဌာနခွဲ ၂ တွင် ဆင်းရဲနွမ်းပါးသူအဖြစ် ခံယူပြီး မောင်အောင်ခင်ထွေးက တရားစွဲဆိုခဲ့ပါသည်။ အယူခံတရားပြိုင် ဦးစံဟိန်းက မောင်အောင်ခင်ထွေး ၏ စွပ်စွဲချက်အားလုံးကို ငြင်းဆိုခဲ့ပါသည်။

ထို့နောက် မောင်အောင်ခင်ထွေးက ၎င်းစွဲဆို သောအမှုကို ရန်ကုန်တိုင်းတရားရုံးမှ စစ်ကိုင်းတိုင်း တရားရုံးသို့ ရွှေ့ပြောင်း၍ စစ်ဆေးရန်လျှောက်ထား ခြင်းကို ဦးစံဟိန်းက ကန့်ကွက်ပါသည်။

**ဗဟိုတရားရုံး၏ စိစစ်သုံးသပ်ဆုံးဖြတ်ချက်**

တရားမမှုတစ်ခုကို ရုံးပြောင်း၍ စစ်ဆေးပေးရန် လျှောက်ထားသည့်အခါ ဤကဲ့သို့ ရုံးပြောင်းစစ်ဆေး ခြင်းကြောင့် နှစ်ဖက်အမှုသည်များအတွက် ပို၍ အဆင်ပြေမှုရှိ၊ မရှိကို ထည့်သွင်းစဉ်းစားရပေမည်။ ယခုအမှုတွင် မောင်အောင်ခင်ထွေးနှင့် ဦးစံဟိန်း တို့မှာ စစ်ကိုင်းမြို့တွင် နေထိုင်ကြသူများဖြစ်ကြ သည်။ အငြင်းပွားမှုမှာ စစ်ကိုင်းမြို့တွင် ဖြစ်သည့် အတွက် နှစ်ဖက်အမှုသည်များက တင်ပြမည့် သက်သေများမှာလည်း စစ်ကိုင်းမြို့တွင် နေထိုင်ကြ သူများဖြစ်ကြသည်။ ထို့ကြောင့် ဤအမှုကို စစ်ကိုင်း တိုင်းတရားရုံးတွင် စစ်ဆေးလျှင် နှစ်ဖက်အမှုသည် များအတွက် စရိတ်စကသက်သာပြီး အချိန်လည်း အကုန်နည်းမည်ဖြစ်သဖြင့် နှစ်ဖက်စလုံးအတွက် ပိုမိုအဆင်ပြေလျော်ကန်သင့်မြတ်မည်ဟု ကျွန်ုပ်တို့ ယူဆကြောင်းသုံးသပ်၍ ရုံးပြောင်းလျှောက်လွှာကို ဗဟိုတရားရုံးကခွင့်ပြုပြီး အမှုကို ရန်ကုန်တိုင်း တရားရုံးမှ စစ်ကိုင်းတိုင်းတရားရုံးသို့ ရွှေ့ပြောင်း ပေးလိုက်ပါသည်။

၎င်းအမှု၏ အပြီးသတ်အဆုံးအဖြတ်ကိုမူ မသိရှိရပါ။ တင်ပြလိုရင်းမှာ ကျိုးကြောင်း ဆီလျော် သင့်မြတ်မှုရှိလျှင် လက်ရှိစစ်ဆေးနေသောရုံးမှ ရုံးပြောင်းရွှေ့ခြင်းကို ခွင့်ပြုပါကြောင်း မောင်အောင် ခင်ထွေးနှင့်ဦးစံဟိန်း ၁၉၇၅ ခုနှစ်၊ တရားမအသေး အဖွဲ့ လျှောက်ထားမှုအမှတ် ၁ စီရင်ထုံးကို ရည်ညွှန်း ကိုးကားရေးသားတင်ပြလိုက်ရပါသည်။

## ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်မည့်သူများအနေဖြင့် မလိုလားအပ်သော ဆုံးရှုံးမှုများမဖြစ်ပေါ်စေရေး သတ်မှတ်ချက်များနှင့်အညီဆောင်ရွက်ရန် တိုက်တွန်းနှိုးဆော်ခြင်း

၁။ ပြည်ပတွင် သွားရောက်လုပ်ကိုင်မည့်သူများအနေဖြင့် ဥပဒေနှင့်အညီမှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ် (Passport for Job-PJ) လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ်(OWIC) လျှောက်ထားရယူခြင်းတို့မရှိဘဲ ပြည်ပအလည်အပတ်နိုင်ငံကူးလက်မှတ်(Passport for Visit-PV)ကိုသာ လျှောက်ထားရယူထားပြီး ပြည်ပအလုပ်အကိုင်ဗီဇာများရယူကာ လေကြောင်းခရီးဖြင့် ပြည်ပထွက်ခွာရန်ဆောင်ရွက်လျက်ရှိကြသဖြင့် သက်ဆိုင်ရာက လေဆိပ်တွင်စိစစ်သည့်အခါ သတ်မှတ်ချက်များနှင့်မကိုက်ညီသည့်အတွက် ပြည်ပသို့ထွက်ခွာခွင့်မရခြင်းများကြောင့် လေယာဉ်လက်မှတ်ခအပါအဝင် အခြားသောကုန်ကျစရိတ်များ ဆုံးရှုံးရသည့်ဖြစ်စဉ်များ ဖြစ်ပေါ်လျက်ရှိပါသည်။

၂။ သို့ပါ၍ ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်လိုသူများအနေဖြင့် မလိုလားအပ်သည့် ဆုံးရှုံးနစ်နာမှုများမဖြစ်ပေါ်စေရေးအတွက် ဥပဒေနှင့်အညီမှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ်(Passport for Job-PJ)လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ်(OWIC)လျှောက်ထားရယူခြင်းတို့အား ဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။ **အလုပ်သမားဝန်ကြီးဌာန**

# အရာတော်မြို့နယ်တွင် ကုလားပဲကေအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး တစ်ကေလျှင် ၁၆ ဒသမ ၇၈ တင်း ထွက်ရှိ



**မုံရွာ မတ် ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် အရာတော်မြို့နယ်တွင် ကုလားပဲကေအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ကေလျှင် ၁၆ ဒသမ ၇၈ တင်း ထွက်ရှိကြောင်း မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

အရာတော်မြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ကုလားပဲ ၅၀၀၂ ကေ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသော ကုလားပဲစိုက်ခင်းများကို ယခုနှစ် ဇန်နဝါရီလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့ထိ ကေအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ကေလျှင် ၁၆ ဒသမ ၇၈ တင်းထွက်ရှိခဲ့ကြောင်း သိရသည်။

"အရာတော်မြို့နယ်မှာ ကုလားပဲ ၅၀၀၂ ကေ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ ကုလားပဲခင်းတွေ အခုလက်ရှိ ကေအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ကုလားပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်။ ကုလားပဲအထွက်နှုန်းနဲ့ အရည်အသွေး ကောင်းမွန်ဖို့အတွက် လိုအပ်တဲ့ မျိုးကောင်းမျိုးသန့်တွေ၊ သွင်းအားစုတွေ၊ ရိတ်သိမ်းချိန်လွန် နည်းပညာပေးတာတွေကို တောင်သူတွေနဲ့ ပူးပေါင်းဆောင်ရွက်ခဲ့ပါတယ်"ဟု မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပြောပြသည်။

ကုလားပဲကို အထွက်နှုန်း တိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ပြည်တွင်းစားသုံးမှု ဖူလုံစေရုံမျှမက ပိုလျှံမှုကိုပါ ရောင်းချနိုင်မည်ဖြစ်သောကြောင့် ကုလားပဲကို ဒေသမရွေး ပိုမိုတိုးချဲ့ စိုက်ပျိုးသင့်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပြောပြသည်။ (၂၀၆)

# မိုင်းဖြတ်မြို့နယ် နမ့်လန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မိုင်းဖြတ် မတ် ၁၈**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင် မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားလာပြီး ဆင်းရဲမှုလျော့ကျစေရန် ရည်ရွယ်၍ နမ့်လန်းကျေးရွာတွင် ဆဋ္ဌမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို မတ် ၁၇ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မေလွင်က မြစိမ်းရောင်ကျေးရွာစီမံကိန်းလက်စွဲစာစောင်ပါ လမ်းညွှန်ချက်များ၊ စီမံကိန်းဆောင်ရွက်ရခြင်းကြောင့် ရရှိလာမည့်အကျိုးကျေးဇူးများ၊ ငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များ၊ ကျေးရွာနေပြည်သူများ ထားရှိရမည့် ကျေးရွာစိတ်ဓာတ်နှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ဥပဒေ၊ နည်းဥပဒေများအကြောင်းကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မေလွင်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေများ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက နမ့်လန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ဆဋ္ဌမအကြိမ်အဖြစ် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ သုံးဦးကို ငွေကျပ် သိန်း ၆၀၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၀ ဦးကို ငွေကျပ် သိန်း ၂၂၀၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ သုံးဦးကို ငွေကျပ် သိန်း ၉၀ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၆ ဦးကို ရန်ပုံငွေကျပ် သိန်း ၃၇၀ ထုတ်ချေးပေးခဲ့ကြောင်း မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

**ဇင်မာ**

# ဟင်္သာတမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဖေဖော်ဝါရီလအတွင်း မိကျောင်းကွမ်းဖတ် ပိဿာချိန်အများအပြား တင်ပို့ရောင်းချနိုင်ခဲ့

**ဟင်္သာတ မတ် ၁၈**

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဖေဖော်ဝါရီလအတွင်း မိကျောင်းကွမ်းဖတ် ပိဿာချိန်အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဟင်္သာတမြို့နယ် လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်အေးသိန်းက ပြောပြသည်။

ဟင်္သာတမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇန်နဝါရီလအတွင်းက မိကျောင်းကွမ်းဖတ် ပိဿာချိန် ၅၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဖေဖော်ဝါရီ ၁ ရက်မှ ၂၈ ရက်ထိ မိကျောင်းကွမ်းဖတ်ပိဿာချိန် ၇၃၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"မိကျောင်းကွမ်းဖတ်တွေကို ဟင်္သာတမြို့နယ်ကနေ ရန်ကုန်ဈေးကွက်ထဲကို တင်ပို့ရောင်းချနေပါတယ်။ ဖေဖော်ဝါရီလအတွင်း မိကျောင်းကွမ်းဖတ် ပိဿာချိန် ၇၃၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ရန်ကုန်ဈေးကွက်ကနေ တစ်ဆင့် အခြားဈေးကွက်တွေကို တင်ပို့ရောင်းချနေပါတယ်။ မိကျောင်းကွမ်းဖတ် လုပ်ငန်းက ဆောင်းနဲ့နွေကာလမှာ အရောင်းအဝယ် အကောင်းဆုံးအချိန်ဖြစ်ပါတယ်"ဟု ဟင်္သာတမြို့နယ် လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်အေးသိန်းက ပြောပြသည်။



ဟင်္သာတမြို့နယ်တွင် မိကျောင်းကွမ်းဖတ်များကို ပင်လယ်ကမ်းစပ်နှင့် နီးစပ်သည့် ကျေးရွာများတွင် အများဆုံးစိုက်ပျိုးကြပြီး မိကျောင်းကွမ်းဖတ်များသည် စိုက်ပျိုးပြီးချိန်မှစတင်ကာ လိုအပ်သော ပိုးသတ်ဆေး၊ မှိုသတ်ဆေးများဖျန်းပေးရပြီး လိုအပ်ပါက ရေတင်ပေးရကြောင်း၊ ထိုသို့ မိကျောင်းကွမ်းဖတ် တစ်ကေလျှင် ပျမ်းမျှ အထွက်နှုန်း ၁၇ တင်းမှ ၂၄ တင်းထိ ထွက်ရှိကြောင်း၊ အဆိုပါ မိကျောင်းကွမ်းဖတ် တစ်ပိဿာလျှင် ငွေကျပ် ၁၄၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# ဘားအံမြို့နယ်၌ ရသဝေါအင်းကန်ပတ်လမ်း ဂဝံမြေခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**ဘားအံ မတ် ၁၈**

ကရင်ပြည်နယ် ဘားအံခရိုင် ဘားအံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ပြည်နယ်အစိုးရ ခွင့်ပြုရန်ပုံငွေဖြင့် ရသဝေါအင်းကန်ပတ်လမ်း ဂဝံမြေခင်းခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို မတ် ၁၇ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဘားအံခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ (နည်းပညာ) ဒေါ်နန်းအဲဖောင်အွာ၊ ဘားအံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန တာဝန်ရှိသူများက ကျေးရွာလမ်း ဖြစ်မြောက်ရေး ကော်မတီဝင်များနှင့်အတူ ရသဝေါအင်းကန်ပတ်လမ်းဂဝံမြေခင်းခြင်းလုပ်ငန်းပြီးစီးမှု အခြေအနေများကိုကြည့်ရှုစစ်ဆေးပြီး ဦးစီးအရာရှိ (နည်းပညာ) ဒေါ်နန်းအဲဖောင်အွာက လုပ်ငန်းများကို ရေရှည်တည်တံ့ ခိုင်မြဲအောင်၊ ပျက်စီးမှုမရှိအောင် ထိန်းသိမ်းစောင့်ရှောက်ရေး လုပ်ငန်းများ ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားခဲ့သည်။

ဘားအံမြို့နယ်၌ ရသဝေါအင်းကန်ပတ်လမ်း အရှည် ၄ ဒသမ ၇ ဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့် လေးပေရှိ ဂဝံမြေခင်းခြင်းလုပ်ငန်းကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ပြည်နယ်အစိုးရ ခွင့်ပြုရန်ပုံငွေကျပ် ၉၀ ဒသမ ၁ သန်းဖြင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ အင်ဂျင်နီယာစုဖွဲ့၍ ၂၀၂၄ ခုနှစ် မေလပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း ဘားအံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ (နည်းပညာ) ဒေါ်နန်းအဲဖောင်အွာထံမှ သိရသည်။

**ဆက်လူ**

# ဒေးဒရဲမြို့နယ် ဘုရားကလေးကျေးရွာ၌ ကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်း စစ်ဆေး

**ဒေးဒရဲ မတ် ၁၈**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဒေးဒရဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဘုရားကလေးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်း အတိုးရငွေဖြင့် ကျေးရွာတွင်းကွန်ကရစ်ဘီးလမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို မတ် ၁၇ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှု စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဒေးဒရဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သီသီအောင်၊ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက ဘုရားကလေးကျေးရွာ၌ ကျေးရွာတွင်းကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကွန်ကရစ်ဘီးလမ်းကို ရေရှည်တည်တံ့အောင် ထိန်းသိမ်းစောင့်ရှောက်ကြရန်နှင့် အကျိုးရှိစွာ အသုံးပြုကြရန် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့များ၊ ကျေးရွာသူ၊ ကျေးရွာသားများနှင့် တွေ့ဆုံဆွေးနွေးမှာကြားခဲ့သည်။

ဘုရားကလေးကျေးရွာ၌ လမ်းတစ်ဖက်လျှင် အရှည်ပေ ၇၅၀၊ အကျယ် သုံးပေ၊ အမြင့် ရှစ်လက်မစီရှိ ကျေးရွာတွင်း ကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေကျပ် ၁၃ သန်းအသုံးပြု၍ ဒေးဒရဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် ဇန်နဝါရီလ ဒုတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ထို့ကြောင့် ဘုရားကလေးကျေးရွာရှိ အိမ်ခြေ ၁၄၈ အိမ်၊ လူဦးရေ ၉၄၆ ဦး၏ သွားလာရေး လွယ်ကူ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**မင်းမြင့်မိုရ်**

ဗလငါးတန် ဖွံ့ဖြိုးဖို့
စာအုပ်စာပေ ဖတ်ကြစို့

# ဩစတြေးလျနိုင်ငံ ဆစ်ဒနီမြို့၏ မတ်လအတွင်း ညအပူချိန်သည် နှစ်ပေါင်း ၁၄၉ နှစ်အတွင်း စံချိန်တင်အပူချိန်အဖြစ် မှတ်တမ်းဝင်ခဲ့



**ကင်ဘာရာ မတ် ၁၈**

ဩစတြေးလျနိုင်ငံ ဆစ်ဒနီမြို့၏ ညအပူချိန်သည် နှစ်ပေါင်း ၁၄၉ နှစ်အတွင်း အမြင့်ဆုံးအပူချိန်ပမာဏသို့ရောက်ရှိခဲ့ပြီး အပူချိန်မြင့်တက်မှုများဖြင့် ဆက်လက်ရင်ဆိုင်သွားရဖွယ် ရှိနေကြောင်း Bureau of Meteorology (BOM) က ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

ဩစတြေးလျနိုင်ငံ ဆစ်ဒနီမြို့၏ မတ်လအတွင်း အမြင့်ဆုံး ညအပူချိန်ပမာဏမှာ ၂၅ ဒသမ ၉ ဒီဂရီစင်တီဂရိတ်ထိ မြင့်တက်ခဲ့ပြီး ဆစ်ဒနီမြို့၏ မတ်လအတွင်း ညအပူချိန် အမြင့်ဆုံးအဖြစ် ၁၈၇၆ ခုနှစ်ကဖြစ်ပေါ်ခဲ့ပြီး အပူချိန်ပမာဏမှာ ၂၅ ဒသမ ၄ ဒီဂရီစင်တီဂရိတ် ရှိခဲ့ကြောင်း၊ ဆစ်ဒနီမြို့အပြင် ပန်ရစ်မြို့တွင် ညအပူချိန်ပမာဏမှာ ၂၅ ဒသမ ၁ ဒီဂရီစင်တီဂရိတ်၊ ရစ်ချ်မွန့်တောင်တွင် ၂၆ ဒသမ ၆ ဒီဂရီစင်တီဂရိတ်၊ တာရေးတောင်တွင် ၂၇ ဒသမ ၁ ဒီဂရီစင်တီဂရိတ်တို့ဖြစ်ကြောင်း၊ ဆစ်ဒနီမြို့၌ မတ်လတွင်ဖြစ်ပေါ်နေသောညအပူချိန်ပမာဏသည် နှစ်ပေါင်း ၁၄၉ နှစ်အတွင်း အမြင့်ဆုံး ညအပူချိန်ဖြစ်ကြောင်း Bureau of Meteorology (BOM)က ထုတ်ပြန်ခဲ့သည်။

"နယူးဆောက်ဝေးပြည်နယ်မှာ နေ့ဘက်အပူချိန်သာမက ညဘက်အပူချိန်ပမာဏဟာ စံချိန်တင်မြင့်တက်နေပါတယ်။ ဆစ်ဒနီမြို့မှာတော့ မတ်လအတွင်းဖြစ်ပေါ်ခဲ့တဲ့ ညအပူချိန်ပမာဏဟာ နှစ်ပေါင်း ၁၄၉ နှစ်အတွင်း အပူချိန်အမြင့်ဆုံး မတ်လအဖြစ် မှတ်တမ်းဝင်ခဲ့ပါတယ်။ မတ်လအတွင်း ညအပူချိန် အမြင့်ဆုံးအဖြစ် ၁၈၇၆ ခုနှစ်က ဖြစ်ပေါ်ခဲ့ပြီးတော့ အပူချိန်ပမာဏဟာ ၂၅ ဒသမ ၄ ဒီဂရီစင်တီဂရိတ်ဖြစ်ပါတယ်။ လက်ရှိမှာတော့ အမြင့်ဆုံးအပူချိန်ပမာဏအဖြစ် ၂၅ ဒသမ ၉ ဒီဂရီစင်တီဂရိတ်ထိ မြင့်တက်ခဲ့ပါတယ်။ အခြားမြို့တွေမှာလဲ ညအပူချိန်တွေ မြင့်တက်ခဲ့တယ်။ အပူချိန်တွေဟာ မတ်လအတွင်း ဆက်လက်မြင့်တက်ဖွယ်ရှိနေပါတယ်" ဟု BOM မှ ပြောရေးဆိုခွင့်ရှိသူ ဂျိုနသန်က ပြောကြားခဲ့သည်။

Ref : Sputnik News
Trs : Sai Sat

# မော်လိုက်မြို့နယ် ကျေးရွာနှစ်ရွာ၌ မီးခိုးမြူငွေ့နှင့် လေထုညစ်ညမ်းမှုတားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကျင်းပ

**မော်လိုက် မတ် ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်ခရိုင် မော်လိုက်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် သမဝါယမဦးစီးဌာနတို့ပူးပေါင်း၍ တိန်သာကျေးရွာနှင့် ကင်းတပ်ကျေးရွာတို့၌ မီးခိုးမြူငွေ့နှင့် လေထုညစ်ညမ်းမှုတားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေး ဟောပြောပွဲကို မတ် ၁၇ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မော်လိုက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးပပထွန်းက ကျေးရွာနေပြည်သူများ သန့်ရှင်းသောသဘာဝပတ်ဝန်းကျင်နှင့် ကောင်းမွန်သောလူနေမှုစနစ်များရရှိစေရန် ကျေးရွာများ၌ ကျေးရွာစွန့်ပစ်အမှိုက်ကန်များ ဆောင်ရွက်ထားပြီး အမှိုက်များစနစ်တကျစွန့်ပစ်ရေး၊ ကျေးရွာပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်းများ စုပေါင်းဆောင်ရွက်ရေး၊ သစ်တောသစ်ပင်များကာကွယ်ထိန်းသိမ်းရေး စသည့် အကြောင်းအရာများကို ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ သမဝါယမဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်တင်တင်မိုးက သဘာဝပတ်ဝန်းကျင်ကာကွယ်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှု ဂေဟစနစ်များကောင်းမွန်စေရေးအတွက် ပြည်သူများ ပူးပေါင်းပါဝင်ဆောင်ရွက်ရမည့် မီးခိုးမြူငွေ့နှင့်လေထုညစ်ညမ်းမှု တားဆီးကာကွယ်ရေး သိကောင်းစရာများကို ဆွေးနွေးဟောပြောသည်။

ထို့နောက် အသိပညာပေးဟောပြောပွဲသို့ တက်ရောက်လာသည့် ကျေးရွာရပ်မိရပ်ဖများနှင့် ကျေးရွာသူ၊ ကျေးရွာသားများက မီးခိုးမြူငွေ့နှင့် လေထုညစ်ညမ်းမှု တားဆီးကာကွယ်ရေးဆိုင်ရာ ဆွေးနွေးဟောပြောသည့် အကြောင်းအရာများနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို မေးမြန်းဆွေးနွေးရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားပေးပြီး အသိပညာပေး လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

အောင်ရဲကျော်

# အမေရိကန်နိုင်ငံ အိုအာဟူကျွန်းတွင် မိုးသည်းထန်စွာရွာသွန်းနေသည့်အတွက် ရေဘေးအန္တရာယ်သတိပေးချက် ထုတ်ပြန်



**ဝါရှင်တန် မတ် ၁၈**

အမေရိကန်နိုင်ငံ ဟာဝိုင်ရီပြည်နယ် အိုအာဟူကျွန်းတွင် မတ် ၁၆ ရက်မှစတင်၍ မိုးသည်းထန်စွာရွာသွန်းခဲ့ပြီး မတ် ၁၇ ရက်တွင် အိုဟာဟူကျွန်းရှိ ရေဧရိယာများတွင် ရေပမာဏမြင့်တက်လာခြင်းကြောင့် လာမည့်ရက်ပိုင်းအတွင်း အန္တရာယ်ရှိသည့် ရေကြီးရေလျှံမှု ဖြစ်ပေါ်လာနိုင်ကြောင်း ဟာဝိုင်ရီပြည်နယ် အာဏာပိုင်အဖွဲ့အစည်းက သတိပေးချက် ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

မိုးရေချိန်သည် တစ်နာရီလျှင် တစ်လက်မမှ နှစ်လက်မထိ မြင့်တက်နေသည့်အတွက် အချိန်တိုအတွင်း အန္တရာယ်ရှိသည့် ရေကြီးရေလျှံမှု ဖြစ်ပေါ်လာနိုင်သည့် အခြေအနေဖြစ်နေပြီး ကုန်းနိမ့်ပိုင်းရှိ လမ်းမကြီးတချို့မှာ ရေမြုပ်နေပြီဖြစ်ကာ ၎င်းလမ်းမကြီးများ အသုံးပြုခြင်းကို တားမြစ်ထားကြောင်း၊ ရေမြုပ်နေသည့် ဟာမီဟာမီဟာ အဝေးပြေးလမ်းမကြီးကို ယာယီပိတ်ထားကြောင်း၊ မတ် ၁၇ ရက်တွင် ဟာမီဟာမီဟာ အဝေးပြေးလမ်းမကြီး၏ ရေမြုပ်နေသောလမ်းပိုင်းကို ဖြတ်သန်းမောင်းနှင်ခဲ့သော ကုန်တင်ကားသုံးစီး ပိတ်မိနေခဲ့ပြီး ဟာဝိုင်ရီ ကယ်ဆယ်ရေး ဝန်ထမ်းများက သွားရောက်ကူညီပေးခဲ့ရကြောင်း ဟာဝိုင်ရီပြည်နယ် အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

"အိုအာဟူကျွန်းမှာ မိုးသည်းထန်စွာ ရွာသွန်းနေတာကြောင့် အန္တရာယ်ရှိတဲ့ ရေကြီးရေလျှံမှုတွေ ဖြစ်ပေါ်လာနိုင်ပါတယ်။ နေရာတချို့မှာတော့ ရေကြီးရေလျှံမှုတွေကြောင့် လမ်းမကြီးတချို့ကိုယာယီပိတ်ထားပါတယ်။ အန္တရာယ်ရှိတဲ့၊ ရေဘေးအန္တရာယ်နဲ့ ရင်ဆိုင်ရဖွယ်ရှိနေတဲ့ နေရာပေါင်း ၂၀ လောက်ထိ ရှိနေပါတယ်"ဟု ဟာဝိုင်ရီပြည်နယ် အာဏာပိုင်အဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူ တစ်ဦးက ပြောကြားခဲ့သည်။

Ref : Russia Today
Trs : Sai Sat

# အိန္ဒိယနိုင်ငံ တယ်လန်ဂါနာပြည်နယ်တွင် လာမည့်ရက်ပိုင်းအတွင်း အပူလှိုင်းဖြတ်သန်းဖွယ်ရှိနေ

**နယူးဒေလီ မတ် ၁၈**

အိန္ဒိယနိုင်ငံ တယ်လန်ဂါနာပြည်နယ်တွင် လာမည့်ရက်ပိုင်းအတွင်း အပူလှိုင်းဖြတ်သန်းဖွယ်ရှိနေပြီး အပူချိန်ပမာဏသည် ကျန်းမာရေးလုံခြုံမှုကို ထိခိုက်နိုင်သည့် အပူချိန်ပမာဏသို့ မြင့်တက်သွားနိုင်ကြောင်း အိန္ဒိယမိုးလေဝသညွှန်ကြားရေးဦးစီးဌာန(IMD) က ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

အပူလှိုင်းဖြတ်သန်းမှုကြောင့် ခရိုင်ပေါင်း ၃၃ ခရိုင်ရှိသည့်အနက် ခရိုင်ပေါင်း ၃၀ ခန့်ထိ အပူချိန်မြင့်တက်မှုဖြင့် ရင်ဆိုင်သွားရဖွယ်ရှိနေကြောင်း၊ အပူလှိုင်းဖြတ်သန်းချိန်တွင် အပူချိန်ပမာဏသည် ၄၀ ဒီဂရီစင်တီဂရိတ်ကို ကျော်လွန်သွားဖွယ်ရှိနေပြီး အမြင့်ဆုံးအပူချိန်ပမာဏအဖြစ် ၄၄ ဒီဂရီစင်တီဂရိတ်ထိ ရောက်ရှိသွားနိုင်ကြောင်း၊ ပုံမှန်ဖြစ်ပေါ်လေ့ရှိသည့် အပူချိန်ပမာဏထက် ၅ ဒီဂရီစင်တီဂရိတ်ထိ မြင့်တက်ဖွယ်ရှိနေသည့်အတွက် ပုံမှန်မဟုတ်သည့် ရာသီဥတုဖြင့် ရင်ဆိုင်ရဖွယ်ရှိနေကြောင်း အိန္ဒိယမိုးလေဝသ ညွှန်ကြားရေးဦးစီးဌာန (IMD) က ထုတ်ပြန်ခဲ့သည်။

"လာမဲ့ ရက်ပိုင်းအတွင်း တယ်လန်ဂါနာပြည်နယ်မှာ အပူလှိုင်းဖြတ်သန်းဖွယ်ရှိနေပါတယ်။ ပုံမှန်ဖြစ်ပေါ်လေ့ရှိတဲ့ အပူချိန်ပမာဏထက် ၅ ဒီဂရီစင်တီဂရိတ်ထိ မြင့်တက်ဖွယ်ရှိနေပါတယ်။ အပူချိန်မြင့်တက်မှုကြောင့် ကျန်းမာရေးလုံခြုံမှုကို ဆိုးရွားစွာထိခိုက်စေနိုင်ပါတယ်။ တယ်လန်ဂါနာပြည်နယ်မှာ ခရိုင်ပေါင်း ၃၃ ခရိုင်ရှိတဲ့အနက် ခရိုင်ပေါင်း ၃၀ လောက်ထိ အပူချိန်မြင့်တက်မှုနဲ့ ရင်ဆိုင်သွားရနိုင်တယ်"ဟု အိန္ဒိယမိုးလေဝသ ညွှန်ကြားရေးဦးစီးဌာန (IMD)မှ ပြောရေးဆိုခွင့်ရှိသူ တစ်ဦးက ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Sputnik News
Trs : Sai Sat

# ရေဘေးအန္တရာယ်ဖြင့် ရင်ဆိုင်ရလေ့ရှိသောနေရာများရှိ ဒေသခံများအတွက် ရေရှည်အကျိုးရှိမည့်စီမံကိန်းများ ဆောင်ရွက်သွားရန် မလေးရှားဝန်ကြီးချုပ်ပြောကြား

**ကွာလာလမ်ပူ မတ် ၁၈**

မလေးရှားနိုင်ငံတွင် ရေဘေးအန္တရာယ်ဖြင့် မကြာခဏရင်ဆိုင်ရပြီး နေရပ်ကို စွန့်ခွာရလေ့ရှိသည့် နီဂျီရီဒေသနှင့် ဆမ်ဘီလန်ဒေသတို့တွင် ဒေသခံများအတွက် ရေရှည်အကျိုးရှိမည့်စီမံကိန်းများ ဆောင်ရွက်သွားရန် မလေးရှားဝန်ကြီးချုပ် အန်ဝါက မလေးရှား စီးပွားရေးဝန်ကြီးကို ပြောကြားခဲ့ကြောင်း ဝန်ကြီးချုပ်ရုံးက ထုတ်ပြန်ထားသည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

ဆောင်ရွက်သွားရမည့်စီမံကိန်းများတွင် ရေဘေးအန္တရာယ်လျှော့ချရေးစီမံကိန်းများလည်း ပါဝင်နေပြီး ရေဘေးအန္တရာယ်ကြောင့် စားဝတ်နေရေး ကျပ်တည်းနေသည့်ဒေသခံများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေမည့်စီမံကိန်းများ၊ ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍများကိုလည်း ဆောင်ရွက်ပေးသွားမည့် စီမံကိန်းများပါဝင်ကြောင်း၊ ရေဘေးအန္တရာယ်ဖြင့် ရင်ဆိုင်ရလေ့ရှိသည့် ဒေသခံများအတွက် ကျန်းမာရေးစောင့်ရှောက်မှုများ ပြုလုပ်ပေးနိုင်ရေးအတွက် ဆေးရုံအမြန်ဆုံး တည်ဆောက်သွားရေးကို ဦးစားပေးရန် မလေးရှားဝန်ကြီးချုပ် အန်ဝါက မလေးရှားအထူး ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အစည်းအဝေးတစ်ရပ်ပြုလုပ်ခဲ့စဉ် ပြောကြားခဲ့သည်။

"ရေဘေးအန္တရာယ်နဲ့ နှစ်စဉ်ရင်ဆိုင်ရပြီး နေရပ်ကို စွန့်ခွာခဲ့ရသလို ရေဘေးအန္တရာယ်ကြောင့် စီးပွားရေးကျပ်တည်းနေတဲ့ ပြည်သူတွေအတွက် အထောက်အပံ့ဖြစ်စေမဲ့စီမံကိန်းတွေကို ဆောင်ရွက်သွားဖို့ စီးပွားရေးဝန်ကြီးဌာနကို ညွှန်ကြားထားပါတယ်။ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေး၊ ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍနဲ့ ရေဘေးအန္တရာယ်လျှော့ချရေးဆိုင်ရာ စီမံကိန်းတွေကို ဆောင်ရွက်သွားဖို့၊ ပြင်ဆင်သွားဖို့လဲ ညွှန်ကြားထားပါတယ်"ဟု မလေးရှားဝန်ကြီးချုပ် အန်ဝါက ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Russia Today
Trs : Sai Sat

# အဆုတ်ကျန်းမာစေမည့် အမူအကျင့်ကောင်းများ

ပေါက်ပေါက်

အသက်ရှူအင်္ဂါအဖွဲ့အစည်းတွင် အဆုတ်နှင့် လေပြွန်များပါဝင်သည်။ အဆုတ်ကျန်းမာရေးအတွက် လေပြွန်များကောင်းမွန်ခြင်း၊ အဆုတ်အတွင်းရှိ လေအိတ်ငယ်များကောင်းမွန်ခြင်းနှင့် အဆိပ်အတောက်ကင်းစင်သော လေကောင်းလေသန့်ရရှိခြင်းတို့ လိုအပ်သည်။ လေထုညစ်ညမ်းခြင်းကြောင့် အသက်ရှူလမ်းကြောင်းပိုးဝင်ခြင်း၊ နှလုံးရောဂါ၊ နာတာရှည်အဆုတ်လေပြွန် ပိတ်ဆို့သောရောဂါ၊ အဆုတ်ကင်ဆာတို့ကို ဖြစ်စေနိုင်သည်။ ထို့ပြင် အသက်ရှူကျပ်ခြင်း၊ နှာချေခြင်း၊ ချောင်းဆိုးခြင်း၊ ပန်းနာရင်ကျပ်ဖြစ်ခြင်းနှင့် နှလုံးရောဂါအခံရှိတွေအတွက် နှလုံးရောဂါကို ပိုမိုဆိုးရွားစေသည်။

ထို့ကြောင့် အဆုတ်ကျန်းမာရေးချို့တဲ့၍ ကျန်းမာရေးထိခိုက်ခြင်း၊ အသက်သေဆုံးခြင်းများမှ ကင်းဝေးစေရန် လေကောင်းလေသန့်ရှူနိုင်အောင် ဂရုပြုနေထိုင်ခြင်း၊ လေထုညစ်ညမ်းမှုကင်းဝေးအောင် အစီအမံများပြုလုပ်ခြင်း၊ အခန်းတွင်း လေဝင်လေထွက် ကောင်းမွန်အောင်ဆောင်ရွက်ခြင်း၊ ဆေးလိပ်သောက်ခြင်းမှ ရှောင်ကြဉ်ခြင်း၊ တီဘီနှင့်ကူးစက်ရောဂါများ မကူးစက်ရအောင် သတိပြုနေထိုင်ခြင်း၊ အသက်ရှူလေ့ကျင့်ခန်းအပါအဝင် ကိုယ်လက်လှုပ်ရှားလေ့ကျင့်မှုများ ပြုလုပ်ခြင်း၊ လုပ်ငန်းခွင်များတွင် အမှုန်အမွှားများ၊ ဓာတ်ငွေ့များ စသည့်အဆုတ်ကို ထိခိုက်စေသည့် အခြေအနေများရှိပါက အကာအကွယ်သုံးခြင်း စသည်ဖြင့်အဆုတ်အတွက်သာမက ဘဝတစ်သက်တာလုံး သက်ရှည်ကျန်းမာအောင် ပြုမူနေထိုင်သင့်ပေသည်။

အောက်ဖော်ပြပါ ဘဝလူနေမှုပုံစံဖြင့် ကျန်းမာသော အဆုတ်ကိုထိန်းသိမ်းထားနိုင်ပါသည်။

**ဆေးလိပ်သောက်ခြင်းမှရှောင်ကြဉ်ပါ**

ရှေးရာစုနှစ်ပေါင်းများစွာတည်းကစ၍ ယနေ့ထက်တိုင် ဆေးလိပ်သောက်ခြင်းမှ ရှောင်ကြဉ်ရန် ကျန်းမာရေးအသိပေးလျက်ရှိသော်လည်း ဆေးလိပ်သောက်သူဦးရေမှာ တစ်နှစ်ထက်တစ်နှစ် များသည်ထက်များ၍နေသည်။ စီးကရက်မီးခိုးငွေ့ထဲတွင် ပါရှိနေသော ကာဗွန်အဆိပ်ဓာတ်ငွေ့သည် အဆုတ်တစ်ရှူးများကိုပျက်စီးစေပြီး အဆုတ်ကင်ဆာရောဂါဖြစ်ပွားမှုနှုန်းကို မြင့်တက်စေသည်။ ဆေးလိပ်သောက်သူရော၊ တစ်ဆင့်ခံမီးခိုးနံ့ ရှူရှိုက်မိသူများကိုပါ အဆိပ်ဖြစ်စေသည်။

**အဆုတ်သန့် လေ့ကျင့်ခန်းလုပ်ပါ**

ခပ်ဖွဖွအသက်ရှူခြင်းက အဆုတ်အားနည်းစေတတ်သည်။ ထို့ကြောင့် လေကောင်းလေသန့်ရသောနေရာမှာ တစ်နေ့လျှင်အနည်းဆုံးတစ်ကြိမ် သို့မဟုတ် နှစ်ကြိမ် ခပ်သွက်သွက်လမ်းလျှောက်ရင်း အသက်ပြင်းပြင်းရှူ၍ လေကိုတဝကြီးရှိုက်သွင်းပါ။ ထိုနည်းက အဆုတ်အားကောင်းစေပြီး ခန္ဓာကိုယ်အတွက် လိုအပ်သောအောက်ဆီဂျင်ကို အလုံအလောက်ဖြည့်တင်းပေးသည်။ ချွေးထွက်ခြင်းက ခန္ဓာကိုယ်ထဲမှ အဆိပ်ကျစေနိုင်၍ နေ့စဉ်ကိုယ်လက်လေ့ကျင့်ခန်းလုပ်ပြီး မိနစ် ၂၀ ခန့် ရေနွေးနွေးဖြင့် ချိုးပေးပါ။ တစ်နေ့လျှင် ၁၅ မိနစ်မှ နာရီဝက်ခန့် ယောဂကျင့်သည့် အသက်ရှူလေ့ကျင့်ခန်းလုပ်ပေးခြင်းဖြင့် အဆုတ်ထဲရှိ စီးကရက်မီးခိုးအဆိပ်ငွေ့များ ပြေပျောက်စေသလို၊ ဖြည်းဖြည်းမှန်မှန် ပြေးခြင်းကလည်း အသက်ရှူလမ်းကြောင်းကို ကောင်းမွန်စေသည့်အားကစားတစ်မျိုးဖြစ်သည်။ ခန္ဓာကိုယ်မှ အဆိပ်အတောက်များ လျှော့ချရန်အတွက် ချွေးများများထွက်ရန်လိုသည်။ ထို့ကြောင့် ခပ်မြန်မြန်လမ်းလျှောက်ခြင်း၊ ပြေးခြင်း၊ ခုန်ပေါက်ခြင်း စသည့် ကိုယ်ကာယလေ့ကျင့်ခန်း ခပ်ပြင်းပြင်းကို နေ့စဉ် မိနစ် ၂၀ ခန့် မရပ်မနားလုပ်ပေးသင့်သည်။ နေ့စဉ် ပူဖောင်းအနည်းငယ်ကို မှုတ်ပေးခြင်းက အဆုတ်၏ လေစုပ်ယူနိုင်မှုစွမ်းဆောင်ရည်ကို တိုးမြှင့်စေရုံမက အဆုတ်ကြွက်သားများကို ပိုမိုသန်မာစေသည်။



လေကိုအသုံးပြု၍ တီးမှုတ်ရသောပုလွေ၊ နဲ စသည့် တူရိယာများကို တီးမှုတ်ပေးခြင်းက အဆုတ်ကို ကျန်းမာစေသည်။ သီချင်းဆိုခြင်းကလည်း အဆုတ်သန့်စေသောလေ့ကျင့်ခန်းတစ်မျိုးဖြစ်သည်။

**အဆုတ်သန့်စေသော အစားအစာများစားပေးပါ**

တောင့်ကပ်ပျော့ဖူးက ချွဲသလိပ်ပျော်ကျစေပြီး အသက်ရှူလမ်းကြောင့်ပွင့်စေသည်။ ငရုတ်သီး၊ ငရုတ်ကောင်းတို့၏ အပူဓာတ်က သွေးလည်ပတ်စီးဆင်းမှုကိုအားကောင်းစေပြီး အသက်ရှူလမ်းကြောင်း အတွင်းရောဂါပိုးများ ဝင်ရောက်ခြင်းကို တိုက်ထုတ်ပေးသည်။ ထို့ပြင် လည်ချောင်းနာခြင်းနှင့် ချောင်းဆိုးခြင်းတို့ကိုလည်း သက်သာပျောက်ကင်းစေသည်။

ဂရိတ်ဖရုသီးက ကင်ဆာဖြစ်စေသောအင်ဇိုင်းကိုဟန့်တားပေးသည်။ ၎င်းအသီးက ဆေးလိပ်ဖြတ်ပြီးနောက်ပိုင်း အဆုတ်သန့်ရှင်းရေးအတွက် အထူးကောင်းမွန်သောအသီးဖြစ်သည်။ အကယ်၍ ဂရိတ်ဖရုသီးအရသာကို မကြိုက်ပါက နာနတ်သီးစားပါ။ ထိုအသီးများထဲတွင်ပါရှိသော သဘာဝဓာတ်တိုးဆန့်ကျင်ပစ္စည်းက အသက်ရှူလမ်းကြောင်းကို တိုးတက်ကောင်းမွန်စေ၍ ၎င်းသစ်သီးဖျော်ရည်များကို တစ်နေ့လျှင် ၃၀၀ မီလီလီတာခန့်သောက်ပါ။ နံနက်စာ စားပြီးနောက်ပိုင်းနှင့် နေ့လယ်စာမတိုင်မီကြားကာလတွင် မုန်လာဥနီဖျော်ရည် ၃၀၀ မီလီလီတာသောက်ပေးပါ။ မုန်လာဥနီက အဆုတ်သွေးကြောထဲရှိသွေးများကို အယ်လ်ကာလီဓာတ်ပြုစေပြီး အဆုတ်သန့်စင်စေသည်။ ရွှေဖရုံသီးသည်လည်း မုန်လာဥနီကဲ့သို့ပင် အဆုတ်ကျန်းမာရေးအတွက် အကျိုးအာနိသင်ပြည့်ဝသောအသီးတစ်မျိုးဖြစ်သည်။ ပိုတက်စီယမ်က အဆိပ်အတောက်များကိုပြေစေသောအစွမ်းရှိသဖြင့် ပိုတက်စီယမ်ဓာတ်ကြွယ်ဝသော တရုတ်နံနံပင် သို့မဟုတ် ဟင်းနုနယ် သို့မဟုတ် ၄က်ပျောသီးဖျော်ရည် ၄၀၀ မီလီလီတာခန့်ကို နေ့လယ် ထမင်းစားပြီးတိုင်း သောက်သုံးပေးပါ။ အဆုတ်သန့်စင်စေရုံမျှမက အစာကိုလည်း ကြေညက်စေသည်။ ညအိပ်ရာမဝင်ခင် အနီရောင် အချဉ်သီးဖျော်ရည်သောက်ပေးခြင်းဖြင့် အဆုတ်ထဲရှိ ဗက်တီးရီးယားပိုးမွှားများကို အစွမ်းထက်တိုက်ထုတ်ပေးနိုင်သည်။ ထားဝယ်မှိုင်းပင်က အဆုတ်ကို သန့်စင်ပေးရုံသာမက အဆုတ်အမြှေးပါးကိုလည်း ကောင်းကျိုးပြုသဖြင့် ပြုတ်၍ဖြစ်စေ၊ လက်ဖက်ရည်ကြမ်းခပ်၍ဖြစ်စေ သောက်သုံးပါ။ ဘလူးဘယ်ရီသီးများတွင်ပါရှိသော အစွမ်းထက်မြက်ဓာတ်တိုးဆန့်ကျင်ပစ္စည်းများက အဆုတ်ရောဂါဗက်တီးရီးယားပိုးများကို တိုက်ထုတ်နိုင်စွမ်းရှိသည့်အတွက် ညအိပ်ရာမဝင်ခင် ဘယ်ရီသီး သို့မဟုတ် အနက်ရောင် စပျစ်သီးဖျော်ရည် ၄၀၀ မီလီလီတာခန့် သောက်သုံးပါ။ ပန်းငရုတ်ပွသီး ခေါ် ငရုတ်ချိုများက အဆုတ်ကင်ဆာဖြစ်ပွားမှုနှုန်းကို လျော့ကျစေသည်။ လိမ္မော်သီးက အဆုတ်အတွက် အောက်ဆီဂျင်စုပ်ယူရာမှာ အကူအညီပေးသည်။ သို့သော် အလွန်ချိုသော လိမ္မော်သီးမျိုးကိုမဆိုလိုပါ။ အစိမ်းရောင်ပဲသီးအမျိုးမျိုး၊ ပဲစေ့နှင့် အခွံမာသီးများက အဆုတ်ကို ကောင်းမွန်စွာ အလုပ်လုပ်နိုင်စေရန်အတွက် လိုအပ်နေသော မဂ္ဂနီစီယမ်နှင့် သတ္တုဓာတ်များကို အားဖြည့်ပေးသည်။ ပန်းသီးကို နေ့စဉ်တစ်လုံး အမြဲစားသုံးပေးခြင်းဖြင့် ပိုမိုကျန်းမာသောအဆုတ်ကိုပိုင်ဆိုင်စေနိုင်သည်။ နနွင်းနှင့် ချင်းတွင် ရောင်ရမ်းမှုကိုလျော့ကျစေသော သတ္တိပါဝင်ပြီး အဆုတ်မှညစ်ညမ်းမှုများကို ဖယ်ထုတ်ပေးသည်။ သလဲသီးတွင် ဓာတ်တိုးဆန့်ကျင်ပစ္စည်းများစွာပါရှိနေ၍ အဆုတ်၌ အကျိတ်ဖြစ်ပွားမှုကို လျှော့ချပေးသည်။ အစိမ်းရောင်ဟင်းသီးဟင်းရွက်များဖြစ်ကြသော ဂေါ်ဖီထုပ်၊ ပန်းဂေါ်ဖီစိမ်း၊ ကိုက်လန်များမှာ သွေးဆဲလ်အသစ်များ တည်ဆောက်ပေးနိုင်သော ကလိုရိုဖီးလ်ဓာတ် အပြည့်အဝပါဝင်နေပြီး အဆုတ်အတွင်းရှိ သွေးများကို သန့်စင်စေသည်။ ၎င်းဟင်းရွက်များက အဆုတ်ကင်ဆာဖြစ်ပွားနိုင်မည့် အလားအလာကို ထက်ဝက်လျှော့ချပေးနိုင်သည်။ ကြက်သွန်ဖြူနှင့် ကြက်သွန်နီတို့က နှလုံးနှင့် အဆုတ်အတွက် အထူးကောင်းမွန်သည်။ သန့်ရှင်းသောသောက်ရေကိုများများသောက်ပါ။ သန့်ရှင်းစင်ကြယ်သောရေကအဆုတ်၏ ရေဓာတ်ကိုထိန်းသိမ်းပေးပြီး ချွဲ၊ သလိပ်၊ နှာရည် စသည့်စွန့်ပစ်ပစ္စည်းများကို အလွယ်တကူထွက်ရှိလာပြီး အဆုတ်ကိုသန့်စေသည်။ သကြားမုန်လာဥ ခေါ် မုန်လာဥနီ အလုံးစားပါ။ စပျစ်သီး၊ စပျစ်သီးဖျော်ရည်၊ စပျစ်ဝိုင်သောက်ပါ။ မာလကာရွက်ပြုတ်ရည်သောက်ပါ။ သခွားမွှေးသီးစားပါ။

**အိမ်တွင်းလေထုညစ်ညမ်းမှု မရှိပါစေနှင့်**

ထိုင်ခုံစွပ်၊ အိပ်ယာဖုံး၊ ကော်ဇော၊ ခန်းဆီးလိုက်ကာ၊ ပန်းချီကားနှင့် သဘာဝနည်းကဲ့သို့ဓာတုပစ္စည်းများဖြင့် ပြုပြင်ဖန်တီးထားသောပစ္စည်းများ၊ အိမ်တွင်းပရိဘောဂများကြောင့် အိမ်ထဲတွင် မှိုပိုးမွှားမျိုးစိတ်ပေါင်း ၁၀၀၀ ကျော်ပြည့်နှက်၍နေပါသည်။ ထို့ပြင် ခွေး၊ ကြောင် စသောအိမ်မွေးတိရစ္ဆာန်များ၏ အမွေးအမှင်များကလည်း အသက်ရှူလမ်းကြောင်းကို ဆိုးရွားစေသည်။ အထူးသဖြင့် လေဝင်လေထွက်ပြတင်းပေါက်မရှိသော တိုက်အိမ်ခန်းများအတွက် အိမ်တွင်းလေကိုသန့်စင်ပေးသည့် လေစုပ်စက်များ တပ်ဆင်ထားသင့်သည်။

**အိမ်ထဲတွင် အပင်စိုက်ပါ**

အိမ်တွင်းလေကောင်းလေသန့် ရရှိစေရန်အတွက် လူတချို့က ပင်စိမ်းပင်၊ ပူဒီနာပင်တို့ကို ပန်းအိုးလှလှလေးများဖြင့်စိုက်ကြသလို တချို့ကလည်း ဂမုန်းပန်းပင်စိုက်ကြသည်။ ၁၉၈၀ ပြည့်နှစ်နောက်ပိုင်းတွင် နာဆာ(NASA)၏ လေ့လာချက်အရ များစွာသော အိမ်တွင်းစိုက်အပင်များနှင့် အိမ်အလှဆင်ရန်သုံးသောအပင်ငယ်များသည် သဘာဝလေကို ရရှိစေရန် ထုတ်လွှင့်ပေးနိုင်သော်လည်း၊ ၎င်းအပင်စိုက်သောအခါ သစ်ရွက်များကို ဖုန်ကင်းစင်စေရန် သတိပြုရမည်ဖြစ်ကြောင်းနှင့် ရေအများကြီးလောင်းခြင်းမျိုးကို ရှောင်ကြဉ်သင့်ကြောင်းအကြံပြုထားပါသည်။

**ရှူဆေးသုံးပါ**

ယူကလစ်ဆီ ခုနစ်စက်ခန့်ကို ရေနွေးထဲအစက်ချပြီး ရေနွေးအေး၍အငွေ့မပြန်တော့သည်အထိ ရှူရှိုက်ပေးခြင်းဖြင့် အဆုတ်ထဲရှိချွဲ၊ သလိပ်၊ အရိအရွဲများ အရည်ပျော်ကျကာ အဆုတ်သန့်စင်လာစေသည်။ ကြက်ဆူဆီကို ရင်ခေါင်းတစ်လျှောက်လိမ်းပြီး အငွေ့ကိုရှူရှိုက်ပေးခြင်းဖြင့် အဆုတ်ထဲရှိ အဆိပ်ဖြစ်စေသော သင်ရည်(သားနံရည်) တို့ကို ဖယ်ရှားသုတ်သင်ပေးနိုင်သည်။ ပင်လယ်ရေဆားငန်နံ့ရှူခြင်းကလည်း အဆုတ်နှင့်အသက်ရှူလမ်းကြောင်းစနစ်တစ်ခုလုံးကို လွန်စွာကောင်းကျိုးပြုပါသည်။

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှုခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့်သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှုမပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဥဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က "မာရဝိဇယ"ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ခိုင်မာစွာထွန်းလင်းတောက်ပလျက်ရှိမှုအား ကမ္ဘာကိုပြသရန်၊ မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာကိုးကွယ်မှု၏ဗဟိုချက်ဖြစ်စေရန်၊ နိုင်ငံတော်ကြီးသာယာဝပြောမှုရှိစေရန်၊ ကမ္ဘာကြီးငြိမ်းချမ်းသာယာမှုဖြစ်စေရန် စသည့်ရည်ရွယ်ချက် ၄ ရပ်ဖြင့်တည်ထားကိုးကွယ်ရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်ပြီးဖြစ်ပါသည်။

## ၁၈-၃-၂၀၂၅ ရက်နေ့အထိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ လာရောက်ကြည်ညိုဖူးမြော်စဉ် အလှူငွေများထည့်ဝင်လှူဒါန်းသည့် အလှူရှင်များစာရင်း

| စဉ် | နဝကမ္မ အမည် | အလှူငွေ (ကျပ်) |
|---|---|---|
| ၉၉၉၀။ | ကွယ်လွန်သူ ဦးသန်းတင်အားရည်စူး၍ ဒေါ်တင်နွယ်ရီ မိသားစုကောင်းမှု | ၁၀၀၀၀၀၀ |
| ၉၉၉၁။ | ဦးသိန်းဇော်နှင့်ဇနီး ဒေါ်သန်းသန်းနွယ်၊ သား၊ သမီး၊ မြေးတစ်စုကောင်းမှု | ၅၀၀၀၀၀ |
| ၉၉၉၂။ | ဒေါ်သန်းသန်းချိုမိသားစုကောင်းမှု | ၅၀၀၀၀၀ |
| ၉၉၉၃။ | ဒေါ်သန်းသန်းအိမိသားစုကောင်းမှု | ၄၀၀၀၀၀ |
| ၉၉၉၄။ | ဗိုလ်ကြီးစိန်ထွန်း(ငြိမ်း)နှင့်ဇနီး ဒေါ်မြချို (သား)မောင်ဇေယျာဝင်းမိသားစုကောင်းမှု | ၃၀၀၀၀၀ |
| ၉၉၉၅။ | ကွယ်လွန်သူရှေ့နေကြီးဦးစိန်ရွှေအားရည်စူးပြီး ဒေါ်စန်းစန်းရီအားအမှူးထား၍ ဗိုလ်မှူးဖြိုးစည်သူဝင်း နှင့်ဇနီး ဒေါ်ခင်မမ၊(သမီး)မရွှေပြည့်အိမ်၊ မရတနာပြည့်အိမ်မိသားစုကောင်းမှု | ၃၀၀၀၀၀ |
| ၉၉၉၆။ | ကွယ်လွန်သူ ဦးရွှေဖံနှင့်ဒေါ်အေးရီတို့အာရည်စူး၍ သမီးကြီးဒေါ်အေးမြင့်ကြည်နှင့် မောင်နှမများကောင်းမှု | ၂၀၀၀၀၀ |
| ၉၉၉၇။ | ဦးကျော်ရွှေနှင့် ဒေါ်သန်းဝင်းမိသားစုကောင်းမှု | ၂၀၀၀၀၀ |
| ၉၉၉၈။ | နှစ်ဖက်သောမိဘများအားအမှူးထား၍ ဦးကျော်ခိုင်ဝင်း နှင့်ဇနီး ဒေါ်ကြည်ခိုင်မိသားစုကောင်းမှု | ၁၅၀၀၀၀ |
| ၉၉၉၉။ | ဒေါ်တင်အုန်းမိသားစုကောင်းမှု | ၁၁၀၀၀၀ |
| ၁၀၀၀၀။ | မိဘများဖြစ်ကြသော ဦးသန်းရှိန်နှင့် ဒေါ်သိန်းငွေးတို့အား အမှူးထား၍ ဗိုလ်မှူးကြီးချစ်ညွန့်ကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၀၀၁။ | ဦးခင်မောင်မြင့်နှင့်ဇနီး ဒေါ်ခင်ရီမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၀၀၂။ | ကွယ်လွန်သူ မိဘနှစ်ပါးနှင့်မောင်နှမများအားရည်စူး၍ ဒေါ်ခင်သန်းမြင့်၊ ဒေါ်ခင်ချိုတင့်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၀၀၃။ | ဦးဇော်လင်းထွန်းနှင့်ဇနီး ဒေါ်ကြည်သာငြိမ်းချမ်း၊ (သမီး)မမှုံနံ့သာခင်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၀၀၄။ | ဦးမြင့်စိုးမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၀၀၅။ | ဦးအေးကျော်နှင့်ဇနီး ဒေါ်ကျော့ကျော့ခိုင်၊ (သား)မောင်ဇေယျာမိုးမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၀၀၆။ | ဦးရဲလှနှင့်ဇနီး ဒေါ်စောအေးမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၀၀၇။ | ကွယ်လွန်သူ ဒုတိယဗိုလ်မှူးကြီးခင်မောင်ညွန့်အား ရည်စူး၍ ဇနီးဒေါ်ရီရီညွန့်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၀၀၈။ | ဒေါ်မေယဉ်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၀၀၉။ | ဦးသီဟအောင်နှင့်ဇနီး ဒေါ်ဖြိုးလဲ့ဇော်၊ (သား)မောင်သွင်ထူးဇွဲခန့်(၂)နှစ်ပြည့်မွေးနေ့ကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၀၁၀။ | ဦးခွန်မြင့်အောင်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၀၁၁။ | ဦးစိန်ထွန်းအောင်နှင့်ဇနီး ဒေါ်သစ်သစ်သိန်း၊ (သမီး)မဟေမာန်ထူးအောင်၊(သား)မောင်ပြည့်ဖြိုးအောင် မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၀၁၂။ | မိဘများအားရည်စူး၍ ဒေါ်သဇင်၊ ဒေါ်စံပယ်၊ ဦးဝင်းလှိုင်၊ ဦးမြတ်ထွန်းစံ၊(မြေး)မသင်းအိအိဝင်းမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၀၁၃။ | ဦးမျိုးမင်းခိုင်နှင့်ဇနီး ဒေါ်သင်းသင်းလှိုင်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၀၁၄။ | ဒေါ်တင်တင်အေးနှင့် ဒေါ်မြင့်မြင့်သိန်းမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၀၁၅။ | ဦးငွေးထူးမွန်ရဲနှင့်ဇနီး မလွင်ဇာသောင်း မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၀၁၆။ | ဦးကျော်ငွေးဦးနှင့်ဇနီး ဒေါ်သိန်းသိန်းဝင်း၊ (သား)မောင်စိုးရန်နိုင်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၀၁၇။ | ကွယ်လွန်သူမိဘများအားရည်စူး၍ ဦးကျော်ဦးနှင့်ဇနီး ဒေါ်ရင်ရွှေတီမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၀၁၈။ | ဦးစောမောင်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၀၁၉။ | ဦးကျော်သူရနှင့်ဇနီး ဒေါ်ဝေဇင်အောင်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၀၂၀။ | ဒေါ်ခင်သန်းဝင်းမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၀၂၁။ | ဦးအောင်မြင့်လွင်နှင့်ဇနီး ဒေါ်ဖြူဖြူအေးမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၀၂၂။ | ဦးပြည်လင်းသိန်းနှင့်ဇနီး ဒေါ်ဆုရည်မွန်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၀၂၃။ | ဦးနေလင်းထွန်းနှင့်ဇနီး ဒေါ်အေးအေးဖြူမိသားစုကောင်းမှု | ၉၅၀၀၀ |
| ၁၀၀၂၄။ | မဖြူစင်သန့်နှင့် မအိအိဖြိုးကောင်းမှု | ၆၈၃၀၀ |
| ၁၀၀၂၅။ | မအေးအေးမြင့် မိသားစုကောင်းမှု | ၆၀၀၀၀ |
| ၁၀၀၂၆။ | အကယ်ဒမီအောင်ခိုင်နှင့်ဇနီး အကယ်ဒမီဝါဝါအောင် အိမ်ထောင်သက်(၁၉)နှစ်ပြည့်ကောင်းမှု | ၅၄၀၀၀ |
| ၁၀၀၂၇။ | ဗိုလ်မှူးကြီးစောရန်အောင်နှင့်ဇနီး ဒေါ်ကေသွယ်သန်း မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၀၂၈။ | ကွယ်လွန်သူ ဗိုလ်ကြီးအောင်ဇော်ထွန်းအားရည်စူး၍ ဇနီးဒေါ်မေသန်းဦးကောင်းမှု | ၅၀၀၀၀ |
| ၁၀၀၂၉။ | ဦးလင်းဇော်ထွန်းနှင့်ဇနီး ဒေါ်ခင်သူဇာလှိုင်၊ (သမီး)မသီရိဆင့်၊ မသီရိတင့်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၀၃၀။ | ဦးသန့်ဇော်မင်းနှင့်ဇနီး ဒေါ်လွင်လွင်မာမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၀၃၁။ | ဒေါ်သန်းကြည်၊ သား၊ သမီး၊ မြေးတစ်စုကောင်းမှု | ၅၀၀၀၀ |
| ၁၀၀၃၂။ | ဦးအောင်ချစ်နှင့်ဇနီး ဒေါ်အေးအေးမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၀၃၃။ | ဦးစန်းအောင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၀၃၄။ | ဦးမောင်ဝင်းနှင့်ဇနီး ဒေါ်မြင့်မြင့်အေးမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၀၃၅။ | ဦးကျော်မြင့်နှင့်ဇနီး ဒေါ်ကေသွယ်မိုးမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၀၃၆။ | ဦးရဲနိုင်သိန်းနှင့်ဇနီး ဒေါ်ဇာဇာထွန်း၊ (သား)မောင်ဥက္ကာမင်းသိန်းမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၀၃၇။ | ဦးကျော်ရှိန်နှင့်ဇနီး ဒေါ်နီနီစိုး၊ သား၊ သမီး၊ မြေးတစ်စုကောင်းမှု | ၅၀၀၀၀ |
| ၁၀၀၃၈။ | ဦးအောင်ထွဋ်နှင့်ဇနီး ဒေါ်ဘေဘီစန်းမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၀၃၉။ | ဒေါ်ငြိမ်းလှိုင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၀၄၀။ | ဦးသောင်းရွှေနှင့်ဇနီး ဒေါ်သိန်းမေ၊(မြေး) မမေခြူးခြူးစံ မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၀၄၁။ | ဒေါက်တာသူလွင်ထွန်းနှင့်ဇနီး မအိအိခင်၊ (သမီး)မမြတ်နိုးသူ၊ မောင်မင်းခန့်သူမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၀၄၂။ | ကွယ်လွန်သူ ဦးမြင့်အားရည်စူး၍ ဒေါ်အမာ မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၀၄၃။ | ကိုဝေယံနှင့်ဇနီး မဇင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၀၄၄။ | ဒေါ်မြရီမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၀၄၅။ | ဒေါ်ဇာဇာမြင့်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၀၄၆။ | ဦးသိန်းဇော်နှင့်ဇနီး ဒေါက်တာယုယုမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၀၄၇။ | ဦးမြတ်ထွန်းနှင့်ဇနီး ဒေါ်ကြူကြူမိသားစုကောင်းမှု | ၅၀၀၀၀ |

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဦးအောင်စည်သူ(မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးဂေါပကအဖွဲ့ရုံး)** ၀၉-၆၆၄၀၀၀၀၄၁၊ ၀၉-၄၄၄၆၆၆၁၁၆

**(ခ) ဒေါ်အေးအေးကြည်** ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၃၁၆

## မှတ်ပုံတင်မော်တော်ယာဉ်များအားလုံး ယာဉ်စစ်ဆေးပြီးမှသာ ယာဉ်မှတ်ပုံတင်လုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာ

၁။ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ထားသည့် မော်တော်ယာဉ်များအနက် Road Safety အရေးကြီးသည့် အများပြည်သူသယ်ယူပို့ဆောင်ရေးခရီးသည်တင်ယာဉ်များ၊ ယာဉ်မှန်မမှန် စစ်ဆေးခြင်း၊ ပြောင်းလဲခြင်းများအတွက် ယာဉ်စစ်ဆေးခြင်း၊ နယ်ဝင်ယာဉ်များကို စစ်ဆေးခြင်းတို့နှင့်အကျုံးဝင်သည့်ယာဉ်များ၊ Taxi အငှားယာဉ်များ၊ School Bus ယာဉ်များနှင့် နှစ်တန်နှင့်အထက် အငှားယာဉ်များကို ယာဉ်စစ်ဆေး၍ သက်တမ်းတိုးဆောင်ရွက်ပေးလျက်ရှိသည်။

၂။ ယခုအခါယာဉ်များကြံ့ခိုင်မှုကောင်းမွန်စေရေးနှင့် အများပြည်သူဆိုင်ရာလမ်းများပေါ်တွင် အန္တရာယ်ကင်းစွာသွားလာနိုင်ရေးအတွက် မှတ်ပုံတင်မော်တော်ယာဉ်များအားလုံးကို ၁-၁-၂၀၂၅ ရက်မှစ၍ ယာဉ်သက်တမ်းတိုးခြင်းအပါအဝင် ယာဉ်မှတ်ပုံတင်လုပ်ငန်းများအတွက် ယာဉ်စစ်ဆေးပြီးမှသာ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**







## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမြို့နယ်၊ သီရိမင်္ဂလာအရှေ့ရပ်ကွက်၊ (၂၃x၂၄)လမ်းကြား၊ (၈၇x၈၈)လမ်းကြား၊ ထိန်ကုန်းရပ်၊ အကွက်အမှတ်(၁၈၉)၊ (၂)ခန်းတွဲ၊ (၆)ထပ်တိုက်၊ မြတ်မိခင်တိုက်ခန်း၊ ကန်ထရိုက်ဘက်ခြမ်း၊ တောင်ဘက်ခန်း (၅)လွှာ၊ အကျယ်အဝန်း (၁၅)ပေ (၄၈)ပေရှိ တိုက်ခန်းသည် ကျွန်တော် ဦးကံဝင်း အပြည့်အဝပိုင်ဆိုင်သော အခန်းဖြစ်ပါသည်။ ကျွန်တော်၏ခွင့်ပြုချက် တစ်စုံတစ်ရာမရှိဘဲ မည်သူတစ်ဦးတစ်ယောက်ကမျှ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ ကျူးကျော်နေထိုင်ခြင်းများမပြုလုပ်ရန် တားမြစ်ပါသည်။ ထိုကဲ့သို့ ကျူးလွန်ပါက တရားဥပဒေအရ အရေးယူမည်ဖြစ်ပြီး ဝယ်ယူသူ၊ အပေါင်ခံသူနှင့်တကွ ကျူးလွန်သူများ၏တာဝန်သာဖြစ်ကြောင်း ကြေညာပါသည်။

ဦးကံဝင်း
၀၉-၅၁၂၅၇၆၅

## အသိပေး ကြေညာခြင်း

မိုးကုတ်မြို့၊ အရှေ့ရွာရပ်နေ ဦးနာရာပသီ၏သား ဦးဂါနာရှမ်း၏ ယခင်နိုင်ငံသားစိစစ်ရေးကတ်မှာ(၉/မကန(နိုင်)၀၅၆၈၇၇)ဖြစ်ပြီး ယခုအသစ်ထုတ်ပေးသော နိုင်ငံသားစိစစ်ရေးကတ်မှာ (၉/မကန(နိုင်)၁၉၈၉၃၃) ဖြစ်ပါကြောင်း။

ဦးဂါနာရှမ်း
(၉/မကန(နိုင်)၁၉၈၉၃၃)

## ပျောက်ဆုံးကြောင်း

မံစီမြို့နယ်၊ ရပ်ကွက်(၂)၊ မံဝိန်းကြီးရပ်နေ (ဘ) ဦးကျားချိန်၏သမီး မအားခွါ(၁/မစန(နိုင်)၀၅၁၃၂၅)၏ နိုင်ငံကူးလက်မှတ်အမှတ်(MD–122168)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၆၇၅၈၆၀၄၃၆

## ပျောက်ဆုံးကြောင်း

မဟာအောင်မြေမြို့နယ်၊ အကွက်(၈၃၉) ချမ်း/မြောက်နေ ဦးကော်ကို (ဘ) ဦးချိုဦး(၉/မဟမ(နိုင်)၀၄၁၈၃၁)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၆၇၆၃၃၀၃၀၆

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ရွာထွန်းရပ်ကွက်နေ ဦးမောင်မောင်ဝင်း + ဒေါ်သိန်းသိန်းနှင်းတို့၏သား မောင်ကျော်ဇင်ခန့်(၉/မဟမ(နိုင်)၀၆၉၁၁၁)သည် မိဘစကားနားမထောင်ဘဲ အကြိမ်ကြိမ်စိတ်ဆင်းရဲအောင်ပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သည့်ကိစ္စအဝဝအား လုံးဝ(လုံးဝ)တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

ဒေါ်သိန်းသိန်းနှင်း
(၉/မဟမ(နိုင်)၀၁၈၀၈၈)

## ပျောက်ဆုံးကြောင်း

မိုးကုတ်မြို့၊ ပိတ်စွယ်ရပ်နေ မနှင်းအိဝေ (ဘ) ဦးမြင့်ဝေ(၉/မကန(နိုင်)၁၃၁၅၈၈)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၆၈၃၉၈၄၈၂၈

## ဝန်ထမ်းအလိုရှိသည်

- အထွေထွေ — အမျိုးသမီး (၂)ဦး
  ဆိုင်နေဆိုင်စား
  လစာ ၂၂၀,၀၀၀ ကျပ်
- ကားပါကင် — အမျိုးသား (၁)ဦး
  နေ့လည် (၁၁)နာရီမှ ည(၈:၃၀)အထိ
  ထမင်း (၂)နပ်ကျွေးမည်။
  လစာ ၂၅၀,၀၀၀ ကျပ်

ဆက်သွယ်ရန် ၀၉-၉၆၉၂၅၂၄၁၄
မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။

"အဂတိပယ်ခွာ ပြည်သာယာ"
Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။
၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။
၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။
၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။
၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

## လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm
Website Address – http://www.accm.gov.mm

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘော တူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သောစိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့်ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ **သစ်ပင်သစ်တောစိုက်ပျိုးခြင်းများဖြင့် သဘာဝဘေးအန္တရာယ်ကို အထိုက်အလျောက် လျှော့ချနိုင်သဖြင့် ဒေသအသီးသီးရှိ ကျေးရွာအုပ်စုများအလိုက် သစ်တောစိုက်ခင်းများစိုက်ပျိုးပြီး နိုင်ငံတစ်ဝန်း၌ သစ်ပင်သစ်တောများ ဖြစ်ထွန်းအောင်မြင်ရေးအတွက် တာဝန်ရှိသူများအနေဖြင့် ပြည်သူများနှင့်ပူးပေါင်း၍ အကောင်အထည်ဖော်ဆောင်ရွက်သွားရန်လို...**

❖ **သစ်တောပြုန်းတီးမှုများ မရှိစေရေးအတွက်လည်း အမျိုးသားရေးစိတ်ဓာတ်ဖြင့် ထိန်းသိမ်းဆောင်ရွက်သွားကြရန်လို...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ် ဧပြီ ၂၂ ရက်တွင် ပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ်(၄/၂၀၂၄)သို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

# မန်းရွှေစက်တော်ဘုရားပွဲတော်ကြီးတွင် နိုင်ငံကျော်အနုပညာရှင်များက အငြိမ့်သဘင်၊တေးဂီတများဖြင့် ဖျော်ဖြေမည်

**မင်းဘူး မတ် ၁၈**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူး (စကု)မြို့နယ်ရှိ မန်းရွှေစက်တော်ဘုရားပွဲတော်ကြီးတွင် နိုင်ငံကျော်အနုပညာရှင်များက အငြိမ့်သဘင်များ၊တေးဂီတဖျော်ဖြေပွဲများဖြင့် မတ် ၁၈ ရက်နှင့် ၁၉ ရက်တို့တွင် နှစ်ညတိုင်တိုင်ဖျော်ဖြေတင်ဆက်ပေးသွားမည်ဖြစ်ကြောင်း မန်းရွှေစက်တော်ဘုရားဂေါပကအဖွဲ့ထံမှ သိရသည်။

ထိုသို့ ဖျော်ဖြေတင်ဆက်ရာတွင် “မင်းထွေး” ဇာတ်ပွဲသဘင်အဖွဲ့က ဦးဆောင်ပြီး မန်းရွှေစက်တော်ရာဘုရားပွဲတော်ကာလ တပေါင်းပွဲတော်ညအဖြစ် အငြိမ့်ဇာတ်မင်းသား၊ မင်းသမီးများဖြစ်ကြသော မင်းထွေး၊ ချောသီဂီချစ်စု (ကျောက်ပန်းတောင်း)၊ မေဘိုဘို၊ တေးသံရှင်များဖြစ်ကြသော ချောကလက်၊ သူရိန်စိုး (လွှမ်းမိုးအလွမ်းပြေ)၊ နိုင်ငံကျော်ဟာသလူရွှင်တော်အနုပညာရှင်များဖြစ်ကြသော စိန်ခဲ၊ကံပွင့်၊အောင်ဟိန်း၊ လန်းလန်းတို့နှင့်အတူ ရွှေခိုင်ဇော်မင်္ဂလာဆိုင်းတို့ဖြင့် တွဲဖက်၍ စာမျက်နှာ ၁၆ ကော်လံ ၁☆





## ဝါးအလယ်ကျွန်းသဘာဝအခြေခံအပန်းဖြေစခန်းသို့ ခရီးသွားများ အပန်းဖြေလည်ပတ်လျက်ရှိ

**ရန်ကုန် မတ် ၁၈**

ကော့သောင်းခရိုင်အတွင်းမှ ဝါးအလယ်ကျွန်း သဘာဝအခြေခံအပန်းဖြေစခန်းသည် ကုန်းနေရေနေ သယံဇာတကြွယ်ဝပြီး သဘာဝအလှများစွာမပျက်စီးဘဲ တည်ရှိမှုကြောင့် ပြည်တွင်းခရီးသွားများသာမက ပြည်ပခရီးသွားများပါ လာရောက်အပန်းဖြေလေ့လာကြသည့် ခရီးစဉ်ဒေသတစ်ခုဖြစ်သည်။

လန်ပိ အဏ္ဏဝါအမျိုးသားဥယျာဉ်အတွင်း ဧရိယာ ၁၀၀ ဒသမ ၁၅ ဧကအကျယ်တွင် ဝါးအလယ်ကျွန်းအပန်းဖြေစခန်းကိုဖွင့်လှစ်ထားရှိပြီး ရက္ခ၊ ဇီဝနှင့် စာမျက်နှာ ၁၆ ကော်လံ ၁ ❖

**ရန်ကုန်တိုင်းဒေသကြီးတွင် မူးယစ်မှောင်ခိုဂိုဏ်းအဖွဲ့ကို ငွေကျပ် ၉၆ ဘီလီယံကျော်တန်ဖိုးရှိ အိုက်စ်(မက်သ်အဖက်တမင်း) သုံးတန်ကျော်၊ ကက်တမင်း ကီလို ၂၀၀ တို့နှင့်အတူ ဖမ်းဆီးရမိ** စာမျက်နှာ- ၂၂

ဗန္ဓုလသယ်ယူပို့ဆောင်ရေးကုမ္ပဏီလီမိတက်

ရွှေမန်းသူ
အဝေးပြေးခရီးသည်ပို့ဆောင်ရေးလုပ်ငန်း

ပါရမီလက်မှတ်အရောင်းဌာန
ရွှေမန်းသူ ၀၉၂၅၄၇၈၁၀၆၀၊ ၀၉၂၆၁၄၀၀၈၄၄
ရွှေမြိုင်သူ ၀၉၂၆၁၄၀၀၈၅၅
ရှမ်းမလေး ရန်ကုန်မြို့တွင်း G & G Store ဆိုင်များ
ငုသမိသူ Online Easy Ticket, Go - Auto Ticket

ရန်ကုန် –
- နေပြည်တော်
- တောင်ကြီး
- မုံရွာ၊ မန္တလေး၊ ပြင်ဦးလွင်
- ကျောက်ပန်းတောင်း – ချောက် – ဆိပ်ဖြူ
- ပုဂံ (ညောင်ဦး) – ပခုက္ကူ
- မကွေး – မင်းဘူး – ရွှေစက်တော်၊ မိတ္ထီလာ – မြင်းခြံ
- မော်လမြိုင် – မုဒုံ – သံဖြူဇရပ် – ကျိုက္ကမီ
- တောင်ငူ – ဆွာ – ရေနီ
- ပုသိမ်



ဘေးကင်း လုံခြုံစိတ်ချ တာဝန်ယူမှုပြည့်ဝသော ခရီးသွားဝန်ဆောင်မှု